
www.burmeseclassic.com



www.burmeseclassic.com

# စိတြအဂ္ဂ

သွေးနီတောင်သစ္စာ


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့် အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - မြင့်မြိုး
အတွင်းဖလင် - ကိုပေါက်
စာအုပ်ချုပ် - ကိုစိုးနိုင်နှင့်အဖွဲ့
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၃၊ ဇက်တင်ဘာလ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၄၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅.၈၃
စိတြအဂ္ဂ
သွေးနီတောင်သစ္စာ / စိတြအဂ္ဂ ။ - ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၃ ။
၂၄၅ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) သွေးနီတောင်သစ္စာ


www.burmeseclassic.com

www.burmeseclassic.com

# ခွေးနှီးတောင်သမ္ဘာ

စိတြအဂ္ဂ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

ကျွန်ုပ်သည် စိတြအင္ဂဟူသော ကလောင်အမည်ဖြင့် လျှို့ဝှက်ဆန်းကြယ် စွန့်စားခန်းဝတ္ထုအမျိုးအစား၊ ဂမ္ဘီရဆန်ဆန် ဝတ္ထုအမျိုးအစား၊ စုံထောက်ဝတ္ထုအမျိုးအစားတို့ကို အလျဉ်းသင့်သလို ရေးသားတင်ပြခဲ့သည်မှာ လုံးချင်းဝတ္ထုအုပ်ရေ (၆၀) ကျော်ခဲ့ပြီ ဖြစ်ပါသည်။

ယခုအခါ စိတြအင္ဂဟူသော ကလောင်အမည်မခံယူစဉ်က အခြားကလောင်အမည်ဖြင့် ရေးသားခဲ့သည့် လုံးချင်းဝတ္ထုတစ်ပုဒ်ကို မှိုင်းငြိမ်းလျက် ဤမည်သော သွေးနီတောင်သစ္စာ လုံးချင်းဝတ္ထုကြီးကို စာဖတ်ပရိသတ်ကြီး ရသမျိုးစုံ ခံစားရစေရန် ရေးဖွဲ့တင်ဆက်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ရေးသားတင်ဆက်ခဲ့သည့် ဝတ္ထုများထဲမှ အချို့သောအကြောင်းအရာများ (အထူးသဖြင့်) ဂမ္ဘီရဆိုင်ရာ၊ ဝေဒဆိုင်ရာများနှင့်ပတ်သက်၍ ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ မေးမြန်းလာသူများကို တာဝန်ကျေပွန်စွာ ပြန်လည်ဖြေကြားပြီး ဖြစ်ပါသည်။

ဆက်လက်၍လည်း အခါအခွင့်သင့်ပါက ဝေဒပညာရပ်တို့ကို အခြေခံသည့် လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရဝတ္ထုများ ရေးဖွဲ့တင်ပြပါဦးမည်။

စိတြအဇ္ဇ

# အခန်း (၁)

## မဟုတ်မခံ

## အာဃာတနလုံးသား

## နယ်မြေစိမ်းသို့

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)



## မဟုတ်မခံ

နေခြည်လင်းလက်စပြုသော နံနက်ခင်းတစ်ခု။

ချင်းတွင်းမြစ်၏လက်ယာဘက်ကမ်းရှိ ဟုမ္မလင်းမြို့လေးသည် ထွန်းသစ်စနေခြည်နွေးနွေးအောက်တွင် လန်းဆတ်စွာ သက်ဝင်လှုပ်ရှားလျက် ရှိနေသည်။

ဟုမ္မလင်းမြို့သည် ချင်းတွင်းမြစ်ဖျား လှေ၊ သင်္ဘောများ နောက်ဆုံး ဆိုက်ကပ်နိုင်သည့်မြို့ ဖြစ်သည်နှင့်အညီ ဆိပ်ကမ်းတွင် စီ-ဝိ-ဘီ သင်္ဘောကြီးများ၊ စက်လှေမော်တော်များ၊ ပဲ့ထောင်များဖြင့် ပြည့်သိပ်လျက်ရှိတော့၏။

ယင်းဆိပ်ကမ်းရှိ လှေသင်္ဘောများပေါ်မှ ကုန်ချနေသူ



www.burmeseclassic.com

www.burmeseclassic.com



များ၊ ကုန်တင်နေသူများ၊ ဆင်းသူတက်သူ ခရီးသည်များနှင့် ဟုမ္မလင်းဆိပ်ကမ်းသည် ရှုပ်ယှက်ခတ် စည်ကားလျက် ရှိလေသည်။

ထိုရှုပ်ယှက်ခတ်နေသည့်လူတို့ကြားတွင် နီးခမောက်လေးဆောင်းထားသော အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်နှာသွယ်သွယ်နှင့် မိန်းမချောလေးတစ်ဦးလည်း ရောနှောပါဝင်လျက်ရှိ၏။ သူမသည် ဖခင်ဖြစ်သူ သင်္ဘောဆလင်ကြီး ဦးလွယ်မောင်ကိုတွေ့ရန် ဆိပ်ကမ်းသို့ ဆင်းလာခြင်းဖြစ်၏။

"အဖေ"

"ဟော သမီး ... လာ လာ"

"အဖေတို့သင်္ဘော ဒီမနက်စောစောပဲ ကမ်းကပ်တယ်လို့ သတင်းရတာနဲ့ သမီးပြေးလာတာ၊ အိမ်ကိုလိုက်မယ် မဟုတ်လား အဖေ"

"သမီး ... အဖေ နောက်တစ်ခေါက်အဆန်မှာမှ အိမ်ကို လာတော့မယ်၊ သင်္ဘောက ဒီမနက်ပဲ ပြန်စုန်ရမှာကွဲ့၊ သမီးရဲ့ဒေါ်လေး နေကောင်းရဲ့မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ ... ကောင်းပါတယ် အဖေ"

"ကဲ သမီး ... ရော့ ဒါ မုံရွာကဝယ်လာတာ၊ ဒီအိတ်ထဲမှာ ပိုက်ဆံလည်းပါတယ်၊ ဒီတစ်ခါ အစုန်ခရီးက သိပ်မကြာ





ပါဘူး သမီးရဲ့၊ မုံရွာအထိ မဆင်းဘူး၊ ကလေးဝအထိပဲ"

ဆလင်ကြီးဦးလွယ်မောင်သည် မိတဆိုးသမီးလေး ဂျာဘောက်နှင့် ဆလင်အခန်းထဲမှာပင် အေးအေးဆေးဆေး စကားပြောနေရာ သင်္ဘောထွက်ချိန်နီးမှပင် ဂျာဘောက်သည် ဖခင်ကြီးကို နှုတ်ဆက်ပြီးသင်္ဘောပေါ်မှ ဆင်းသွားလေသည်။

သင်္ဘောကြီး ဥသြဆွဲကာ ချင်းတွင်းမြစ်ကြောင်းအတိုင်း စုန်ဆင်းသွားမှ ဂျာဘောက်မှာ ဖခင်ကြီးကို လက်ပြရင်း ကျန်ရစ်ခဲ့ရှာလေ၏။

ဂျာဘောက်၏ဖခင်ကြီး ဦးလွယ်မောင်မှာ ရိုးသားသည့်ဆလင်ကြီးတစ်ဦးဖြစ်ပြီး ဇနီးဖြစ်သူ ဒေါ်နန်းဂျာ မီးယပ်ရောဂါဖြင့် သေဆုံးကွယ်လွန်ပြီးနောက် သင်္ဘောဆလင်အလုပ်မှ ထွက်ကာ သမီးလေးနှင့်အတူ ဟုမ္မလင်းမှာပဲ အခြေတကျနေထိုင်ရန် စိတ်ကူးခဲ့သေးသော်လည်း သင်္ဘောဆလင်အလုပ်မှာ လစာကောင်းပြီး နှစ်ရှည်လများ လုပ်ကိုင်ခဲ့သည့် မိမိကျွမ်းကျင်သော အလုပ်ဖြစ်ရာ မထွက်ရက်သေးဘဲ လုပ်သက်ရှည်နေမိခြင်း ဖြစ်၏။

ဂျာဘောက်တစ်ယောက် အပျိုပေါက်မှ အပျိုကြီးဖားဖားဖြစ်လာသည်အထိ ဦးလွယ်မောင်၏ညီမ ဒေါ်လုသာက တူမလေးကို ထိန်းသိမ်းစောင့်ရှောက်ရင်း မြို့မြောက်ဘက်ရပ်ကွက်ရှိ နှစ်

www.burmeseclassic.com



ထပ်ပျဉ်ထောင်အိမ်တွင် တစ္ဆဝရီးနှစ်ယောက်တည်း နေလာခဲ့ကြသည်မှာ ဂျာဘောက်၏မိခင်ဆုံးပြီးကတည်းကမို့ သုံးနှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။

ဖခင်တို့၏သင်္ဘောကြီး မြစ်ကြောင်းအတိုင်း စုန်ဆင်းသွားပြီမို့ ဂျာဘောက်လည်း ဖခင်ကြီးပေးလိုက်သည့် စားစရာ၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် ငွေထည့်ထားသော လက်ဆွဲအိတ်ငယ်လေးကို လက်တစ်ဖက်ဖြင့်ဆွဲကာ ပေငါးဆယ်ခန့်မြင့်သည့် ကမ်းပါးယံကို မြေသားလှေကားထစ်များအတိုင်း တက်လာခဲ့လေသည်။

သူမသည် ကမ်းပါးပေါ်ရောက်သည့်တွင် လူရှင်းရာဘက် လျှောက်လာခဲ့ပြီး ကမ်းနားလမ်းတစ်လျှောက် ပေါက်ရောက်နေသည့် ကုက္ကိုပင်တန်းကြီး၏အစွန်ရှိ ကုက္ကိုပင်ရိပ်အောက်အရောက်တွင် မြစ်ဆုံတစ်ခုပေါ်ထိုင်ချကာ နားလိုက်လေသည်။

တကယ်တော့ သူမမှာလိုက်သော ဗိုလ်မတံဆိပ် မျက်နှာချေနှင့် ပန်းနုရောင်လက်သည်းဆိုးဆေး ပါ,မပါကို သိလိုစိတ်ပြင်းပြနေသဖြင့် အိမ်ပြန်ရောက်သည်အထိ မစောင့်နိုင်ဘဲ ဤကုက္ကိုပင်ရိပ်မှာ ထိုင်လိုက်ခြင်းဖြစ်ကာ အိတ်ထဲမှပစ္စည်းများကို ထုတ်ကြည့်နေလိုက်၏။





"ဟယ် ... ဗိုလ်မတံဆိပ် မျက်နှာချေဘူး ပါလာတယ်တော့၊ ဟင်း ဟင်း ... အဖေက လိမ္မာသားပဲ၊ အို ... လက်သည်းဆိုးဆေးလေးလည်း ပါလာတယ်၊ ဝမ်းသာလိုက်တာ"

ဂျာဘောက်သည် ဝမ်းသာလုံးဆို့ကာ အိတ်ထဲမှပစ္စည်းတို့ဆီ အာရုံရောက်နေသဖြင့် သူမ၏နောက်နားသို့ ကောင်လေးသုံးကောင် ရောက်ရှိလာသည်ကို သတိမမူမိချေ။

ထိုသူငယ်လေးသုံးဦးမှာ အင်္ဂလန်နိုင်ငံထုတ် ရာလေးစက်ဘီးကိုယ်စီဖြင့် ကမ်းနားလမ်းဘက်ပတ်လာရာမှ ဂျာဘောက်ကို လှမ်းတွေ့လိုက်သဖြင့် ကုက္ကိုပင်တန်းဆီ ရောက်ရှိလာကြခြင်းဖြစ်၏။

ယင်းသူငယ်သုံးဦးသည်ကား ဟုမ္မလင်းမြို့ရှိ လူငယ်တို့အကြားတွင် နာမည်ဆိုးဖြင့် ကျော်ကြားထင်ရှားနေသူများပဲဖြစ်ပါသည်။

ထိုသူငယ်သုံးဦးစလုံးသည် ကြောင်ကြောင်ကြားကြားစပို့ရှပ်အင်္ကျီများကို ကော်လာထောင်ကာ ဝတ်ဆင်ထားကြပြီး ဘောင်းဘီဖင်ကျပ်တို့ကို လယ်သာဖိနပ်တို့နှင့် တွဲဖက်ဝတ်ထားလျက် ခေါင်းမှဆံပင်ကိုလည်း ကော့စမတ်တစ်ဖြင့် ပြောင်နေအောင်လူးကာ အမောက်ကို ကြော့နေအောင် ထောင်ထားကြ၏။

www.burmeseclassic.com



သူတို့၏လက်ကြားတွင် ဂိုးဖလိတ်စီးကရက်ကို ကိုယ်စီ ဟန်ပါပါညှပ်ထားကြကာ ဂျာဘောက်၏အနီးအရောက်၌ ရှေ့ဆုံးမှ ဆံပင်နီကြင်ကြင်နှင့် အသားဖြူဖြူ ခပ်ထွားထွားသူငယ်က စီးကရက်ကို နှုတ်ခမ်းထောင့်စွန်းဝယ် ခဲလိုက်လေသည်။

သူသည်ကား ဤဟူမွလင်းမြို့၌ ရုံးစိုက်သော နယ်ပိုင်ဝန်ထောက်မင်း၏ တစ်ဦးတည်းသား ဂျက်ဖရီတင်အုန်းပင် ဖြစ်ပါ၏။

ဂျက်ဖရီတင်အုန်း၏ဖခင် နယ်ပိုင်ဝန်ထောက်မင်း မစ္စတာစပါးရှား (ခေါ်) ဦးတင်အုန်းမှာ အင်္ဂလိပ်ကပြားတစ်ဦးဖြစ်ကာ ဟူမွလင်း၊ မောင်းခမ်း၊ ထမံသီ၊ တုန်ဟဲတစ်ဝိုက်တွင် ဩဇာကြီးမားလှသော ဘိုကပြားအရာရှိကြီးဖြစ်လေရာ ဂျက်ဖရီတင်အုန်းမှာ ဖခင်၏အရှိန်အဝါဖြင့် လူတွင်ကျယ်လုပ်နေလေသည်။

နယ်ပိုင်ဝန်ထောက်မင်း၏သား ဖြစ်သောကြောင့် ဂျက်ဖရီတင်အုန်းအား ရွယ်တူတန်းတူ လူငယ်များသာမက သူ့ထက်အသက်အရွယ်ကြီးသူ၊ လူရွယ်လူကြီးပိုင်းများကပါ ရိုန်ကာမည်သည့်နေရာမှာမဆို သူနှင့် ဝေးဝေးရှောင်လေ့ ရှိကြလေသည်။

ဂျက်ဖရီတင်အုန်းမှာ သူ့ဖခင်၏တပည့် ဘိုကပြား





ပုလိပ်အရာရှိတစ်ဦးထံမှ အင်္ဂလိပ်ဘောက်ဆင်အတတ်ကို သင်ထားဖူးသည့်အပြင် လူကောင်ကလည်း အသက်နှင့်မမျှအောင် ထွားကျိုင်းကြံ့ခိုင်သူဖြစ်ရာ တော်ရုံလူငယ်တို့မှာ သူနှင့်မယှဉ်သာချေ။

သူနှင့် ထိပ်တိုက်တိုးကာ ပြဿနာဖြစ်ဖူးသည့် လူငယ်တိုင်းမှာ ဂျက်ဖရီတင်အုန်း ရက်ရက်စက်စက် ထိုးကြိတ်ခြင်းခံရကာ သွားကျွတ်သူကျွတ်၊ မေးကွဲသူကွဲ၊ သတိလစ်သူလစ်ခဲ့ကြရလေ၏။

ဂျက်ဖရီတင်အုန်းက အနိုင်ကျင့်လွန်းသဖြင့် မခံနိုင်ဖြစ်ကာ ပြန်ချမိသည့် လူငယ်တို့မှာ အထိနာကြရသည့်တိုင် ဂါတ်သို့ ခေါ်သူမျှ သွားမတိုင်ဝံ့ကြချေ။

သူ့သားနှင့် ပြဿနာဖြစ်သဖြင့် တိုင်တန်းလာသူတို့ကို နယ်ပိုင်ဝန်ထောက်မင်းက အငြိုးထားကာ အခြားအမှုတစ်ခုခုဖြင့် ကြံဖန်တရားစွဲပြီး ထောင်အချုပ်ကျစေရန် လုပ်တတ်သောကြောင့် မည်သူမျှ ဂျက်ဖရီတင်အုန်းနှင့် ပြဿနာမဖြစ်ဝံ့ကြတော့ချေ။

ထို့ကြောင့် ဂျက်ဖရီတင်အုန်းမှာ ဗိုလ်ကျချင်တိုင်းကျလျက် ရှိပါတော့၏။

အနီးဂျက်ဖရီတင်အုန်းမှာ သူနှင့် အမ်ဘီအေကျောင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



မက်ထရစ်တန်းအတူတက်ဖက်ဖြစ်သော မိန်းမချောလေး ဂျာဘောက်ကို လှမ်းတွေ့မြင်လိုက်သဖြင့် စက်ဘီးပေါ်မှဆင်းကာ ဂျာဘောက်၏အနီးသို့ ချဉ်းကပ်လာခြင်းဖြစ်ပေသည်။

ဂျက်ဖရီတင်အုန်း၏ အပေါင်းအသင်းများဖြစ်ကြသည့် ယစ်မျိုးဝန်ထောက်၏သား ဂျော်နီဌေးအောင်နှင့် သစ်တောဝန်ထောက်၏သား တိုနီဇော်မိုးတို့လည်း ဂျာဘောက်ကို ဝိုင်းရံကာ ခါးနှောက်ရပ်လိုက်ကြလေသည်။

ဂျာဘောက်မှာ အိတ်ထဲမှ ပစ္စည်းပစ္စယလေးများနှင့် ငွေစက္ကူအထပ်ကိုနှိုက်ကာ နံဘေးရှိ သစ်မြစ်ပေါ်တင်ထားပြီး ရှာက်သည်းဆိုးဆေးပုလင်းကို သဘောကျပီတိဖြစ်စွာ ငုံ့ကြည့်နေစဉ် မျက်လုံးထောင့်စွန်း၌ ရိပ်ခနဲတွေ့လိုက်ရသောကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ ဂျက်ဖရီတင်အုန်းက သစ်မြစ်ပေါ်မှ ငွေစက္ကူအထပ်ကို ခပ်ပြုံးပြုံးအမူအရာဖြင့် လှမ်းယူလိုက်သည်ကို အံ့အားတသင့် တွေ့လိုက်ရတော့၏။

"ဟင် ... နင် ဒါ ဘာလုပ်တာလဲ ဂျက်ဖရီ"

"ဟင်း ဟင်း ... ငါတို့ ဂန်ဂျာချမလို့ ငွေလိုနေတာနဲ့ အတော်ပဲ၊ နင့်ဆီက အလှူခံတာလေ ... ဟဲ ဟဲ"

"ဂျက်ဖရီ ... အဲဒီလိုမလုပ်ပါနဲ့ဟာ၊ ဒါ ဒါ ငါ့အဖေရဲ့ ချွေးနဲ့စာနဲ့ ရှာထားတဲ့ပိုက်ဆံပါ၊ အဖေ သင်္ဘောပြန်မတက်လာ





မချင်း ငါတို့တူဝရီး စားရ၊ သုံးရမှာဟ"

"နင်ကလည်းဟာ ... ငွေလေးတစ်ရာကျော်များ အဖြစ်သည်းမနေစမ်းပါနဲ့၊ ငါတို့ ဂန်ဂျာဖိုးလိုလို့ပါဟ၊ နောက်တော့ ပြန်ပေးမှာပေါ့"

ဂျက်ဖရီတင်အုန်းက ပြုံးဖြီးဖြီးဖြင့်ပြောရင်း ငွေစက္ကူတို့ကို ဘောင်းဘီဘေးအိတ်ထဲထိုးထည့်ကာ လှည့်ထွက်လိုက်ရာ ဂျာဘောက်မှာ ဂျက်ဖရီတင်အုန်း တကယ်ယူပြီကို သိသွားသဖြင့် ထိုင်ရာမှ ကပျာကသီထပြီး ဂျက်ဖရီတင်အုန်း၏လက်ကို အတင်းဆွဲကာ တောင်းတောင်းပန်ပန်ဖြင့် ပြန်တောင်းရှာလေ၏။

"ဂျက်ဖရီ မလုပ်ပါနဲ့ဟာ၊ ငါတောင်းပန်ပါတယ်၊ ပြန်ပေးပါဟာ"

"ဟဲ ဟဲ ... နင်က ငါ့ကို ပြန်ချစ်တယ်ဆို ပေးမယ်လေ၊ နင့်ကို ငါချစ်တယ်လို့ ပြောထားပြီးပြီပဲ"

ဤတွင် ဂျော်နီဌေးအောင်နှင့် တိုနီဇော်မိုးတို့ကပါ ဝိုင်းပင့်ပေးကြတော့၏။

"ဟုတ်တယ် ဂျာဘောက်၊ နင့်ကို ဂျက်ဖရီက ကျောင်းမှာ ရည်းစားစကားပြောထားတာပဲ၊ ပြန်ချစ်တယ်လို့ ပြောလိုက်ပေါ့ဟ"

"ဟုတ်တယ် ... နင်တို့နှစ်ယောက် ရည်းစားဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရင် ဂျက်ဖရီက ငါတို့ကို ပါတီပွဲတစ်ခုလုပ်ပေးမယ်လို့ ပြောထားတယ်ဟ၊ အဲဒီပါတီပွဲမှာ ရှန့်ပိန်အရက် တစ်ဝကြီးသောက်ရမှာတဲ့ ... နော် ဂျက်ဖရီ"

"ဟဲ ဟဲ ဟဲ ... ဒါပေါ့ကွာ၊ ဒီလို အချောအလှလေးကို ရည်းစားအဖြစ် သိမ်းပိုက်ခွင့်ရရင် မင်းတို့နဲ့အတူ အောင်ပွဲလုလုကြီးခံမှာကွ ... ဟဲ ဟဲ ဟဲ"

အပျိုစင်မလေးဂျာဘောက်မှာ ပါးမို့မို့တို့ထက်ဝယ် ရှက်သွေးလေးများ ဖြန်းသွားကာ အသားများ ဆတ်ဆတ်တုန်အောင်ပင် ဒေါသထွက်သွားတော့၏။

"ဟင် ... ခွေး ခွေးတွေ၊ နင်တို့ ဘာစကားပြောတာလဲ၊ ငါ့ပိုက်ဆံလည်း လာလုသေးတယ်၊ ငါ့ကိုလည်း စော်စော်ကားကား ပြောသေးတယ်၊ တွေ့မယ် ဂျက်ဖရီ ... နင့်အဖေနဲ့ကို သွားတိုင်မယ်"

ဂျာဘောက်မှာ မခံမရပ်နိုင်ဖြစ်သွားသည့်အဆုံး ဂျက်ဖရီတင်အုန်း၏ဖခင် နယ်ပိုင်ဝန်ထောက်မင်းကြီးအား သွားတိုင်ရန် နေရာမှလှမ်းထွက်လိုက်စဉ် ဂျက်ဖရီတင်အုန်းက သူမ၏လက်မောင်းတစ်ဖက်ကို ဖမ်းဆွဲလိုက်၏။

"နေပါဦး အချစ်လေးရဲ့ ... အချစ်လေးက ငါ့ရဲ့ဒယ်ဒီကို သွားတိုင်လိုက်ရင် ဒယ်ဒီက ငါ့ကို နင်နဲ့ချက်ချင်းပေးစား





လိုက်လိမ့်မယ်ဟ၊ ငါက နင်နဲ့ရည်းစားဖြစ်ပြီး အပျော်ပဲတွဲချင်တာဟ၊ မိန်းမ မယူချင်သေးဘူး၊ သဘောပေါက်တယ်မဟုတ်လား ... ဟဲ ဟဲ ဟဲ"

"ဟင် ... နင် စော်ကားလှချေလား၊ ဖယ် ... လွှတ်"

"မလွှတ်ဘူး၊ ဝမ်းကစ်ပေးပြီးမှ လွှတ်မယ်"

ဂျက်ဖရီတင်အုန်းက ပြောပြောဆိုဆိုဖြင့် ဂျာဘောက်၏ခါးလေးကိုဖက်ကာ ဂျာဘောက်ကိုနမ်းရန် ကြိုးစားလိုက်ရာ ဂျာဘောက်က အတင်းအော်ဟစ်ရုန်းကန်နေသလောက် ဂျော်နီဒွေးအောင်နှင့် တိုနီဇော်မိုးတို့က တဟားဟား အော်ရယ်လျက်ရှိတော့၏။

"လွှတ် လွှတ် ... မယုတ်မာနဲ့၊ ဟောဒီမှာ ကယ်ကြပါဦး"

"ဟား ဟား ဟား ... သမီးရည်းစားအချင်းချင်း စိတ်ကောက်နေကြတာဗျို့ ... ဟား ဟား ဟား"

ယင်းကုက္ကိုပင်ရိပ်သည် လူစည်ကားရာဆိပ်ကမ်းနှင့်အတန်ဝေးပြီး လူသွားလူလာနည်းသည့်နေရာဖြစ်သည့်အပြင် အနည်းအကျဉ်းသော သွားလာနေသူတို့မှာ လူငယ်တို့ သမီးရည်းစားအချင်းချင်း စိတ်ကောက်စိတ်ဆိုးနေကြလေသလားဟု ထင်ယောင်ထင်မှားဖြစ်ကာ အဝေးမှ လှမ်းကြည့်ရုံကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လမ်းကိုယ် ဆက်သွားလျက် ရှိကြလေ၏။

လူငယ်အချို့ကမူ မိန်းကလေးတစ်ဦးကို တကယ် အနိုင်ကျင့်နေမှန်း ရိပ်မိသော်လည်း ရွာကျော်ရပ်ကျော် ဂျက်ဖရီတင်အုန်းတို့အုပ်စုနှင့် ပြဿနာမဖြစ်ဝံ့သဖြင့် မချင့်မရဲ လှမ်းကြည့်ရုံသာ ကြည့်နေကြရတော့သည်။

ထိုစဉ် ကမ်းနားလမ်းဘက်သို့ ရာလေးစက်ဘီးလေးစီးလျက် လေညှင်းခံထွက်လာသည့် လူငယ်လေးတစ်ဦးသည် ရုတ်ရုတ်သဲသဲ ဖြစ်နေသည့် လူငယ်သုံးလေးဦး၏အဖြစ်ကို လှမ်းတွေ့လိုက်ရသည်နှင့် မသင်္ကာဖြစ်သွားပြီး ထိုအုပ်စုရှိရာသို့ စက်ဘီးကို နှင်းလာလေသည်။

အနီးသို့ရောက်လေလျှင် ထိုလူငယ်သည် စက်ဘီးကို ဘရိတ်အုပ်လိုက်ပြီး ခြေဖျားထောက်ရပ်ကာ ရုတ်ရုတ်သဲသဲဖြစ်နေသည့် လူငယ်အုပ်စုဆီ လှမ်းကြည့်လိုက်ရာ ...

''ဟင် ... ဂျာဘောက်ပါလား''

ဂျာဘောက်ကလည်း သူ့ကို လှမ်းမြင်သွားရာ အားကိုးတကြီးဖြင့် လှမ်းအော်ဟစ်ကာ အကူအညီတောင်းတော့သည်။

''လူရဲ လူရဲ ... လုပ်ပါဦး၊ ဒီမှာ ဂျက်ဖရီ ငါ့ကို အနိုင်ကျင့်နေလို့''

လူရဲမှာ ချက်ချင်းသဘောပေါက်သွားပြီး ဒေါသလည်း





ထောင်းခနဲ ထွက်သွားသဖြင့် စက်ဘီးပေါ်မှ ချက်ချင်းဆင်းလိုက်တော့၏။

သူက စက်ဘီးကို ဒေါက်ပင်ထောက်မနေတော့ဘဲ သည်အတိုင်း ပစ်ချလိုက်ပြီး ဂျက်ဖရီ၏အနီးသို့ ခြေလှမ်းကျဲကြီးများဖြင့် လျင်မြန်စွာ လှမ်းသွားလိုက်ကာ ...

''ဟေ့ကောင် ... ဒါ ဘာလုပ်တာလဲ၊ ဖယ်စမ်း''

ဟု ခပ်ငေါက်ငေါက်ပြောကာ ဂျက်ဖရီတင်အုန်း၏ လက်မောင်းကို သူ့ဘက်သို့ ဆောင့်ဆွဲလှည့်လိုက်လေသည်။

''အောင်မာ ... မင်းကလား''

ဂျက်ဖရီတင်အုန်းမှာ ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားသဖြင့် ဆောင့်ရုန်းလိုက်ကာ ...

လူရဲ၏မျက်နှာကို လက်သီးဖြင့်ထိုးချလိုက်တော့၏။

သို့သော် လူရဲက ခေါင်းကိုနောက်သို့ယို့ကာ ရှောင်လိုက်ရာ ဂျက်ဖရီ၏လက်သီးမှာ ဝီခနဲမြည်လျက် လူရဲ၏မျက်နှာနားမှ သီသီလေး ကပ်ဖြတ်သွားတော့သည်။

ထို့နောက် ဂျက်ဖရီသည် ဂျာဘောက်ကိုချုပ်ကိုင်ထားသည့် လက်တစ်ဖက်အား လွှတ်ကာ လူရဲကို ကျားရဲတစ်ကောင်နှယ် ဒေါသတကြီး ရင်ဆိုင်လိုက်၏။

''ဟေ့ကောင် ... မင်း ဘာလူပါးဝတာလဲ၊ ဘာ



www.burmeseclassic.com

ဝင်ရှုပ်တာလဲ၊ မြို့ပိုင်သားအစုတ်ပလုတ်ကောင်က''

လူရဲက ဂျက်ဖရီကို ဂရုမစိုက်ဘဲ ဂျာဘောက်ကိုသာ မေးခွန်းထုတ်လိုက်၏။

''ဂျာဘောက် ... ဘာဖြစ်တာလဲ၊ နင်က ဒီနေရာကို ဒီကောင်တွေနဲ့ ဘာလုပ်ဖို့ ရောက်နေတာလဲ''

''ငါ ... ငါ့အဖေရဲ့သဘော်ာ့ကပ်လို့ ကမ်းနားဆင်း လာပြီး အဖေ့ဆီက ပိုက်ဆံနဲ့ဒီပစ္စည်းတွေ ယူလာတာဟ၊ ဒါကို ဒီကောင်က ငါ့ရဲ့ပိုက်ဆံတွေ လုယူလိုက်ပြီး ငါ့ကိုပါ စော်ကား မလို့လေ''

''ဟုတ်လား၊ ဟေ့ကောင် ဂျက်ဖရီ ... ဘယ်မှာလဲ ဂျာဘောက်ရဲ့ပိုက်ဆံတွေ၊ ပြန်ပေးလိုက်''

''အောင်မာ ... မင်းက ငါ့လို နယ်ပိုင်ရဲ့သားကိုများ အမိန့်လာပေးနေသေးတယ်၊ မင်းအဖေဟာ ငါ့အဖေရဲ့လက် အောက်ကကွ ... နားလည်လား၊ မင်းအဖေရဲ့အနှိုင်နဲ့ လူပါးလာ မဝနဲ့၊ မင်းရဲ့သွားတွေ ကျွတ်ကုန်တဲ့အပြင် မင်းအဖေပါ အလုပ် ပြုတ်သွားမယ် ... သိလား''

''ဟေ့ကောင် .. အဲဒါတွေ ငါဂရုမစိုက်ဘူး၊ ဂျာဘောက် ဟာ ငါ့ရဲ့သူငယ်ချင်းပဲ၊ မင်း အနိုင်ကျင့်လို့မရဘူး၊ သူ့ရဲ့ပိုက်ဆံ တွေ ပြန်ပေးလိုက်''





''မပေးဘူးကွ ... မပေးတော့ မင်းက ဘာလုပ်ချင်လဲ၊ ဟောဒီမှာတွေ့လား ... သူ့ရဲ့ပိုက်ဆံတွေ၊ မပေးဘူးကွာ ဘာ လုပ်မလဲ''

ဂျက်ဖရီတင်အုန်းက သူ၏ဘောင်းဘီဘေးအိတ်ထဲမှ ငွေစက္ကူတို့ကို ထုတ်ပြလိုက်ပြီးမှ ဘောင်းဘီနောက်အိတ်ထဲ ပြန်ထိုးထည့်လိုက်တော့၏။

''ဟေ့ကောင် ... ပေးလိုက်လို့ပြောတယ် မဟုတ်လား''

''မပေးဘူးကွာ ... မင်း ဘာလုပ်မလဲ''

''တောက်''

မဟုတ်မခံစိတ်ဓာတ်ရှိသော လူငယ်ပီပီ လူရဲသည် မျက်နှာ ရဲခနဲနေအောင် ဒေါသဖြစ်သွားပြီး မထီမဲ့မြင်လုပ်နေ သည့် ဂျက်ဖရီတင်အုန်း၏မတရားမှုကို သည်းမခံနိုင်တော့ဘဲ ..

''ကဲကွာ ... မပေးနဲ့ဦး''

'ခွပ်'

ဂျက်ဖရီတင်အုန်းက သူ့ကို စတင်မထိုးရဲဟု တွက်ထား သဖြင့် သတိမထားမိစဉ် လူရဲက ဝိုက်လက်သီးဖြင့် ရုတ်တရက် ထိုးချလိုက်ရာ မေးဖျားကိုထိသွားပြီး မြေပြင်ပေါ်သို့ ဖင်ထိုင်ကျ သွားတော့၏။

''ဟင် ... ခွေးကောင်က လူပါးဝလို့ ... တောက်''

www.burmeseclassic.com



ဂျက်ဖရီတင်အုန်းသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားပြီး လဲကျနေရာမှ လူးလဲထကာ သူ့လူတွေကိုပါ စစ်ကူ ခေါ်လိုက်လေသည်။

"ဟေ့ကောင်တွေ ဘာကြည့်နေကြတာလဲ . . . ဒီကောင့် ကို ဝိုင်းဆော်မယ်"

ပြောပြောဆိုဆိုဖြင့် ဂျက်ဖရီတင်အုန်းက လူရဲကို ဒေါသ တကြီးဖြင့် ပြေးထိုးတော့၏။

ဝိုက်လက်သီးကြီးများဖြင့် ကျွဲရိုင်းခတ်သလို တစ်ရှူးထိုး ပြေးဝင်ထိုးလာသည့် ဂျက်ဖရီ၏လက်သီးချက်များကို လူရဲက နောက်သို့ ခြေလှမ်းဆုတ်ကာ ဆုတ်ကာ ရှောင်လိုက်ပြီးမှ ဘယ် ထောက်လက်သီးဖြင့် ဂျက်ဖရီ၏မျက်ခွက်ကို လှမ်းထောက်ကာ ဟန့်တားလိုက်၏။

ပြီးလျှင် ညာပင့်လက်သီးဖြင့် ပင့်ထိုးလိုက်ရာ . . .

'ဒေါက်'

လူရဲ၏ပင့်လက်သီးက ဂျက်ဖရီတင်အုန်း၏မေးစေ့ကို ထိထိမိမိကြီးထိသွားပြီး မေးဟက်ခနဲကွဲကာ လူသည်လည်း အရုပ် ကြိုးပြတ်ပုံလဲလျက် သတိလစ်သွားပါတော့၏။

"ဟာ"

"ဟင်"





ဂျက်ဖရီတင်အုန်း၏ဘက်တော်သားနှစ်ဦးဖြစ်ကြသော ဂျော်နီဌေးအောင်နှင့် တိုနီဇော်မိုးတို့မှာ သူတို့ခေါင်းဆောင် ဂျက် ဖရီ အချိန်တိုတိုအတွင်း ပက်ပက်စက်စက်ကြီး ခံလိုက်ရသည်ကို မယုံနိုင်အောင်ဖြစ်သွားကြသလို လူရဲကိုလည်း ဖြုံသွားကြတော့ ၏။

တကယ်တော့ လူရဲသည်လည်း သူတို့ကဲ့သို့ပင် အစိုးရ အရာရှိ၏သားဖြစ်ကာ လူရဲ၏ဖခင် မြို့ပိုင်ဦးလူအေးသည် ဤ ဟုမ္မလင်းမြို့သို့ တာဝန်ဖြင့် ရွှေ့ပြောင်းလာသည်မှာ နှစ်နှစ်ခန့် သာရှိသေး၏။

လူရဲက အစိုးရအရာရှိ၏သားဖြစ်သော်လည်း အခြား အရာရှိသားသမီးတို့ကဲ့သို့ ဆောင့်ကြွားကြွားမဟုတ်၊ အေးဆေးစွာ နေတတ်သူဖြစ်၏။

ဆိုးသွမ်းလူငယ်တွေအဖြစ် ထင်တိုင်းကြဲနေကြသည့် သူတို့လိုအရာရှိသားသမီးတို့နှင့် အပေါင်းအသင်းမလုပ်ဘဲ ဝန် ထမ်းသားသမီးများ၊ သာမန်အရပ်သူအရပ်သား သားသမီးတို့နှင့် သာ အပေါင်းအသင်းလုပ်သဖြင့် အရာရှိသားသမီးတို့အလယ် တွင် ထူးခြားနေသူဖြစ်သည်။

ယခုလည်း သဘော်ဆလင်၏သမီးမျှသာဖြစ်သော ဂျာ ဘောက်ဘက်မှ ရပ်တည်ကာ နယ်ပိုင်ဝန်ထောက်ကြီး၏သားကို



www.burmeseclassic.com

www.burmeseclassic.com



သတိလစ်အောင် တွယ်ထည့်လိုက်ချေပြီ။

"ဟေ့ကောင်တွေ . . . မင်းတို့ကရော ငါနဲ့ယှဉ်ချင်သေးသလား။ လာလေကွာ"

လူရဲက သူတို့ကိုပါ စိန်ခေါ်လာရာ အသားညိုညို၊ လူကောင်ထွားထွားနှင့် တိုနီဇော်မိုးက ဂျော်နီဒွေးအောင်ကို မျက်ရိပ်ပြလိုက်ပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် ရှေ့တိုးလာတော့၏။

သို့သော် စောစောက လူရဲ၏ ပိရိသေသပ်သော တိုက်ခိုက်ပုံကို တွေ့ထားသဖြင့် ရှတ်တရက် မဝင်ရဲသေးဘဲ ဂျော်နီဒွေးအောင်ကိုသာ ဝင်ချရန် မျက်ရိပ်ပြနေတော့သည်။

အသားဖြူဖြူ၊ ပုပုညှက်ညှက် ဂျော်နီဒွေးအောင်မှာ ဂျက်ဖရီ၏အရှိန်ဖြင့် နေရာတကာ လေကျယ်လေ့ရှိသော်လည်း သတ်ရဲပုတ်ရဲလှသူမဟုတ်သဖြင့် ယခုလို သူ့အားကိုးလှသည့် ဂျက်ဖရီ နောက်ကောက်ကျသွားသည်တွင် ခြေဖျားလက်ဖျားတို့ အေးလျက် ရှေ့မတိုးဝံ့ဖြစ်နေတော့၏။

"ဟေ့ကောင်တွေ . . . မင်းတို့ သတ္တိမရှိရင်လည်း မင်းတို့ရဲ့ကောင်ကို ခေါ်သွားကြတော့"

လူရဲက ဒါပဲပြောပြီး ဂျက်ဖရီတင်အုန်း၏ ဘောင်းဘီနောက်အိတ်ထဲမှ ငွေစက္ကူတို့ကို ထုတ်ယူလိုက်ကာ ဂျာဘောက်





အား ပေးလိုက်တော့၏။

"ကဲ ဂျာဘောက် . . . နင်လည်းသွားတော့"

"အေးပါဟာ . . . နင် ငါ့ကို ကူညီတာကျေးဇူးပါပဲ၊ ဒါ ဒါပေမဲ့ ဂျက်ဖရီ အခုလိုဖြစ်သွားတာကို သူ့အဖေကြီးက ကျေနပ်မှာမဟုတ်ဘူးဟ"

"ငါ ဂရုမစိုက်ဘူး ဂျာဘောက်၊ နင်သာသွားတော့၊ လူတွေဝိုင်းကြည့်နေပြီ မကောင်းဘူး"

လမ်းသွားလမ်းလာအတော်များများက သူတို့ကို ရပ်ကြည့်နေကြသဖြင့် ဂျာဘောက်လည်း လူရဲကို နှုတ်ဆက်ကာ မြို့ထဲဘက်သို့ ထွက်သွားတော့၏။

လူရဲလည်း မြေပြင်ပေါ်လဲကျနေသည့် သူ့စက်ဘီးကို ပြန်ထောင်ကာ စက်ဘီးပေါ်တက်စီးလျက် မြို့ထဲဘက်သို့ ထွက်ခွာသွားတော့သည်။

"တောက် . . . လူပါးတော်တော်ဝတဲ့ မြို့ပိုင်သား ဂျက်ဖရီရဲ့ဒယ်ဒီနဲ့ကို တိုင်မယ်၊ တွေ့ကြသေးတာပေါ့ကွာ"

လက်မရဲသော်လည်း နှုတ်ရဲသည့်ဂျော်နီဒွေးအောင်တလူရဲ ခပ်ဝေးဝေးရောက်မှ ကြိမ်းဝါးလိုက်ပြီး ခပ်လှမ်းလှမ်းတွင် ရပ်ထားသည့် မြင်းလှည်းကို လှမ်းခေါ်ကာ မြင်းလှည်းပေါ်သို့ ဂျက်ဖရီတင်အုန်းကို ပွေ့မ,တင်လိုက်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာမူ ...ဂျော်နီဌေးအောင်က မြင်းလှည်း၏နောက်မှ စက်ဘီးဖြင့်လိုက်သွားပြီး တိုနီဇော်မိုးက စက်ဘီးနှစ်စီးကို တွန်းကာ မြို့ထဲဘက်သို့ လျှောက်လှမ်းခဲ့ပါတော့သတည်း။

* * *





## အာယာတနလုံးသား

နယ်ပိုင်ဝန်ထောက်မင်း၏ရုံးခန်းထဲ၌ လူရဲ၏ဖခင် မြို့ပိုင်ဦးလူအေးမှာ မျက်စိပျက် မျက်နှာပျက်ဖြင့် ကုလားထိုင်တစ်လုံးတွင် ထိုင်လျက်ရှိလေသည်။ ဦးလူအေး၏နံဘေးမှခုံတွင် လူရဲသည် မျက်နှာတည်တည်ဖြင့်ထိုင်ကာ မျက်နှာချင်းဆိုင်ရှိနံရံကိုသာ စူးစိုက်ကြည့်လျက်ရှိ၏။

ထိုစဉ် ခြေသံတဒုံးဒုံးကြားလိုက်ရပြီး နယ်ပိုင်ဝန်ထောက်မင်း မစ္စတာစပါးရှားသည် ကျာပွတ်တစ်ချောင်းကို ခေါက်ကိုင်လျက် ခြေသံပြင်းပြင်းဖြင့် ရုံးခန်းထဲသို့ ဝင်ရောက်လာတော့သည်။

နယ်ပိုင်မင်း ရုံးခန်းထဲသို့ဝင်လာသည်နှင့် မြို့ပိုင်ဦးလူ



www.burmeseclassic.com

www.burmeseclassic.com



အေးက အရိုအသေပေးသည့်အနေဖြင့် ထိုင်ရာမှထရပ်လိုက်လေသည်။ လက်တစ်ဖက်ဖြင့်လည်း သားဖြစ်သူကိုထရပ်ရန် အချက်ပြလိုက်ရာ ဖခင်၏ဆန္ဒကို မည်သည့်အခါကမှ ပယ်ရှားလေ့မရှိသော လှရဲက ထရပ်လိုက်တော့၏။

နယ်ပိုင်မင်း မစ္စတာစပါးရှားသည် ကျာပွတ်ကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားရင်း သူ၏ရုံးစားပွဲခုံကြီး၏ အစွန်း၌ တင်ပါးလွှဲထိုင်လိုက်ကာ လှရဲကို ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည့်မျက်လုံးတို့ဖြင့် စူးစူးရဲရဲကြည့်လိုက်ပြီးနောက် မြို့ပိုင်ဦးလှအေးအား လှည့်ကြည့်ကာ ခက်ထန်စွာ ပြောလိုက်လေသည်။

"ဒီမှာ မစ္စတာလှအေး . . . မောင်မင်းရဲ့သားကြောင့် ကျွန်ုပ်ရဲ့သား မေးစေ့ကွဲသွားပြီး လေးငါးချက်ချုပ်လိုက်ရတယ်၊ မောင်မင်းရဲ့သားက ကျွန်ုပ်ရဲ့သားကို အရင်ရန်စပြီး အရင်ဆုံး စထိုးတယ်လို့ ထွက်ဆိုတဲ့သက်သေတွေရှိတယ်၊ ကျုပ် တရားစွဲရင် အပြင်းအထန်နာကျင်စေမှုနဲ့ မောင်မင်းရဲ့သား ထောင်ကျမှာကို သိတယ်မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ . . . သိပါတယ် နယ်ပိုင်ကြီးခင်ဗျာ၊ ကျွန်တော်ရဲ့သားက ခြေလွန်လက်လွန် လုပ်လိုက်တာကို ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်ခင်ဗျာ"





"မောင်မင်းရဲ့သား ကျူးလွန်တဲ့ပြစ်မှုဟာ တောင်းပန်ရုံနဲ့ ကျေအေးခွင့်လွှတ်နိုင်တဲ့ ပြစ်မှုမျိုးမဟုတ်ဘူး၊ ဒါကြောင့် ကျွန်ုပ်ဆုံးမတာကို ကျေကျေနပ်နပ်နဲ့ ခံယူမလား၊ တရားစွဲရမလား ပြော"

နယ်ပိုင်ကြီးမှာ သူ့သား သတိလစ်အောင် ခံလိုက်ရပြီး မေးကွဲကာ ချုပ်လိုက်ရသဖြင့် ဒေါသအမျက်ခြောင်းခြောင်း ထွက်ကာ အခဲမကြေဖြစ်နေသည်ကို ဦးလှအေး ကောင်းစွာသိသည်။

အပြင်းအထန် နာကျင်စေမှုဖြင့် တရားစွဲလျှင် သူ့သား လှရဲ ထောင်ကျိန်းသေကျနိုင်သည်ကိုလည်း ဦးလှအေးသိသည်။ အဘယ်ကြောင့်ဆိုသော် နယ်ပိုင်ကြီးမှာ ခရိုင်ရာဇဝတ်ရုံးတွင် တရားသူကြီးလည်းဖြစ်သဖြင့် သူ့သားကို ထောင်ကျိန်းသေချမှာ သေချာသည်။ သည်တော့လည်း သားဖြစ်သူ ထောင်မကျစေရန် ဆုံးမသည်ကို သဘောတူလိုက်ရန်သာ ရှိတော့၏။

"ကျွန် . . . ကျွန်တော့်ရဲ့သားကို တရားတော့မစွဲပါနဲ့ နယ်ပိုင်ကြီးရယ်၊ နယ်ပိုင်ကြီး ကြိုက်သလိုဆုံးမပါခင်ဗျာ"

"အိုကေ . . . ကောင်းပြီ၊ ဒါဆိုရင် မောင်မင်း ဒီရုံးခန်းထဲက ထွက်သွားတော့"

"ဟုတ် . . . ဟုတ်ကဲ့"

မြို့ပိုင်ဦးလှအေးမှာ သားဖြစ်သူကို ကရုဏာသက်စွာ



www.burmeseclassic.com

www.burmeseclassic.com



မချိတင်ကဲ မျက်လုံးဖြင့် တစ်ချက်ကြည့်လိုက်ပြီးနောက် ရုံးခန်းထဲ 'မှ ထွက်သွားတော့၏။

ထိုအခါမှ နယ်ပိုင်ဝန်ထောက်မင်း မစ္စတာစပါးရှားသည် မတ်မတ်ရပ်လိုက်ပြီး ကျာပွတ်ကို တရှမ်းရှမ်းဖြင့် ဝှေ့ယမ်းလိုက်ကာ ကျာပွတ်အဖျားဖြင့် ကြမ်းပြင်ကို တဖြန်းဖြန်းရိုက်ချလိုက်လေသည်။

ယင်းသို့ပြုလုပ်ရင်း အာဃာတကြီးမားလှသည့် ဒေါသမျက်လုံးများဖြင့် လူရဲ၏မျက်နှာကို စူးစူးရဲရဲစိုက်ကြည့်နေကာ နှုတ်ခမ်းထောင့်စွန်းများကို ကွေးညွတ်လျက် မဲ့ပြုံးပြုံးလိုက်လေ၏။

"ဟေ့ကောင်လေး ...မင်းက ငါလို နယ်ပိုင်ဝန်ထောက်မင်းရဲ့သားကို ကိုယ်ထိလက်ရောက် စော်ကားခဲ့တယ်ပေါ့ ...ဟုတ်လား"

လူရဲက လက်နှစ်ဖက်နောက်ပစ်လျက် ကိုယ်ကို ခပ်မတ်မတ်ရင်း နယ်ပိုင်မင်းကြီး၏မျက်နှာကို စေ့စေ့ကြည့်ကာ တည်ငြိမ်စွာ ပြန်ပြောလိုက်လေသည်။

"ကျွန်တော်က စပြီး စော်ကားတာမဟုတ်ပါဘူး၊ ဦးမင်းရဲ့သားက ကျွန်တော့်ရဲ့သူငယ်ချင်းမလေး ဂျာဘောက်ရဲ့ပိုက်ဆံကို လုယူပြီး ဂျာဘောက်ကိုပါ နမ်းဖို့ကြိုးစားလို့ ဂျာဘောက်က အကူအညီတောင်းတာနဲ့ ကျွန်တော် ဝင်ပါရတာပါ"





"ဟေ့ကောင်လေး ... ကိုယ့်အပြစ်ကို ဖုံးကွယ်ဖို့ လိမ်ပြောမယ်မကြံနဲ့၊ ယစ်မျိုးဝန်ရဲ့သားရော, သစ်တောဝန်ရဲ့သားကိုပါ ငါ ခေါ်မေးပြီးပြီ၊ ငါ့သားဟာ သူ့သူငယ်ချင်းကောင်မလေးရဲ့ ပိုက်ဆံကို စတဲ့,နောက်တဲ့အနေနဲ့ ခဏယူတာတဲ့၊ အဲဒီ မိန်းကလေးနဲ့ ငါ့သားဟာလည်း သူငယ်ချင်းတွေပဲ၊ သူတို့သူငယ်ချင်းအချင်းချင်း စ,နောက်နေတာကို မင်းက မနာလိုဖြစ်ပြီး ငါ့သားကို စဝင်ထိုးတာလို့ သက်သေထွက်ချက်တွေ ငါ့မှာရှိတယ်၊ မင်းကျူးလွန်တဲ့အမှုဟာ ရာဇဝတ်မှုထိုက်တယ် ... သိရဲ့လား၊ ဒီတော့ ထောင်အကျခံမလား, ငါ့ရဲ့ဆုံးမမှုခံမလား"

"ကြိုက်ရာလုပ်နိုင်ပါတယ်"

"ဩော် အေး အေး ... ဗဲရီးဂွဒ်ပဲ၊ သိပ်ကောင်း သိပ်ကြိုက်ပေါ့၊ ကဲ ... ဒါဆို ဟိုဘက်လှည့်လိုက်၊ ဟုတ်ပြီ ... ဟင်း ဟင်း ဟင်း ... ငါကတော့ ငါ့သားကိုလုပ်တဲ့ကောင်ကို ငါကိုယ်တိုင် လက်စားချေတုံ့ပြန်ရမှ ကျေနပ်မှာကွ ... သိရဲ့လား၊ ငါ့သားအပေါ် မိုက်ရိုင်းစော်ကားတဲ့ကောင် ကဲကွာ ... သေစမ်း"

'ရွှမ်း'

'ရွှမ်း'

'ရွှမ်း'

ကျာပွတ်ရိုက်ချက်တို့က လူရဲ၏ကိုယ်ပေါ်သို့ အဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြတ် ကျရောက်လာ၏။

လူရဲက နယ်ပိုင်မင်းကြီးအား ကျောခိုင်းရပ်ကာ လက်နှစ်ဖက်ကို ခပ်တင်းတင်းပိုက်လျက် အံကြိတ်ခံ၏။

“ဒီလောက် အကြောမာတဲ့ကောင် . . . ကဲကွာ”

‘ရွှမ်း’

‘ရွှမ်း’

‘ရွှမ်း’

ကျာပွတ်ရိုက်ချက်တို့က လူရဲ၏ကျောပေါ်သို့ အဆက်မပြတ် ရက်စက်စွာကျရောက်လာကြပြီး လူရဲ၏အင်္ကျီ စုတ်ပြဲကုန်ကာ ဖြူဝင်းသောအသားပေါ်၌ အရှိုးရာကြီးများထင်လာလျက် ကျာပွတ်ဒဏ်ရာတို့မှ သွေးတို့စို့ထွက်လာကြတော့၏။

ရုံးခန်းထဲမှ ကျာပွတ်သံတရွှမ်းရွှမ်းကို ရုံးခန်းအပြင်ဘက်မှ ကြားနေရသည့် မြို့ပိုင်ဦးလူအေးမှာ သူ့အသည်းနှလုံးကို ဓားဖြင့် အမွှမ်းခံရသလို အသည်းနင့်အောင် ခံစားနေရတော့သည်။

“သား သားလေးရယ် . . . ဖြစ်မှဖြစ်ရလေ၊ အဖေ . . . အဖေ သားကိုမကာယ်နိုင်တာကို ခွင့်လွှတ်ပါကွယ်၊ အဖေ့ကို ခွင့်လွှတ်ပါ”

‘ရွှမ်း’





‘ရွှမ်း’

‘ရွှမ်း’

လူရဲသည် ပါးစပ်မှ တစ်ချက် မအော်မညည်းဘဲ မရေမတွက်နိုင်သည့် ကျာပွတ်ရိုက်ချက်တို့ကို အံကြိတ်ခံလျက်မှ ဒူးတို့ တဖြည်းဖြည်း ညွတ်ကျလာပြီးနောက်တွင်မူ သတိလစ်ကာ ကြမ်းပြင်ပေါ် ထိုးလဲကျသွားပါတော့သတည်း။

*

ဒေါ်ခင်နွဲ့သည် သားဖြစ်သူ၏ကျောမှ သွေးစို့ဒဏ်ရာများကို မုန့်ညင်းဆီသာသာလေးလူးပေးရင်း ပါးပြင်ပေါ်သို့ မျက်ရည်တို့ စီးကျလာတော့သည်။

မြို့ပိုင်ဦးလူအေးသည် သားဖြစ်သူ၏ အိပ်ခန်းထဲသို့ လေးဖင့်သောခြေလှမ်းများဖြင့် တစ်လှမ်းချင်းဝင်လာရင်း ခုတင်ထက်တွင် အားလျားမှောက်နေရှာသည့် သားဖြစ်သူ၏ကျောပြင်မှကျာပွတ်ရာများကို မကြည့်ရက်စွာ ကြည့်လိုက်မိတော့၏။

ဦးလူအေးသည် သားဖြစ်သူ၏ခေါင်းကို ဖွဖွပွတ်သပ်ရင်း ဆို့နင့်ကြေကွဲစွာ ခပ်တိုးတိုးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com




"သားရယ် ...မင်းကို အဖေ ကာကွယ်မပေးနိုင်တဲ့အတွက် ခွင့်လွှတ်ပါကွယ်"

ဤတွင် လူရဲက ဖခင်ကြီးကို မျက်လုံးလှန်ကြည့်ရင်း ပြတ်သားစွာပြောလိုက်၏။

"ရပါတယ် အဖေ၊ ဒါပေမဲ့ ...သား စပါးရှားဆိုတဲ့ လူကြီးကို လုံးဝခွင့်မလွှတ်ဘူး အဖေ၊ တစ်နေ့ကျရင် အဲဒီလူကြီးကို သား လက်စားချေပြမယ်၊ လက်စားချေရမှလည်း သား ကျေနပ်နိုင်မယ် အဖေ"

❋ ❋ ❋





## နယ်မြေစိမ်းသို့

"ဗျာ ...နာဂတောင်တန်းပေါ်မှာ ဗြိတိသျှစစ်တပ်အတွက် စစ်သားအသစ်တွေ ရှာဖွေစုဆောင်းပေးရမယ် ... ဟုတ်လား နယ်ပိုင်ကြီး"

မြို့ပိုင်ဦးလူအေးမှာ ကြားရသည့်သတင်းအတွက် စိတ်မသက်မသာဖြစ်သွားရကာ နယ်ပိုင်ဝန်ထောက်မင်း မစ္စတာစပါးရှားကို ပြန်မေးလိုက်မိတော့၏။

"ဟုတ်တယ် မောင်မင်းရဲ့ ... ကျွန်ုပ် အဲဒီကိစ္စအတွက် အတော်ကြီးခေါင်းခဲနေတယ်၊ ကော်မရှင်နာမင်းကြီးဆီက ဒီကနေ့ နေ့လယ်မှာပဲ ကြေးနန်းအမိန့်ဝင်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



နယ်ပိုင်ဝန်ထောက်ကြီးက ရုံးဆင်းပါက သူ၏စံအိမ်ဆီ ဝင်လာခဲ့ရန် မင်းစေလေးတစ်ဦးကို စေလွှတ်ကာ ပြောခိုင်းလိုက်သဖြင့် မြို့ပိုင်မင်းဦးလူအေးမှာ ညနေရုံးဆင်းသည်နှင့် မြင်းရထားကို နယ်ပိုင်ဝန်ထောက်မင်း၏စံအိမ်ဆီ မောင်းခိုင်းလိုက်ကာ နယ်ပိုင်မင်းကြီးကို လာတွေ့ခြင်းဖြစ်၏။

သူတို့သည် အိမ်ရှေ့ဝရန်တာတွင် ကြိမ်ကုလားထိုင်တစ်လုံးစီဖြင့် မျက်နှာချင်းဆိုင်ထိုင်ရင်း ဆွေးနွေးပြောဆိုနေကြခြင်း ဖြစ်၏။

သူတို့နှစ်ဦး၏အကြားရှိ စားပွဲပုလေးပေါ်တွင်တော့ ဝီစကီအရက်ခွက်များနှင့် ဖွယ်ဖွယ်ရာရာ အမြည်းပန်းကန်များက အသင့်ရှိနေကြလေသည်။

"အင်မတန်အရေးကြီးတဲ့ကိစ္စမို့ စားရင်းသောက်ရင်း အေးအေးဆေးဆေးဆွေးနွေးရအောင် မောင်မင်းကို ခေါ်လိုက်ရတာပဲ၊ ကျွန်ုပ်တော့ အင်မတန်ခေါင်းမာလှတဲ့ နာဂတောင်တန်းပေါ်က တိုင်းရင်းသားတွေကို ဘယ်လိုစည်းရုံးရမှန်းမသိဘူး။ ဘုရင်ခံချုပ်နဲ့ ကော်မရှင်နာကြီးက ချင်းနဲ့နာဂတောင်တန်းပေါ်က တိုင်းရင်းသားတွေထဲကပဲ စစ်သားသစ်စုဆောင်းပေးဖို့ ညွှန်ကြားလိုက်တယ်လေ"

"ဟိုတစ်ခါတုန်းကလည်း လစာရိက္ခာပေးမယ်၊ စစ်ကြီးပြီးရင် ဆုလာဘ်အဖြစ် နှစ်လုံးပြူးသေနတ်နဲ့ ဓားကောင်းကောင်းတွေ ပေးမယ်ဆိုပြီး တိုင်းရင်းသားတွေကို စည်းရုံးခဲ့ဖူးတယ်လေ နယ်ပိုင်ကြီးရဲ့၊ အဲဒီတုန်းက ချင်းတောင်တန်းဒေသ ဖလမ်းဒေသဘက်က ချင်းတိုင်းရင်းသားတွေကို စည်းရုံးပြီး တပ်သားသစ်တွေအဖြစ် ပို့ပေးခဲ့သေးတယ်လေ၊ ဒါပေမဲ့ . . . အဲဒီလို စည်းရုံးပြီးပို့လိုက်တဲ့ တပ်သားသစ်တွေဟာ ခုအထိ တစ်ယောက်မှ ပြန်မရောက်ကြဘူး၊ ဒါကြောင့် အဲဒီဒေသတွေမှာတော့ တပ်သားသစ်ထပ်စုဆောင်းလို့ မရနိုင်တော့ဘူး"

"ဟုတ်တယ် . . . အဲဒါကြောင့် ဒီတစ်ခါတော့ နာဂတောင်တန်းဘက်မှာ စုဆောင်းပေးဖို့ ညွှန်ကြားလိုက်ကြတာပဲဖြစ်မယ်၊ အဲဒီလို တပ်သားသစ်တွေ စုဆောင်းရှာဖွေမပေးနိုင်ရင် ကျွန်ုပ်နဲ့ မောင်မင်းရဲ့ရာထူးအလုပ်ကို ထိခိုက်လာနိုင်တယ်၊ ဆိုးဘက်ဒ်ပဲ"

တကယ်တော့ ချင်းနှင့်နာဂတောင်တန်းဒေသတို့မှ ဗြိတိသျှစစ်တပ်တွင် တာဝန်ထမ်းဆောင်ရန် စစ်သားသစ်များ ရှာဖွေစုဆောင်းပေးရန်စီမံချက်သည်ကား ၁၉၁၄-ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပါ၏။

ပထမကမ္ဘာစစ်ကြီးသည်ကား အကြမ်းဖက်သမားတစ်ဦး







www.burmeseclassic.com

www.burmeseclassic.com



၏စနက်ကြောင့် စတင်ပေါက်ကွဲဖြစ်ပေါ်လာရခြင်းဖြစ်၏။

၁၉၁၄-ခုနှစ်မတိုင်မီကတည်းက ဂျာမဏီနိုင်ငံနှင့် ရုရှား အပါအဝင် ဥရောပနိုင်ငံတို့အကြားဝယ် စစ်ရေးအရ ရန်ဆောင်မှုများ၊ စစ်ပြင်ဆင်မှုများ အပြိုင်အဆိုင် ဖြစ်ပေါ်လျက် ရှိလေသည်။

၁၉၁၄-ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် ဘော့စနီးယား ပြည် ဆာရာယေဗို (SARAJEVO)မြို့သို့ ခေတ္တခဏ အလည် အပတ်ရောက်ရှိနေသော ဩစတြီးယားနိုင်ငံမှ အိမ်ရှေ့မင်းသား အာ့ ခ်ျဒ္ဒျူဖရန့်ဇ်ဖာဒီနန် (ARCH DUKE FRANZ FERDINAND)နှင့် ကြင်ယာတော်တို့အား အကြမ်းဖက်ဂိုဏ်း သားတစ်ဦးက လုပ်ကြံသတ်ဖြတ်လိုက်လေသည်။

ယင်းသို့ အိမ်ရှေ့မင်းသားတို့ဇနီးမောင်နှံ လုပ်ကြံသတ် ဖြတ်ခံရမှုအတွက် လုံးဝမကျေနပ်သော ဩစတြီးယားအစိုးရက ဆားဗီးယားပြည်အား ၁၉၁၄-ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် တောင်းဆိုချက်များစွာနှင့်အတူ ပြင်းထန်သောရာဇသံပို့လိုက်ကာ (၄၈) နာရီအတွင်း အကြောင်းပြန်ကြားရန် အပူတပြင်း တောင်း ဆိုလိုက်လေသည်။

ထိုသို့ ဩစတြီးယားနိုင်ငံ၏ တောင်းဆိုချက်တို့ကို လက် မခံနိုင်ကြောင်း ဆားဗီးယားအစိုးရက ငြင်းပယ်လိုက်ရာ ဩစ တြီးယားက ဆားဗီးယားအား ၁၉၁၄-ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်





နေ့တွင် စစ်ကြေညာလိုက်တော့၏။

ယင်းသည်ပင် ပထမကမ္ဘာစစ်ကြီး၏အစ ဖြစ်ပါ၏။

ဩစတြီးယားက မဟာမိတ်ဖြစ်သော ရုရှားအားကိုးဖြင့် စစ်ကြေညာခြင်းဖြစ်ရာ ဆားဗီးယား၏မဟာမိတ် ဂျာမဏီက လည်း ရုရှားကို ဩဂုတ်လ (၁) ရက်နေ့တွင် စစ်ကြေညာလိုက် တော့၏။ ယင်းအပြင် ဂျာမဏီသည် ပြင်သစ်ကိုပါ ဩဂုတ်လ (၃) ရက်နေ့တွင် စစ်ကြေညာလိုက်တော့၏။

သို့ဖြင့် ယင်းဩဂုတ်လ (၃) ရက်နေ့မှာပင် ဂျာမဏီတပ် ကြီးသည် ဘယ်လ်ဂျီယံနိုင်ငံကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက် တော့သည်။

ထိုအခါ ဘယ်လ်ဂျီယံနိုင်ငံ၏ မဟာမိတ်ဖြစ်သည့် ဗြိတိ သျှတို့က လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ ဂျာမဏီကို စစ်ကြေ ညာကာ ကမ္ဘာစစ်ထဲသို့ ဝင်ပါလာရတော့၏။

ကမ္ဘာစစ်ထဲဝင်ပါရပြီဖြစ်သည့် ဗြိတိသျှတို့မှာ စစ်သည် အင်အားဖြည့်တင်းရန်အတွက် သူတို့သိမ်းပိုက်ထားသော ကိုလိုနီ နယ်တို့အထဲမှ တပ်သားသစ်များကို အပူတပြင်း စုဆောင်းကြရ တော့၏။

ထို့ကြောင့်လည်း အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒမ်ဖရင်း၏ ၁၈၈၆-ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့စွဲပါ ကြေညာချက်ဖြင့်

www.burmeseclassic.com



သူတို့၏ကျွန်ဘဝသို့ သွတ်သွင်းခဲ့သည့် မြန်မာနိုင်ငံမှလည်း စစ်သားသစ်များပေးပို့ရန် အတင်းအကျပ် တောင်းဆိုလာခြင်းဖြစ်သည်။

ထိုရောအခါ ဗြိတိသျှအစိုးရအရာရှိများမှာ ဆင့်ကဲ ဆင့်ကဲ တာဝန်ပေးချက်များအရ မိမိတို့အုပ်ချုပ်ရာဒေသများ၌ စစ်သားစုဆောင်းရေးကော်မတီများဖွဲ့ပြီး စစ်သားသစ်များ အမြန်ဆုံး ဖုဆောင်းပေးရတော့၏။

ယခုလည်း ချင်းတွင်းဒေသကို တာဝန်ယူထားရသည့် နယ်ပိုင်ဝန်ထောက်မင်း မစ္စတာစပါးရှားမှာ သူ၏အထက်အရာရှိ အရေးပိုင်ကြီး၏တာဝန်ပေးချက်အရ စစ်သားသစ်စုဆောင်းရေး ကော်မတီဖွဲ့ရမည်ဖြစ်သဖြင့် မြို့ပိုင်ဦးလူအေးနှင့် တိုင်ပင်ဆွေးနွေး နေရခြင်းဖြစ်ပါ၏။

''ကျွန်ုပ်တို့ စစ်သားသစ်ရှာဖွေစုဆောင်းရေးလုပ်ဖို့ ကော်မတီဖွဲ့ရမယ်၊ ဘယ်လိုလူမျိုးတွေနဲ့ ဖွဲ့ရင်ကောင်းမလဲ၊ စဉ်းစားစမ်းပါ''

ဤတွင် မြို့ပိုင်ဦးလူအေးက နယ်ပိုင်ကြီး ညွှန်ခံသည့် ဝီစကီကို တစ်ကျိုက်မော့လိုက်ပြီး အမဲကြော်ဖတ်ကို ဝါးနေရင်း ကော်မတီလူကြီးရွေးချယ်ရန် စဉ်းစားလိုက်သည်။

အတန်ကြာစဉ်းစားပြီးမှ အဖြေပေးလေသည်။





''အနောက်မြောက်ဘက်က နာဂတောင်တန်းတွေပေါ် သွားပြီး တပ်သားသစ်ရှာဖွေရမယ်ဆိုတော့ အဲဒီနာဂတောင်တန်း တွေမှာ နေထိုင်တဲ့ နာဂမျိုးနွယ်တွေနဲ့ရော ကူကီးချင်းလူမျိုးတွေ နဲ့ပါ ကျွမ်းဝင်ရင်းနှီးသူတွေကို ကော်မတီထဲမှာ ပါဝင်အောင် စည်းရုံးမှဖြစ်မယ် နယ်ပိုင်ကြီး၊ ပြီးတော့ မြို့မျက်နှာဖုံး လူကုံထံ တချို့ကိုလည်း ကော်မတီထဲထည့်မှသင့်မယ်''

''ဟုတ်တယ် ... ကျွန်ုပ် အဲဒီအဆိုနှစ်ရပ်ကို ထောက်ခံ တယ်၊ အဲဒါ ဘယ်လိုလူမျိုးတွေလဲ ကျွန်ုပ်ကိုပြောပါ''

''ကျွန်တော်စဉ်းစားမိတာကတော့ ကုန်သည်ကြီး ဦးအောင်မြတ်နဲ့ စပါးပွဲစားကြီးဦးဘသွယ်၊ နောက် ကျောင်းဆရာ ဟောင်းကြီး ဦးခက်ပန်တို့ပဲ နယ်ပိုင်ကြီးရဲ့ နောက်ထပ်လုပ်ငန်း ရှင် နှစ်ယောက်လောက်တော့ ထည့်ရမှာပေါ့''

''ဝွဒ် ... ကောင်းတယ်ဗျာ၊ အဲဒီလူတွေကို အမြန်ဆုံး အကြောင်းကြားပြီး ကော်မတီဖွဲ့လိုက်၊ အဲဒီကော်မတီမှာ ကျွန်ုပ် က ဥက္ကဋ္ဌ၊ မောင်မင်းက အတွင်းရေးမှူးအနေနဲ့ ဦးဆောင်ရမယ်၊ နာဂတောင်တန်းတွေဆီ မောင်မင်းပဲ ဦးဆောင်သွားရမယ်၊ ကော် မတီလူကြီးနှစ်ယောက်လောက် ခေါ်သွား၊ လိုအပ်တဲ့စားနပ်ရိက္ခာ, ငွေကြေးနဲ့ လက်နက်ကို ကျွန်ုပ်ဆီ စာရင်းတင်ပြပါ၊ အခွင်း သမားငှားဖို့လည်း စီစဉ်ပါ''

www.burmeseclassic.com



"ကောင်းပါပြီ နယ်ပိုင်ကြီး"

"နာဂတောင်တန်းပေါ်က ရွာအကြီးအကဲတွေ, လူမျိုးစုအကြီးအကဲတွေကို တပ်သားသစ်စုဆောင်းပေးနိုင်ရင် ကျွန်ုပ်တို့အစိုးရက နှစ်လုံးပြူးသေနတ် တစ်လက်စီနဲ့ ရိက္ခာတော်ငွေကြေးတွေ ဆုလာဘ်အဖြစ်ပေးအပ်ချီးမြှင့်မယ်လို့ မက်လုံးပေးပြီး စည်းရုံးပါ၊ သူတို့အတွက် လက်ဆောင်ပစ္စည်းတွေလည်း လုံလုံလောက်လောက် ယူသွားပါ၊ ကော်မတီလူကြီးတွေအတွက်လည်း စည်းရုံးရေးခရီးက ပြန်ရောက်ရင် ဒီချင်းတွင်းဒေသမှာ စီးပွားရေးလုပ်ကွက်တွေ အများကြီးပေးမယ်လို့ ပြောထားပါ၊ အရေးကြီးတာက တပ်သားစုဆောင်းရေးကိစ္စ အဆင်ပြေဖို့ပဲ၊ မောင်မင်းကောင်းကောင်းတာဝန်ယူပါ"

"ကောင်းပါပြီ နယ်ပိုင်ကြီး"

မြို့ပိုင်ဦးလူအေးမှာ အထက်အရာရှိက ပေးအပ်သောတာဝန်ဖြစ်သဖြင့် လွှဲရှောင်ရန်မဖြစ်နိုင်သောကြောင့်သာ တာဝန်ယူလိုက်ရသည်။

မျိုးချစ်စိတ်ပြင်းထန်လှသည့် တောင်ပေါ်တိုင်းရင်းသားများကို နယ်ချဲ့ဗြိတိသျှမျက်နှာဖြူအစိုးရအတွက် စစ်တိုက်ပေးရန် တပ်သားသစ်စုဆောင်းဖို့ စည်းရုံးရမည့်ကိစ္စမှာ လွန်စွာခက်ခဲလှကြောင်းသိသဖြင့် သက်ပြင်းကိုသာကျိတ်ချနေမိတော့၏။





"အင်းလေ ... ဘာတတ်နိုင်မှာလဲ၊ သူ့ဆန်စားနေတော့လည်း ရဲရပေတော့မပေါ့"

*

ယင်းည ညစာထမင်းဝိုင်းမှာပင် မြို့ပိုင်ဦးလူအေးက သူ၏လုပ်ငန်းတာဝန်သစ်အကြောင်းကို ဇနီးဖြစ်သူ ဒေါ်ခင်နွဲ့နှင့် သားဖြစ်သူ လူရဲတို့အား ပြောပြလိုက်ရာ ဒေါ်ခင်နွဲ့မှာ မျက်စိမျက်နှာပျက်သွားရှာတော့၏။

"အို ... နာဂတွေနဲ့ ကူကီးချင်းတွေက ဗြိတိသျှအစိုးရရဲ့ အရာရှိတွေဆို သိပ်မုန်းတာလို့ နွဲ့ ကြားဖူးတယ်၊ ဖြစ်ပါ့မလား အစ်ကိုလူအေးရယ် ... တော်ကြာ ရန်ပြုခံနေရပါဦးမယ်၊ ကိုယ်ရောက်ဖူးတဲ့အရပ်ဒေသလည်း မဟုတ်၊ ကိုယ်နဲ့ရင်းနှီးသိကျွမ်းသူတွေလည်းမဟုတ်"

"မနွဲ့ရယ် ... အဲဒီတိုင်းရင်းသားတွေနဲ့ ရင်းနှီးကျွမ်းဝင်သူတွေကို ခေါ်သွားမှာပါ၊ သူတို့ပါရင် ဘာမှမဖြစ်ပါဘူး၊ နောက်ပြီး အစ်ကိုတို့က သူတို့အကြိုက် လက်ဆောင်ပစ္စည်းတွေ အများကြီးပေးပြီး စည်းရုံးမှာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျွန်မတော့ အစ်ကို့အတွက် စိတ်ပူတယ်ရှင်"

စိုးရိမ်သောကပိုနေရှာသည့် မိခင်ကြီးကိုကြည့်ရင်း လူရဲက ဝင်ပြောလိုက်၏။

"အဖေ့အတွက် အမေစိတ်ပူနေတယ်ဆိုရင် အဖေတို့အဖွဲ့နဲ့အတူ သားလိုက်သွားမယ်လေ"

"အို ... မဟုတ်တာ"

"ဟုတ်ပါတယ် အမေရ ... သားရဲ့သူငယ်ချင်းမလေး ဂျာဘောက်ဆီကနေ ချင်းစကားကို သားသင်ယူနေတာ အတော်တတ်နေပြီဗျ။ ချင်းလို တော်တော်ပြောနိုင်နေပြီ"

"ဩော် ... ဂျာဘောက်ဆိုတာ ဟိုတစ်ခါ သားကူညီလိုက်တဲ့ ကောင်မလေးလား"

"ဟုတ်တယ် အမေ၊ ပြီးတော့ ... စစ်ကိုင်းမှာနေကတည်းက အဖေ့ရဲ့တပည့် စွန်ပန်းနီးဆီကနေ အမဲပစ်သေနတ်ဝင်ချက်စတာရိုင်ဖယ်နဲ့ ဒီပြင်သေနတ်တွေ ပစ်နည်းပါ သင်ထားတာဗျ။ ဘောက်ဆင်နဲ့မြင်းစီးလည်း သူပဲ သင်ပေးထားတာ"

စွန်ပန်းနီးမှာ ဂေါ်ရခါးတပ်မှ တပ်ကြပ်ဟောင်းတစ်ဦးဖြစ်ပြီး စစ်ကိုင်းမြို့ပိုင်ရုံးတွင် ဦးလူအေး တာဝန်ကျစဉ်က ကားဒရိုင်ဘာတစ်ဦးဖြစ်သလို ဦးလူအေးပဲ့ အရာရှိမိတ်ဆွေတစ်စု





မှုးမြစ်ကမ်းပါးတစ်လျှောက်ရှိ သစ်တောများအတွင်း အမဲပစ်ထွက်ပါက လိုက်ပါလေ့ရှိသူဖြစ်၏။

သူက သေနတ်မျိုးစုံ ပစ်ခတ်ရာ၌ ကျွမ်းကျင်လှသဖြင့် မှဆိုးကောင်းတစ်ဦးလည်းဖြစ်သည်။ လူရဲကို လွန်စွာချစ်ပြီး လူရဲမှာ စွန်ပန်းနီး၏လက်ပေါ်မှာပင် ကြီးပြင်းခဲ့ရသူဟု ဆိုနိုင်သည်။ ဦးလူအေးတို့ ဟုမ္မလင်းသို့ ပြောင်းလာတော့ စစ်ကိုင်းရုံးမှာပင် ကျန်ရစ်ခဲ့ရသူဖြစ်၏။

"အေးကွာ ... သားပါရင်တော့ အဖေ့အတွက် အားရှိတာပေါ့၊ သားလည်း မက်ထရစ်ဖြေပြီးလို့ ကျောင်းအားနေတာပဲ၊ နာဂတောင်ပေါ်လည်း ရောက်ဖူးသွားတာပေါ့"

ဦးလူအေးက ယခုတစ်နှစ်, နှစ်နှစ်အတွင်း လူကောင်ထွားလာသည့် သားဖြစ်သူကို အားရစွာကြည့်ရင်း သားဖြစ်သူဘက်မှ ထောက်ခံစကားဆိုလေသည်။ ဒေါ်ခင်နွဲ့မှာ ပြုံးလျက်သက်ပြင်းသာချလိုက်မိပါတော့၏။

"အေးလေ ... အစ်ကို့အတွက် တိုးတိုးဖော် သားပါတော့လည်း တစ်မျိုးကောင်းတာပါပဲ၊ သားအဖနှစ်ယောက် သတိဝီရိယနဲ့သာ သွားပါ"

"ဟား ... ဒါမှ သားရဲ့မေမေ"

ရက်ရှည်ခရီးရှည်ထွက်ရမည်ဖြစ်သဖြင့် လိုအပ်သမျှ



www.burmeseclassic.com

www.burmeseclassic.com



အသုံးအဆောင်ပစ္စည်းများ ဝယ်ယူရန် မြို့လယ်ပိုင်းရှိ ဈေးသို့ စက်ဘီးလေးနင်းလျက် လူရဲ ထွက်လာခဲ့သည်။

စက်ဘီးကို ဈေးအဝမှာပင် ဒေါက်ထောက်ရပ်ကာ သော့ခတ်ပြီး ဈေးထဲသို့ လှမ်းဝင်ခဲ့သည်တွင် ဈေးပေါက်ဝနှင့်အနီးဆုံးရှိ လက်ဖက်ရည်ဆိုင်ထဲမှ စားပွဲတစ်လုံး၌ ထိုင်နေသော ဂျက်ဖရီကို သတိပြုမိလိုက်၏။

ဂျက်ဖရီက ဗလတောင့်တောင့်၊ အသားညိုညို၊ ဆံပင်ရှည်ကို ကုပ်ပိုးတွင် သားရေကြိုးဖြင့် စည်းထားသည့် လူရွယ်တစ်ဦးနှင့် တစ်စားပွဲတည်းထိုင်နေခြင်းဖြစ်ပြီး လူရဲကိုမြင်သည်နှင့် ထိုလူကို တံတောင်ဖြင့်တွက်ကာ လူရဲဆီသို့ မေးဆတ်ပြလိုက်လေသည်။

လူရဲကလည်း ဂျက်ဖရီကို စူးစူးရဲရဲကြည့်လိုက်ပြီးမှ ဈေးထဲသို့ တောက်လျှောက်ဝင်လာခဲ့၏။

လူရဲနှင့်ဂျက်ဖရီတို့မှာ လွန်ခဲ့သောခြောက်လခန့်က ပဋိပက္ခဖြစ်ပြီးနောက် ထပ်မံ ထိပ်တိုက်ရင်ဆိုင်ဖြစ်ခြင်း မရှိကြသော်လည်း ကျောင်းတော်ကရန်စမီးတောက်တို့ကို ကိုယ်စီမွေးထားမိကြ၏။

အထူးသဖြင့် ဂျာဘောက်နှင့်ပတ်သက်ပြီး အမုန်းမီးတောက်ကြီးသည်ထက် ကြီးလာခဲ့ရသည်ဟုဆိုလျှင် မမှားချေ။





ဂျာဘောက်မှာ တစ်နေ့တခြား ဖွံ့ထွားသည်ထက် ဖွံ့ထွားလှပလာရာ ဂျက်ဖရီမှာ ဂျာဘောက်၏အချစ်ကို လိုချင်သည်ထက် လိုချင်တပ်မက်လာခဲ့လေသည်။

သို့သော် ... ဂျာဘောက်မှာ လူရဲနှင့်သာ ရင်းရင်းနှီးနှီးရောရောနှောနှောနေထိုင်သော်လည်း ဂျက်ဖရီကိုမူ ရှောင်ဖယ်ရှောင်ဖယ် လုပ်လေ့ရှိ၏။

ဤသည်မှာ လူရဲကြောင့်ဟု ဂျက်ဖရီက စွပ်စွဲကာ လူရဲကို အမုန်းကြီးမုန်းလျက် ရှိလေသည်။

တကယ်တော့ လူရဲနှင့် ဂျာဘောက်မှာ တစ်ဦးကိုတစ်ဦး သူငယ်ချင်းသံယောဇဉ်မျိုးဖြင့် ဖြူစင်စွာ ချစ်ခင်နေကြသူများသာ ဖြစ်၏။

သို့တိုင် ... ဂျက်ဖရီက မနာလိုဝန်တိုဖြစ်ကာ လူရဲကို အစိမ်းလိုက်ဝါးစားချင်နေတော့သည်။ သို့သော် သူက လူရဲ၏ လက်ရည်နှင့် သတ္တိကို နဖူးတွေ့ဒူးတွေ့ စမ်းထားပြီးဖြစ်သဖြင့် ရန်ပြုဝံ့ခြင်းမရှိချေ။

ယခု ဂျက်ဖရီသည် အသားညိုညိုနှင့် ဆံပင်ရှည်ရှည်လူကို ဘာတွေ တီးတိုးပြောနေသည်မသိ။

လူရဲထံ မေးဆတ်ပြကာ တစ်ခုခုကို လေးလေးနက်နက် ပြောကြားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လှူရဲကမူ သူတို့ကို ဂရုမထားတော့ဘဲ ဈေးထဲသို့သာ တောက်လျှောက်ဝင်ခဲ့တော့၏။

✳

ခရီးထွက်ရမည့်နေ့မတိုင်မီ ညနေစောင်းတွင် ဂျာဘောက်ကို နှုတ်ဆက်စကားဆိုရန် ဂျာဘောက်တို့အိမ်သို့ လှူရဲ စက်ဘီးလေးဖြင့် ထွက်လာခဲ့ရာ၊

ဂျာဘောက်တစ်ယောက် အိမ်ရှေ့ရှိ ခြံထဲမှ ဒန်းလေး ပေါ်ထိုင်နေသည်ကို တွေ့ရသဖြင့် သူက ပြုံးပြနှုတ်ဆက်ရင်း နံဘေးမှာ ဝင်ထိုင်လိုက်၏။

"လှူရဲ . . . နင်တို့ နာဂတောင်တန်းဆီ ဘယ်တော့သွားမှာလဲ"

"မနက်ဖြန်မနက်စောစောမှာပဲ သွားမှာ ဂျာဘောက်ရဲ့၊ ဒါကြောင့် ငါ နင့်ကို လာနှုတ်ဆက်တာ"

"အေး . . . ငါ ကောက်ညှင်းတွေ ရေစိမ်ထားတယ်၊ နင် ခရီးသွားရင် မုန့်ဖက်ထုပ် ထုပ်ပေးလိုက်မလို့"

"ငါတို့မှာ ရိက္ခာတွေအပြည့် ပါပါတယ် ဂျာဘောက်





ရယ်၊ ဒုက္ခမရှာပါနဲ့ဟာ"

"အို . . . ဒါ ဒုက္ခရှာတာမှမဟုတ်ဘဲ၊ နင် မုန့်ဖက်ထုပ် ကြိုက်တတ်မှန်းလည်း သိတယ်၊ တောတောင်ထဲရောက်ရင် နင် မောမောနဲ့ ဆာမှာလည်း သိတယ်၊ ဒါကြောင့် . . . နင့်အတွက် မုန့်ဖက်ထုပ် ထုပ်ပေးလိုက်မှာ . . . သိလား။ အဲ . . . ဒါထက်"

"ဒါထက် . . . ဘာဖြစ်လဲ ဂျာဘောက်"

ဂျာဘောက်က သူ့ကို မျက်ဝန်းညိုညိုကြီးများဖြင့် အတန်ကြာ စိုက်ကြည့်နေသည်။ သူမ၏မျက်ဝန်းတို့အထဲတွင် စိုးရိမ်သောကမှု အရိပ်အယောင်များကို အထင်းသားတွေ့နေရသည်။

"လှူရဲ . . . နင်တို့ခရီးထွက်ကြမယ့်အထဲမှာ ခွန်ရာဇာ ဆိုတဲ့လူ ပါမယ်လို့ ငါ သတင်းကြားတယ် . . . ဟုတ်လား"

"အေး . . . ဟုတ်တယ်၊ အဲဒီခွန်ရာဇာဆိုတဲ့လူက ရှမ်းဒေသကနေ ဒီဘက်ရောက်လာတာ မကြာသေးဘူးလို့ ကြားတာပဲ၊ ဒါပေမဲ့ အဲဒီခွန်ရာဇာက နာဂရွာတွေမှာ နှစ်တော်တော်ကြာအောင် နေဖူးတော့ နာဂလူမျိုးတွေရဲ့ ဓလေ့စရိုက်နဲ့ စကားကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် ပြောနိုင်တယ်တဲ့ဟ၊ ဒါကြောင့် နယ်ပိုင်ကြီးက ငါတို့သွားပြီးဆောင်ရွက်ရာမှာ အဆင်ချောအောင်ဖို့ သူ့ကို ထည့်လိုက်တာတဲ့ဟ၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဟာ . . . ငါတို့နဲ့ ခြိနီးချင်း ဟိုဘက်အိမ်က နော်တူးဟာ ခွန်ရာဇာကို ကောင်းကောင်းသိတယ်ဟ"

"အေး . . . ငါလည်း ဟိုနေ့ကဈေးမှာ အဲဒီလူကို ဂျက်ဖရီနဲ့အတူ တွေ့တယ်၊ အဖေပြောပြမှ ခွန်ရာဇာဆိုတာ သိတယ်"

"အဲဒီခွန်ရာဇာဟာ နယ်စပ်ဒေသတွေမှာ ကျင်လည်ခဲ့သူဟဲ့ဟ၊ နယ်ခြားဒေသ ဓားပြအဖွဲ့တွေနဲ့ ဆက်နွယ်မှုရှိသူလို့ ပြောတယ်၊ နော်တူးတို့ နယ်စပ်က ကုန်သည်တွေဆီ လားတွေ သွားပို့ရင်း ခွန်ရာဇာကို သိခဲ့တာတဲ့"

"သူက ဓားပြလား၊ အဲဒီကောင်သာ ဓားပြဆိုရင် နယ်ပိုင်ကြီးက သူ့ကို စကားပြန်အဖြစ် ခန့်အပ်ပါ့မလားဟ . . . နှင်ကလည်း၊ ဓားပြဖြစ်ခဲ့ရင်တောင် ဟိုးနှစ်ပေါင်းများစွာက ဖြစ်ခဲ့တာနေမှာပါဟာ"

"ဘာပဲဖြစ်ဖြစ် နှင် သူ့ကိုတော့ သတိထားပါဟာ၊ ခုရက်တွေကတည်းက သူက ဂျက်ဖရီတို့အိမ်ရောက်နေပြီး ဂျက်ဖရီနဲ့ တတွဲတွဲလုပ်နေတယ်ဟ၊ ဂျက်ဖရီက နှင့်အပေါ်မှာ အငြိုးအတေးရှိတယ်လေ၊ ခွန်ရာဇာနဲ့ပေါင်းပြီး နှင့်ကို တစ်ခုခု အကောက်ကြံမှာစိုးရတယ် လူရဲ"

"အေးပါ . . . ငါ သတိထားပါ့မယ်၊ ဒါထက် နှင်က





ငါ့အတွက် ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ပူနေရတာလဲ ဂျာဘောက်၊ နှင် ငါ့အပေါ်ထားတဲ့ သဘောထားက ရိုးရောရိုးရဲ့လား"

"ခွေးကောင်စုတ် . . . စေတနာကိုစော်ကားတယ်၊ ငါ ထုလိုက်ရ"

ပါးစပ်ကသာ ငါထုလိုက်ရဟုပြောသည်။ ဂျာဘောက်၏ လက်သီးဆုပ်ဖြူနုနုလေးတို့က လူရဲ၏ကျောပြင်ပေါ် တအုံးအုံး ကျရောက်သွားပြီ။

ထိုစဉ် ဂျာဘောက်၏အဒေါ် ဒေါ်ဘူခွဲ အိမ်ထဲမှထွက်လာ၏။

"ဟဲ့ . . . ဒီမောင်နှမနှစ်ယောက် ဘယ်လိုဖြစ်နေကြတာလဲ"

ဟု ခပ်ပြုံးပြုံး ဆိုသည်။

"ဒီမှာလေ ဒေါ်လေး . . . ကျွန်တော်တောထဲသွားပြီး ပြန်လာရင် ဘာလက်ဆောင်ယူလာရမလဲလို့ မေးနေတာဗျ။ ဂျာဘောက်က လူဝံတစ်ကောင်လောက် ဖမ်းခဲ့ဖို့မှာနေလို့ . . . ဟဲ ဟဲ . . . သူက လူဝံနဲ့မှဖြစ်မှာ"

ဂျာဘောက်က မျက်စောင်းခဲသည်။

"ကောင်စုတ်နော် ပေါက်ကရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ နင်က လူတွေနဲ့မတည့်ဘူး၊ ဂျက်ဖရီနဲ့လည်း မတည့်၊ ငါနဲ့လည်း မရာည့်၊ ဒီတော့ . . . လူဝံနဲ့မှဖြစ်မှာ"

"ကြည့် . . . ခွေးကောင်စုတ်နော်"

"ဟဲ့ ဒါထက်မောင်လူရဲ . . . မင်းတို့ နာဂတောင်တန်းဆီ သွားရမှာ ဂျက်ဖရီရဲ့ အာဏာပါးကွက်သား ခွန်ရာဇာဆိုတဲ့လူပါတယ့်ဆို၊ သူက လူဆိုးလို့ပြောတယ်"

ပြောရင်း ဒေါ်ဘူခွဲက စကားသံတိုးသွားပြီး အနီးဝန်းကျင်ကိုလည်း မလုံမလဲကြည့်သည်။

ဂျာဘောက်က သက်ပြင်းလေးချရင်း . . .

"သမီးလည်း အဲဒါပဲပြောနေတာ ဒေါ်လေးရဲ့၊ နော်တူးပြောတာကတော့ အဲဒီခွန်ရာဇာဟာ လူသတ်ဖို့လည်း နည်းနည်းမှ ဝန်မလေးဘူးတဲ့"

"ဟုတ်တယ်၊ ငါ့ကိုလည်း နော်တူးပဲပြောတာ၊ အဲဒီကောင်ဟာ နယ်စပ်မှာဆို ကြေးစားလူသတ်သမားတဲ့၊ မောင်လူရဲ သတိထားနော်"

"ဟုတ်ကဲ့၊ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော့်ကို ခုလို သတိပေးတာ ကျေးဇူးပါပဲ ဒေါ်လေး၊ ကျွန်တော် သတိထားပါ့မယ်"

*



နောက်နေ့နံနက်မိုးသောက်စကပင် နာဂတောင်တန်းဘက်သို့ ခရီးနှင်ကြမည့်အဖွဲ့ဝင်တို့သည် နယ်ပိုင်ဝန်ထောက်မင်း မစ္စတာစပါးရှား၏အိမ်ဝင်းထဲသို့ အဖွဲ့လိုက်ရော တစ်ဦးချင်းပါ ဝင်ရောက်လာကြလေသည်။

ဤခရီးကိုဦးဆောင်ရမည့် မြို့ပိုင်မင်းဦးလူအေးနှင့် သားဖြစ်သူ လူရဲ၊ ကုန်သည်ကြီးဦးအောင်မြတ်၊ ကျောင်းဆရာဟောင်းကြီး ဦးခက်ပန်တို့အပြင် အထမ်းသမားလေးဦးတို့ ရောက်ရှိလာကြပြီးနောက် နယ်ပိုင်ဝန်ထောက်မင်းကြီး မစ္စတာစပါးရှားသည် သူ၏စံအိမ်တော်ပေါ်မှ ခွန်ရာဇာနှင့်အတူ ဆင်းလာလေသည်။

ခွန်ရာဇာသည် သားရေဂျာကင်ကြီးကို သက္ကလတ်ဘောင်းဘီနက်နှင့် တွဲဖက်ဝတ်ထားပြီး လှေကားမှဆင်းလာစဉ်မှာပင် လူရဲအား စူးစူးရဲရဲ ကြည့်လာလေသည်။

နယ်ပိုင်ဝန်ထောက်မင်းကြီးက ခွန်ရာဇာကို ခရီးသွားအဖွဲ့ဝင်တွေနှင့် မိတ်ဆက်ပေးပြီးနောက် အခြားမှာကြားစရာရှိသည်တို့ကို ထပ်မံမှာကြားလေသည်။

"မစ္စတာလူအေးရေ . . . ဟောဒီထင်းရှူးသေတ္တာကြီးထဲမှာ ဒုံးမားစော်ဘွားကြီးရမ်ခိုနဲ့ ဆာကွန်ရာရွှာသူကြီးတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်အုပ်တွေရယ်၊ စောင်တွေရယ်အပြင် ကြည့်မှန်ဝိုင်းတွေပါ ထည့်ထားတယ် ...။

ဒီထင်းရှူးသေတ္တာထဲမှာတော့ သန္တာပုတီးတွေ၊ ဆားထုပ်တွေနဲ့ ဘီစကစ်ထုပ်တွေ၊ ချောကလက်တွေ ပါတယ်၊ ရွာသူရွာသားတွေကိုပါ စည်းရုံးရေးအတွက် ပေးနိုင်ဖို့ ပိုထည့်ပေးထားတယ် ...။

ဒုံးမားစော်ဘွားကြီးနဲ့ ဆာကွန်ရာရွာသူကြီးတို့ကို သေချာပြောပြပါ ... ကျွန်ုပ်တို့လိုချင်တဲ့ အရေးကိစ္စအောင်မြင်ရင် နှစ်လုံးပြူးသေနတ်နဲ့ ဆုတော်ငွေတွေပါ ချီးမြှင့်မယ်လို့"

"ကောင်းပါပြီ နယ်ပိုင်ကြီး"

"ကဲ ကဲ ... ခရီးစထွက်ကြပေတော့၊ ကျွန်ုပ်အားကိုးစိတ်ချမယ်နော်၊ အရေးကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြပါ"

"ကောင်းပါပြီ နယ်ပိုင်ကြီး"

သို့ဖြင့် မြို့ပိုင်ဦးလူအေးဦးဆောင်သည့် အဖွဲ့ဝင်တို့သည် အသင့်ရောက်ရှိနေပြီဖြစ်သော မြင်းလှည်းများပေါ်သို့ ထင်းရှူးသေတ္တာများနှင့် အခြားဝန်စည်စလယ်တို့တင်ကာ တက်လိုက်ကြ၏။

ထိုအချိန်တွင် နယ်ပိုင်မင်း၏စံအိမ်တော် အပေါ်ပြတင်း





ပေါက်တစ်ပေါက်၏အဝတွင် ဂျက်ဖရီတင်အုန်းပေါ်လာပြီး သူက ခရီးသွားအဖွဲ့ကို ငုံ့ကြည့်နေသည်။

မြင်းလှည်းများ ခြံဝင်းထဲမှ ထွက်ခွာသွားတော့ ဂျက်ဖရီက လက်လှမ်းပြသလို ခွန်ရာဇာက လက်ပြန်ပြရင်း လက်ယာဘက်လက်၏လက်မကို ထောင်ပြလိုက်သည်။

ဂျက်ဖရီကလည်း လက်ယာဘက်လက်မကို ပြန်ထောင်ပြ၏။

သူတို့၏အမူအရာကို မသိမသာ အကဲခတ်ရင်း လူရဲက ပြုံးလိုက်မိတော့သည်။

မြင်းလှည်းလေးစီးမှာ ချင်းတွင်းမြစ်ကမ်းပါးသို့ရောက်ရှိလာသည်တွင် အားလုံး မြင်းလှည်းများပေါ်မှဆင်းလိုက်သည်နှင့် အသင့်စောင့်နေဟန်တူသော ဂျာဘောက်ကို လူရဲတွေ့လိုက်ရ၏။

"လူရဲ"

"ဂျာဘောက် ... နင်က ဒီကမ်းနားက လာစောင့်နေတာလား"

"အေး ... ငါရောက်နေတာ နာရီဝက်ကျော်ပြီ၊ ရော့ ... နင့်အတွက် မုန့်ဖက်ထုပ်တွေ၊ ဦးလေးကိုပါ ကျွေးလိုက်နော်"

ဂျာဘောက်က မုန့်ဖက်ထုပ်အတွဲကြီးကို ကမ်းပေးရင်း လူရဲ၏ဖခင် မြို့ပိုင်မင်းဦးလူအေးထံ မဝံ့မရဲဖြင့် မေးဆတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . ယောက္ခမလောင်းကြီးအတွက်ပါ ပါတယ်ပေါ့"

လူရဲက ခပ်တိုးတိုးနောက်တော့ ဂျာဘောက်က မျက်လုံးလေးပြူးပြကာ အံကိုကြိတ်၏။ ဦးလူအေးက မသိမသာလှမ်းကြည့်နေသဖြင့် ဂျာဘောက် ထို့ထက်ပို၍ မလှုပ်ရှားရဲ။ သို့တိုင် ခပ်တိုးတိုးတော့ ကျိန်ဆဲလိုက်သေးသည်။

"ခွေးကောင် . . . သေချင်လို့"

ပြီးမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ပျာပျာသလဲ ခပ်တိုးတိုးပြောသည်။

"အိုး . . . ဘွာတေး ဘွာတေး၊ နင်က ခရီးကြမ်းကြီးသွားရမှာပဲ၊ ငါ ဒီလိုမပြောသင့်ဘူး"

"အေး . . . ဟုတ်တယ်၊ ဒီမှာဂျာဘောက် . . . ငါ ဒီခရီးကနေ အောင်အောင်မြင်မြင်နဲ့ပြန်လာရင် စစ်ပြန်ရဲဘော်ကြီးတွေကို သူတို့ရဲ့ချစ်သူရည်းစားတွေက ကြိုသလို နင်လည်း ငါ့ကို သပြေပန်းနဲ့ လာကြိုနော် . . . ဟဲ ဟဲ"

"တောက် . . . ခွေးကောင်၊ နင်နော်"

ကောင်မလေးက သည်တစ်ခါ တကယ်ရှက်သွားဟန်ဖြင့် လက်သီးဆုပ်ကလေးတရွယ်ရွယ် ဖြစ်သွားသည်။

"သားရေ . . . လာဟေ့၊ မော်တော်ပေါ်တက်ကြစို့"





ဖခင်က လှမ်းခေါ်နေသဖြင့် လူရဲမှာ ဂျာဘောက်ကို နှုတ်ဆက်လိုက်ရသည်။

"ကဲ ဂျာဘောက် . . . ငါပြန်လာမှ ဆက်ပြီးရန်ဖြစ်မယ် . . . သိလား၊ သွားမယ်နော်"

"အေး အေး . . . အစစအရာရာ ဂရုစိုက်နော် လူရဲ"

"အေးပါ . . . ကဲ သွားပြီ"

လူရဲက ဂျာဘောက်ကို လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး ကုန်းပေါင်မှတစ်ဆင့် မော်တော်ပေါ်တက်လာတော့ မော်တော်ပေါ် ရောက်နှင့်ပြီးဖြစ်သည့် ခွန်ရာဇာက သူ့ကို မျက်မှောင်ကြုတ်လျက်ကြည့်နေသည်ကို တွေ့ရ၏။

သူတို့မော်တော်လေး ချင်းတွင်းမြစ်ကြောင်းအတိုင်း အထက်သို့ ဆန်တက်လာတော့ ဂျာဘောက်မှာ ဟုမ္မလင်းဆိပ်ကမ်းတွင် လက်ကလေးဝှေ့ယမ်းပြရင်း ကျန်ရစ်ရှာ၏။

"သူငယ်ချင်းရေ စောင့်ကြိုနေရစ်တော့"

လူရဲက စိတ်ထဲမှပင် သံယောဇဉ်ကြီးမားလှသည့် သူငယ်ချင်းမလေးကို နှုတ်ဆက်စကားဆိုခဲ့ရလေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



နံနက် နေခြည်လင်းလက်စပြုကတည်းက မြစ်ကြောင်းကို ဆန်တက်ခုတ်မောင်းခဲ့သော မော်တော်လေးမှာ ချင်းတွင်းမြစ်ကြီး၏အနောက်ဘက်ကမ်းရှိ ဖာပုတ်ရွာဆိပ်ကမ်းသို့ ကပ်မိတော့ နေမွန်းလွဲနေချေပြီ။

ဖာပုတ်ရွာ (ခေါ်) ကမ်းပါးဖြူရွာ၏ဆိပ်ကမ်းက ကမ်းပါးယံ့လွန်စွာမြင့်လေသည်။ အထမ်းသမားတို့မှာ ပေ ၈၀ ကျော်ခန့်မြင့်မားသည့် ကမ်းပါးယံကြီးကို ကွေ့ကာဝိုက်ကာဖြင့် ထင်းရှူးသေတ္တာကြီးများကို ထမ်းတက်ရလေသည်။

"ဒီဖာပုတ်ရွာမှာ တန်ကွန်နာဂမျိုးနွယ်တွေ နေထိုင်ကြတယ်၊ သူတို့က နာဂတောင်တန်းတွေပေါ်က နာဂမျိုးနွယ်စုတွေနဲ့တော့ ခြားနားတယ်၊ မြန်မာစကားကိုလည်း များသောအားဖြင့် ရေရေလည်လည် ပြောတတ်ကြတယ်"

ဖာပုတ်ရွာတွင် အိမ်ခြေနည်းပါးလှသည်။ ထမင်းဆိုင်တွေ ဘာတွေလည်းမရှိ။ ထို့ကြောင့် ကမ်းပါးယံမြင့်ပေါ်မှ ကုက္ကိုပင်တစ်ပင်အောက်မှာပင် လူရဲတို့လူစု ပါလာသည့် ထမင်းထုပ်တို့ကို ဖြည်စားလိုက်ကြ၏။

ရွာလူကြီးများ ဖြစ်ဟန်တူသည့် တန်ကွန်နာဂအမျိုးသားကြီးနှစ်ဦးက လူရဲတို့လူစုကို လာကြည့်ပြီး . . .





"ဘယ်ကလာကြသလဲ၊ ဒီရွာကိုလာလည်တာလား"

ဟု မြန်မာလိုမေးကြရာ မြို့ပိုင်ဦးလူအေးက နာဂတောင်တန်းတို့ဘက်သို့ သွားလည်မှာဖြစ်ကြောင်း ရှင်းပြရသည်။

သူတို့က ဘာကူညီရမလဲ၊ ကျွဲလှည်းနဲ့ လိုက်ပို့ပေးရမလားဟု မေးသေး၏။

မြို့ပိုင်မင်းဦးလူအေးက အနောက်ဘက်ရှိ ပြာမှိုင်းမှိုင်းနာဂတောင်တန်းကြီးဘက်သို့ ငေးမျှော်ကြည့်ရင်း . . .

"ရပါတယ်ဗျာ၊ ဘာအကူအညီမှမလိုပါဘူး။ ရှေ့ဆိုတောတောင်လျှိုမြောင်တွေ ဖြတ်ရမှာပဲ၊ ခြေလျင်ပဲသွားပါ့မယ်၊ ကျေးဇူးပါပဲ"

ဟု ချေင်စွာပြန်ပြောလိုက်၏။

"ရင်ဗေးငယ် ဘရီးက ရော့တာတူ"

တန်ကွန်နာဂကြီးတစ်ဦး အားပါးတရ ပြောလိုက်သည့် နာဂစကားကို ခွန်ရာဇာက ချက်ချင်းဘာသာပြန်ကာ ပြောပြသည်။

"သူတို့ရွာဆီ အလည်ရောက်လာတာကို ကျေးဇူးတင်ကြောင်းပြောတာပါ"

ထို့နောက် တန်ကွန်နာဂကြီးနှစ်ဦးအား နှုတ်ဆက်ပြီး ဖာပုတ်ရွာလေးကို ဖြတ်သန်းချီတက်ခဲ့ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖာပုတ်ရွာလေးကနေတစ်ဆင့် ဟာကင်ရွာ၊ ဟိန်ကော့ရွာ၊ ဆွမ်ပရာရွာတွေကိုဖြတ်သွားရင် အိန္ဒိယ–မြန်မာနယ်စပ်ကို ရောက်သွားနိုင်တယ်ဗျ၊ ခရီးမိုင်က ၅၅ မိုင်လောက်တော့ ရှိမယ်"

နာဂတောင်တန်းများဘက်သို့ ကုန်ပစ္စည်းသွားရောင်းဖူးသည့် ကုန်သည်ပွဲစားကြီး ဦးအောင်မြတ်က ပြောပြလေသည်။

"ခင်ဗျား အဲဒီနာဂတောင်တန်းတွေပေါ်သွားတုန်းက ဘယ်သူတွေပါသေးသလဲဗျ၊ တစ်ယောက်တည်းသွားတာတော့ မဟုတ်နိုင်ဘူး"

"မြို့ဝန်မင်းရဲ့ အထမ်းသမားတွေတော့ ပါတာပေါ့ခင်ဗျ၊ ပထမဦးဆုံးအခေါက်ကဆို ဖာပုတ်ရွာကနေ လမ်းပြငှားသွားရတယ်ဗျ"

"ကျုပ်တို့က နယ်စပ်ဘက်သွားမှာမဟုတ်ဘူးနော်၊ ဟောဟိုက နာဂတောင်တန်းဆီသွားမှာ"

"ဟုတ်ပါတယ် မြို့ဝန်မင်းရဲ့ . . . ဒီဘက်လမ်းကနေသွားရင် နာဂတောင်တန်းတွေဘက် ရောက်တယ်လေ"

သူတို့သည် ဖာပုတ်ရွာအနီးရှိ ကောက်ကြီးစပါးခင်းနှင့် မုရင်းစပါးခင်းတို့ကို ကျော်ဖြတ်ခဲ့ပြီးသည့်နောက်တွင်မူ ဖော့ပင်၊ နဘူးပင် စသည့် တောချုံတို့အတိပြီးသည့် တောင်ကုန်းမြင့်များ၊





ဖုန်းဆိုးမြေများကို စတင်ကျော်ဖြတ်ရတော့၏။

ဤခရီးကို သုံးကြိမ်သုံးခါသွားဖူးသည့် ကုန်သည်ပွဲစားကြီး ဦးအောင်မြတ်နှင့် မြို့ပိုင်မင်းဦးလူအေးတို့က ရှေ့ဆုံးမှ စကားတပြောပြောဖြင့် ဦးဆောင်သွားနေကြ၏။

ဦးအောင်မြတ်မှာ ခါးပတ်၌ ရှမ်းဓားမြှောင်တစ်ချောင်းကိုသာ သားရေဓားအိမ်ဖြင့် ချိတ်ထားပြီး မြို့ပိုင်မင်းဦးလူအေးကမူ နှစ်လုံးပြူးပြောင်းရှည်သေနတ်ကို ကျောဌ်ပိုးလွယ်ထားလေသည်။

ခါးပတ်၌ ယမ်းတောင့်အိတ်နှင့် ရှမ်းဓားမြှောင်အိတ်တို့ကို ချိတ်ဆွဲထားလေသည်။

သူတို့နှစ်ယောက်၏နောက်မှလိုက်ပါလာသူမှာ ခွန်ရာဇာဖြစ်ပြီး သူက ရှမ်းလွယ်အိတ်နှင့် ရှမ်းဓားလွယ်တို့ကို ကျော၌ သိုင်းလွယ်ထားလေသည်။

ခွန်ရာဇာ၏နောက်တွင် အထမ်းသမားလေးဦးက ထင်းရှူးသေတ္တာနှစ်လုံးနှင့် ကြိမ်ခြင်းကြီးနှစ်လုံးကို နှစ်ဆိုင်းခွဲထမ်းလာကြပြီး အားလုံး၏နောက်တွင် ကျောင်းဆရာကြီး ဦးခက်ပန်နှင့် လူရဲတို့ လိုက်ပါလာကြလေသည်။

ကျောင်းဆရာကြီးဦးခက်ပန်သည်လည်း ဦးအောင်မြတ်ကဲ့သို့ပင် ရှမ်းဓားမြှောင်တစ်လက်သာ ခါး၌ချိတ်ထားပြီး လူရဲကမူ



www.burmeseclassic.com

လက်ထဲတွင် အမဲပစ် ဝင်ချက်စတာရိုင်ဖယ်ကိုဆွဲကိုင်ထားကာ ရှမ်းဓားမြှောင်၊ သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးနှင့် ကျည်ဆန်အိတ်တို့ကို ခါးပတ်တွင် ချိတ်ဆွဲထားလေသည်။

မြို့ပိုင်မင်းဦးလူအေးမှာ နာဂတောင်တန်းများဘက်သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးချေ။ နာဂတောင်တန်းများပေါ်တွင် နေထိုင်လျက်ရှိကြသည့် ကူကီးချင်း၊ ပိန်းကူးနာဂ စသည့် တိုင်းရင်းသားတို့၏ဘာသာစကားများကိုလည်း လုံးဝတတ်သူ မဟုတ်ချေ။

လူမျိုးစုခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဖူးခြင်း မရှိချေ။ တာဝန်အရသာ အရဲစွန့်လာခဲ့ရခြင်း ဖြစ်လေသည်။

လူရဲမှာ ချင်းစကား အတော်လေးတတ်သော်လည်း သူ ချင်းစကားတတ်မှန်း ဤအဖွဲ့ထဲတွင် သူ၏ဖခင်မှလွဲ၍ မည်သူမျှမသိချေ။

ကျောင်းဆရာဟောင်း ဦးခက်ပန်မှာ တောင်ပေါ်ချင်းစကားကို အနည်းငယ်တတ်သော်လည်း နာဂတို့၏ဘာသာစကားကိုမူ လုံးဝမတတ်ချေ။

သူက စကားပြောရည်မွန်ပါးနပ်သူဖြစ်သဖြင့် နယ်ပိုင်မင်း မစ္စတာစပါးရှားက ဤအဖွဲ့ထဲ အတင်းထည့်လိုက်ခြင်း ဖြစ်လေသည်။





ကုန်သည်ပွဲစားကြီး ဦးအောင်မြတ်မှာမူ တောင်ပေါ်ကူကီးချင်းစကားကို ကောင်းစွာတတ်သူဖြစ်၏။ သို့သော် သူက နာဂတိုင်းရင်းသားတို့၏ဘာသာစကားကိုမူ တီးမိခေါက်မိရုံသာ တတ်၏။

ထို့ကြောင့်လည်း . . . ချင်းတိုင်းရင်းသားတို့၏ဘာသာစကားသာမက နာဂတို့၏ဘာသာစကားတို့ကိုပါ တတ်ကျွမ်းသော ခွန်ရာဇာအား စကားပြန်အဖြစ် ခေါ်လာခဲ့ရခြင်း ဖြစ်ပေသည်။

သို့သော် . . . ဦးအောင်မြတ်မှာ နာဂတောင်တန်းကြီးပေါ်ရှိ တိုင်းရင်းသားတို့၏ကျေးရွာများသို့ ယခင်က နှစ်ကြိမ်သုံးကြိမ်မျှ လူသုံးကုန်ပစ္စည်းများ သွားရောင်းဖူးသလို တောင်ပေါ်ဒေသထွက်ကုန်များဖြစ်သော သစ်မွှေး၊ သားကောင်သားရေ၊ ဆေးဖက်ဝင် သစ်ဥသစ်မြစ်များနှင့် ပျားဖယောင်း စသည်တို့ကို ဝယ်ယူဖူးခဲ့လေသည်။

တကယ်တော့ ဝေးလံသီခေါင်လှသည့်ဒေသမှ တောင်ပေါ်သားတို့နှင့် ကုန်ရောင်းကုန်ဝယ်လုပ်ရာတွင် ငွေကြေးဖြင့်ဝယ်ရောင်းခြင်းထက် ကုန်ပစ္စည်းချင်း ဖလှယ်ကြသည်က ပိုများလေသည်။

သို့ဖြင့် . . . လူရဲတို့လူစုသည် ဖုန်းဆိုးမြေများ၊ တောင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းမြင့်များ၊ ဆူးချုံများကို တစ်နေ့ကုန် တိုးဖြတ်ချီတက်လာခဲ့ရာမှ ညနေမှောင်လုလုတွင်မှ တောင်တန်း၏အခြေသို့ ဆိုက်ရောက်သွားပါတော့သတည်း။

* * *



# အခန်း (၂)

## သွေးနီတောင်တန်းသားများ ရင်ဆိုင်အတွေ့ မာယာမြိုင်တော သူယောင်မယ်နှင့်ဆုံတွေ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## သွေးနီတောင်တန်းသားများ

တဖွဲဖွဲကျနေသည့် နှင်းမှုန်ဖွေးဖွေးတို့အောက်တွင် နာဂတောင်တန်းကြီးပေါ်ရှိ ဒုံးမားရွာကြီးမှာ ဆိတ်ဆိတ်ငြိမ်လျက်ရှိလေသည်။

အိမ်ခြေငါးဆယ်ခန့်ရှိသည့် ဒုံးမားရွာကြီး၏အမြင့်ပိုင်းတစ်နေရာရှိ ခြေတံရှည်သစ်သားအိမ်ကြီး၏ အိမ်ရှေ့တံခါးဝတွင် နွားနောက်ခေါင်း၊ သမင်ခေါင်း၊ ပြောင်ခေါင်း စသည်တို့ကို စီရရီ ချိတ်ဆွဲထားလေသည်။

နှင်းကွဲစပြုကာ နေရောင်ခြည်မြမြလေး နွေးစပြုလာချိန်တွင်မှ အဆိုပါအိမ်ကြီးဆီမှ မောင်းထုသံ တဒူဒူထွက်ပေါ်လာပါ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

'ဒူ ဒူ ဒူ ဒူ'

ယင်းသို့လျှင် မောင်းထုသံကြားသည်နှင့် ရွာသားများဖြစ်ကြသော ကူကီးချင်းနှင့် နာဂလူရွယ်လူငယ်လေးများသည် ရုံးရွက်မိုးထားပြီး လက်ရွေးပျဉ်ကာထားသော တဲအိမ်လေးများထဲမှ ခပ်ကုပ်ကုပ်ထွက်လာကြကာ အချင်းချင်း တီးတိုးပြောကြရင်း ခြေတံရှည်အိမ်ကြီးပေါ်သို့ တက်သွားကြပါတော့၏။

အဆိုပါ ခြေတံရှည်အိမ်ကြီး၏အလယ်တွင် လေးပေပတ်လည်ခန့်ရှိသည့် မီးလင်းဖိုကြီးတစ်ဖိုကို လက်မောင်းလုံးခန့်ရှိသော ထင်းချောင်းကြီးများ ဆိုင်ထိုးလျက် ဖိုထားလေသည်။

သို့ကြောင့်လည်း အိမ်ကြီးထဲတွင် နွေးထွေးလျက်ရှိကာ ယခုလို အေးချမ်းလှသော သမယ၌ နေလို့ထိုင်လို့ ကောင်းလှပေသည်။

ထိုသို့ဖြင့် ရွာသူရွာသားတို့သည် အဆိုပါအိမ်ကြီးပေါ်သို့ တဖွဲဖွဲတက်ရောက်လာရာ ခဏအကြာမှာပင် တစ်အိမ်လုံး လူပြည့်သွားပါတော့သည်။

အဆိုပါခြေတံရှည်အိမ်ကြီးမှာ ကူကီးချင်းတို့၏ အကြီးအကဲ စော်ဘွားကြီးရမ်ခို၏စံအိမ်ကြီးပင် ဖြစ်ပေသည်။

မီးလင်းဖိုကြီး၏မြောက်ဘက် အိမ်နံရံအနီးရှိ ကွပ်ပျစ်ကြီးပေါ်၌ ကညင်ခေါက်ခင်းထားပြီး ယင်းအခင်းပေါ်တွင် အသက် ၆၀ ကျော်ခန့်ရှိသည့် ကူကီးချင်းတို့၏ အကြီးအကဲစော်ဘွားကြီးရမ်ခိုမှာ ဆိတ်ငြိမ်စွာထိုင်လျက် ကြေးနီခွေစွပ်ထားသည့် မြေခဲ့ဆေးတံကြီးကို ပါးစောင်ဝယ် ခဲထားလေသည်။

စော်ဘွားကြီးရမ်ခိုထိုင်နေသည့် ကွပ်ပျစ်၏နံဘေး ပတ်ဝန်းကျင်တွင် အခြားသော တောင်ပေါ်တိုင်းရင်းသားကျေးရွာခေါင်းဆောင်များမှာ လက်ဆောင်ပဏ္ဏာများအဖြစ် ဆက်သထားသည့် ရောမဆင်စွယ်ကြီးများကို အစီအရီထောင်ထားကာ မောင်းကြီး မောင်းငယ်များကိုလည်း တန်းစီလျက် ချိတ်ဆွဲထားသေးသည်။

အိမ်နံရံတို့တွင် လှံတို လှံရှည်တို့ကိုပါ ချိတ်ထားရာ မီးလင်းဖိုမှ မီးရောင်ဟပ်လိုက်တိုင်း လှံသွားများမှာ တဖျပ်ဖျပ် အရောင်တောက်နေတော့၏။

ယင်းလှံတို, လှံရှည်တို့၏နံဘေးတွင်မူ တူမီးသေနတ်၊ ကျောက်မီးသေနတ်များကို စီတန်းလျက် ထောင်ထားပါလေ၏။

ထိုသို့ ခမ်းနားစွာ ခင်းကျင်းထားသော စော်ဘွားကြီး၏ စံအိမ်အတွင်း စော်ဘွားကြီးရမ်ခို၏ရှေ့မှ ကြမ်းပြင်ပေါ်တွင် ရွာသူရွာသား လူရွယ်လူငယ် အယောက် ၄၀ ကျော်ခန့်က မီးလင်းဖိုကြီးကို ဝိုင်းပတ်ထိုင်နေကြလေသည်။




ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ယင်းရွာသူရွာသားတို့သည် သူတို့၏အကြီးအကဲ စော်ဘွားကြီးရမ်ခို မြွက်ကြားမည့်စကားကို နာခံရန် စိတ်စောနေကြလေသည်။

ဒုံမားစော်ဘွားကြီးရမ်ခိုသည် ဦးခေါင်း၌ ဆံပင်ကို နောက်တွဲထုံးထားပြီး ဂျပ်ခုတ်ဖျင် ရင်ခွဲလက်ပြတ်အင်္ကျီကို ဝတ်ဆင်ထားလျက် ဂျပ်ခုတ်ဖျင်ဖြူပိုင်းကို ခါး၌ပတ်ကာ ဝတ်ဆင်ထားလေသည်။

ခါးတွင် ခါးစည်းကြိုးအနက်အပြာကြီးကိုလည်း ပတ်ထားလေရာ စော်ဘွားကြီး၏ ဝတ်စားဆင်ယင်မှုမှာ ထောင်မောင်း ပြည့်ဖြိုးသော ကိုယ်လုံးကိုယ်ထည်နှင့်ရော မျက်နှာပြည့်ဝိုင်းဝိုင်းကြီးနှင့်ပါ လွန်စွာလိုက်ဖက်လျက် ခန့်ညားလွန်းလှပေ၏။

စော်ဘွားကြီးရမ်ခိုက မိမိတို့၏နာဂတောင်တန်းဒေသများအတွက် သေရေးရှင်ရေး အရေးတကြီးကိစ္စပေါ်လာရန်ရှိသဖြင့် အရေးပေါ် အထူးအစည်းအဝေးကြီး ပြုလုပ်ရန် လွန်ခဲ့သော သုံးလေးရက်ကပင် ဆက်သားများလွှတ်ကာ အခြားကျေးရွာလူကြီးများ လူမျိုးစုခေါင်းဆောင်များကို ဖိတ်ကြားထားခဲ့လေသည်။

ထို့ကြောင့်လည်း တန်ကွန်နာဂ၊ ချယ်ရာနာဂ၊ ပါရာနာဂ၊ ခေါင်ဆိုင်ချင်း၊ ကူကီးချင်း တိုင်းရင်းသားလူမျိုးစု အကြီးအကဲများ၊ ကျေးရွာအကြီးအမှူးများမှာ ယမန်နေ့ကစပြီး စော်ဘွားကြီး၏စံအိမ်သို့ တဖွဲဖွဲရောက်ရှိလာခဲ့ကြလေသည်။

"ကဲ . . . လူစုံရင် အစည်းအဝေးစမယ်"

စော်ဘွားကြီးရမ်ခိုက မြေဆေးတံကြီးဖွာနေရာမှ ရပ်လိုက်ပြီး အသံဝါကြီးဖြင့် စတင်မိန့်ကြားလိုက်ရာ တီးတိုးစကားသံများ တိတ်ဆိတ်သွားကာ အားလုံး၏အာရုံက စော်ဘွားကြီးထံ ရောက်ရှိသွားတော့၏။

"လူမျိုးစုခေါင်းဆောင်တွေ၊ ကျေးရွာလူကြီးတွေကို ကျုပ်ဖိတ်ကြားပြီး ခုလို အထူးအရေးပေါ် အစည်းအဝေးခေါ်ရတာဟာ ကျုပ်တို့ နာဂတောင်တန်းက တိုင်းရင်းသားလူထုအတွက် သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စကြီး ပေါ်လာလို့ပဲ"

အားလုံးမှာ ယုန်များနှယ် နားရွက်ထောင်သွားကြပြီး ဘာများဖြစ်လို့ပါလိမ့်ဟူသော စိုးရိမ်ပူပန်စိတ်ဖြင့် ပိုမိုနားစွင့်နေလိုက်ကြလေသည်။

"အခု မျက်နှာဖြူနယ်ချဲ့တိုင်းခြားအစိုးရက သူတို့ရဲ့ နယ်ချဲ့စစ်ကို ကူတိုက်ပေးဖို့ ကျုပ်တို့ နာဂတောင်တန်းကနေ စစ်ကူစစ်သည်တွေ ရယူဖို့ စီမံနေပြီ၊ စစ်သားစုဆောင်းပေးဖို့ ဆိုပါတော့"

"ဟာ . . . မဖြစ်နိုင်တာ"







www.burmeseclassic.com

www.burmeseclassic.com



"နယ်ချဲ့မိစ္ဆာတွေက လူပါးဝလို့ သူတို့အတွက်ပဲ ကျုပ်တို့က အသေခံရဦးမယ်၊ ဘယ်စစ်သားမှ မပေးနိုင်ဘူး"

"ဟုတ်တယ်၊ ကျုပ်တို့လည်း သဘောမတူဘူး"

ဝေဖန်သံများ ခံပြင်းစွာဖြင့် တဝေါဝေါ ထွက်လာတော့၏။ စော်ဘွားကြီးရမ်ခိုက လက်ကာတားလိုက်မှ အသံများ တဖြည်းဖြည်း တိတ်သွားလေသည်။

"ဟုမ္မလင်းမြို့ကိုလွှတ်ထားတဲ့ ကျုပ်ရဲ့အထောက်တော် တစ်ယောက်ဆီကနေ အဲဒီသတင်းကြားခဲ့ရတာပဲ၊ အဲဒီလို စစ်သားစုဆောင်းပေးဖို့ ကျုပ်တို့လို လူမျိုးစုခေါင်းဆောင်တွေ၊ ဆွေမျိုးရွာခေါင်းဆောင်တွေကို စည်းရုံးဖို့ အင်္ဂလိပ်အစိုးရရဲ့ကိုယ်စားလှယ်လူတစ်စုဟာ မကြာခင်ရက်အတွင်း ကျုပ်တို့ရဲ့ နာဂတောင်တန်းပေါ် ရောက်လာတော့မယ်"

"သူတို့ကို အလာမခံဘူး၊ သတ်ပစ်မယ်"

"ဟုတ်တယ်၊ နယ်ချဲ့ရဲ့လက်ပါးစေတွေကို ရှင်းပစ်လိုက်တာပဲကောင်းတယ်"

ဒေါသတကြီး ဝေဖန်သံများ ထွက်လာပြန်ရာ စော်ဘွားကြီး ရမ်ခိုက လက်ကာတားလိုက်ရပြန်သည်။

"နေပါဦး၊ နေပါဦး ... ဆန္ဒမစောကြပါနဲ့ဦး၊ အဲဒီ လာရောက်မယ့်ကိုယ်စားလှယ်အဖွဲ့မှာ မြန်မာလူမျိုး မြို့ပိုင်တစ်ဦး





ခေါင်းဆောင်ပြီး မြန်မာလူမျိုးတွေချည်းလာမှာဆိုတော့ ကျုပ်တို့ရဲ့ ညီရင်းအစ်ကိုအချင်းချင်း လက်လွှတ်စပယ်လုပ်ဖို့ မသင့်ဘူး။ ဒါကိုတော့ ကြိုပြောပါရစေ"

ဤတွင် လူမျိုးစုခေါင်းဆောင်တစ်ယောက်က ပြတ်သားစွာ ဝင်ပြောလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် အဲဒီကိစ္စကို ကျုပ်တို့လက်ခံလို့ မဖြစ်ဘူး စော်ဘွားကြီး၊ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ဖလမ်းနယ်ဘက်က ချင်းတိုင်းရင်းသားလူငယ်လူရွယ်တွေကို နယ်ချဲ့အစိုးရက ခေါ်သွားပြီး သူတို့ရဲ့နယ်ချဲ့အင်ပါယာကြီးကို ကာကွယ်ဖို့ အသေခံ တိုက်ခိုက်ခိုင်းခဲ့ကြတယ်၊ အဲဒီ ချင်းလူငယ်လူရွယ်တွေ ခုအထိ နေရပ်ဆီပြန်မရောက် မလာကြဘူး၊ မိဘဆွေမျိုးတွေဟာ သူတို့ရဲ့ သတင်းကို စုံစမ်းလို့မရကြဘူး၊ သေသလား ရှင်သလားမသိကြရဘူး။ ခု ကျုပ်တို့ဘက်လှည့်လာပြီ၊ ဒါကြောင့် ဘယ်နည်းနဲ့မှ လက်ခံလို့မဖြစ်ဘူး"

"ဟုတ်တယ် ... ကျုပ်တို့လည်း လက်မခံဘူး"

"ကျုပ်တို့ရွာကလည်း လက်မခံဘူး"

"ဟုတ်ပြီ၊ ဒါဆို ကျုပ်မေးမယ်၊ သေသေချာချာ စဉ်းစားပြီးမှ ဖြေကြပါ"

"ကုလားဖြူအစိုးရက ကျုပ်တို့ဆီကနေ စစ်သားစု



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းစေလွှတ်ပေးဖို့ ရာဇသံပေးလာရင် ကျုပ်တို့ လက်မခံနိုင်ဘူးလို့ တုံ့ပြန်မှာလား''

''ဟုတ်တယ် . . . အဲဒီလိုပဲ တုံ့ပြန်မယ် စော်ဘွားကြီး''

''ဟုတ်တယ်၊ ကျုပ်တို့လည်း လက်မခံဘူးလို့ အကြောင်းပြန်မယ်''

''ကောင်းပြီ၊ အဲဒီလိုတုံ့ပြန်ရင် အင်္ဂလိပ်အစိုးရက အာဏာဖီဆန်တယ်ဆိုပြီး ကျုပ်တို့နာဂတောင်တန်းကို ရန်ရှာလာမှာ ကျိန်းသေတယ်''

''ရန်ရှာလာရင် ခံချမှာပေါ့ စော်ဘွားကြီး၊ သင်းတို့ဟာ သံမှုန်စားတဲ့သူတွေမို့လို့လား''

''စော်ဘွားကြီးခင်ဗျာ . . . အင်္ဂလိပ်နယ်ချဲ့တို့ဟာ ကျုပ်တို့ထက် လက်နက်အင်အားကောင်းပါတယ်၊ သူတို့မှာ စက်သေနတ်တွေရှိတယ်၊ ကျုပ်တို့မှာ တစ်လုံးထိုး တူမီးသေနတ်ပဲ ရှိပါတယ်၊ ဒါပေမဲ့ . . . ကျုပ်တို့ရဲ့သွေးက သင်းတို့ထက်ပိုရဲတယ်၊ ကျုပ်တို့ အသေခံပြီးပြန်ချမယ်''

ပရဲရွာသူကြီးကလည်း လက်သီးဆုပ်ထောင်လိုက်ရင်း ခက်မာစွာပြောသည်။

''ဟုတ်တယ် စော်ဘွားကြီး . . . ကျုပ်တို့နိုင်ငံကို ကျွန်ပြုထားသလို တခြားနိုင်ငံတွေကိုပါ ကျွန်ပြုထားတဲ့ သင်းတို့ရဲ့





ကျွန်ပိုင်နက်ကြီးကို ကာကွယ်ပေးဖို့ ကျုပ်တို့ကို စစ်တိုက်ခိုင်းတာကတော့ ကိုယ့်အရိုးနဲ့ ကိုယ့်ပြန်ထိုးသလိုပါပဲ၊ လုံးဝလက်ခံနိုင်စရာ မရှိပါဘူး၊ ဒီကောင်တွေကို အညံ့ခံပြီး သူတို့ခိုင်းတိုင်းလုပ်တာထက်စာရင် သေရတာကမှ မြတ်ပါဦးမယ်၊ ဒီကောင်တွေကို ခံချမယ်ဗျာ''

လူမျိုးစုခေါင်းဆောင်များ၊ ကျေးရွာလူကြီးများ၏စကားကို နားထောင်ပြီးနောက် သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်အပြည့်ရှိသူ စော်ဘွားကြီးရမ်ခိုက ပြုံးပြုံးကြီးဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး . . .

''ကဲ . . . ဟုတ်ပြီ၊ ကျုပ်တို့ နာဂတောင်တန်းဒေသက တိုင်းရင်းသားအားလုံးက နယ်ချဲ့အင်္ဂလိပ်တွေရဲ့ စစ်သားစုဆောင်းပေးဖို့ ရာဇသံပေးလာရင် လုံးဝလက်မခံနိုင်ဘူးဆိုတာ သေချာပြီပေါ့ . . . ဟုတ်လား''

''အသေအချာပါပဲ စော်ဘွားကြီး''

''သေချာပါတယ် စော်ဘွားကြီး''

''ဟုတ်ပြီ . . . ကုလားဖြူအစိုးရကို အာခံဖို့ အားလုံးသဘောတူညီကြပြီဆိုရင် ငါတို့ထက် လက်နက်အင်အား အများကြီး ပိုကောင်းပြီး ဉာဏ်နီဉာဏ်နက်များတဲ့ နယ်ချဲ့တပ်တွေကို ငါတို့ ဘယ်လိုရင်ဆိုင်တိုက်ခိုက်မလဲ၊ ပြီးတော့ . . . အခုရက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ငါတို့ဆီကို စည်းရုံးဖို့ရောက်လာမယ့် နယ်ချဲ့အစိုးရရဲ့ အရာရှိမြို့ပိုင်ဦးလူအေးနဲ့အဖွဲ့ကို ဘယ်လိုစီရင်ကြမလဲဆိုတာ ဆက်ဆွေးနွေးကြတာပေါ့၊ စားရင်းသောက်ရင်း ဆွေးနွေးကြတာပေါ့''

စော်ဘွားကြီးက စော်ဘွားကြီးကတော်အား ခေါင်းညိတ်ကာ အချက်ပြလိုက်ရာ စော်ဘွားကြီးကတော်က ခေါင်ရည်အိုးကို မ,ယူလာပြီး စော်ဘွားကြီး၏ရှေ့သို့ လာရောက်ချပေးလေသည်။

ထို့နောက် လုံမပျိုနှစ်ဦးက သစ်သားဗျပ်ခွက်ကြီးတစ်ခုထဲ ထမင်းဖြူများ ပုံထည့်လာပြီး ယင်းထမင်းဖြူပုံပေါ်သို့ ကြက်သား်ဟင်းအိုးကို မှောက်ထည့်လိုက်လေသည်။

ယင်းနောက် ဗျပ်ခွက်ကြီးကို မီးလင်းဖိုအနီးသို့ မ,ယူလာကြကာ စော်ဘွားကြီး၏ရှေ့၌ ချပေးလိုက်ကြလေ၏။

အားလုံးပြင်ဆင်ပြီးသည့်တွင် စော်ဘွားကြီးရမ်ခိုက ခေါင်ရည်ကို ဝါးပွန်းတံဖြင့် တစ်စုပ်,နှစ်စုပ် စုပ်ယူသောက်သုံးလိုက်လေသည်။ ပြီးလျှင် အသက်အရွယ်အကြီးဆုံး လူမျိုးစုအကြီးအကဲထံ ခေါင်အိုးကို ကမ်းပေးလိုက်လေသည်။

ထိုအကြီးအကဲက ခေါင်ရည်စုပ်လိုက်ပြီးနောက် ခေါင်အိုးကို ကြီးစဉ်ငယ်လိုက် ကမ်းပေးလျက် အသီးသီး စုပ်သောက်ကြလေသည်။





ခေါင်အိုးတစ်ပတ်ပတ်မိသွားသည့်တွင် စော်ဘွားကြီးရမ်ခိုက သစ်သားဗျပ်ခွက်ကြီးထဲမှ ကြက်သားဟင်းတုံးနှင့် ထမင်းဖြူကို လက်တစ်ဆုပ် နှိုက်ယူစားလိုက်လေသည်။

ထို့နောက် ကြီးစဉ်ငယ်လိုက် ထမင်းနှင့်ဟင်းတို့ကို အားရပါးရ စားကြလေသည်။

ယင်းသို့ စားရင်းသောက်ရင်း ဆက်လက်ဆွေးနွေးကြလေသည်။

''မြို့ပိုင်ဦးလူအေးတို့အဖွဲ့ ကျုပ်တို့ နာဂတောင်တန်းပေါ် ရောက်လာရင် ဘယ်လိုရင်ဆိုင်ကြိုဆိုကြမလဲ''

''စော်ဘွားကြီး ... ကျုပ်ရဲ့သဘောကတော့ နယ်ချဲ့မျက်နှာဖြူတွေရဲ့ ကြေးတော်မျိုး,ကျွန်တော်မျိုး မြို့ပိုင်ဆိုတဲ့လူကို အလေးအမြတ်ပြုရမယ့်ဧည့်သည်တော်အဖြစ် မကြိုဆိုချင်ဘူးဗျာ''

''ဟုတ်တယ် ... ကျုပ်တို့လည်း အဲဒီလူတွေကို ရွံတယ်ဗျာ၊ အဲဒီ နယ်ချဲ့လက်ပါးစေတွေကို လက်ဦးမှုယူပြီး အပြတ်ရှင်းလိုက်ချင်တယ်၊ ဒါမှ သူတို့နဲ့အတူပါလာမယ့် လက်နက်တွေပါရမှာ''

စော်ဘွားကြီးရမ်ခိုကမူ စားလက်စကို လက်စသတ်ကာ မြေခွေးတံကြီးကို ဖွာရင်း လေးနက်စွာ စဉ်းစားတွေးတောလျက်

www.burmeseclassic.com



ရှိလေသည်။

"အင်း ... ခက်တာက အဲဒီမြို့ပိုင်ဆိုတဲ့လူနဲ့အတူ ကျုပ်တို့ရဲ့မိတ်ဆွေကုန်သည်ကြီး ဦးအောင်မြတ်ပါလာတယ်တဲ့ဗျ။ ဦးအောင်မြတ်ဟာ စိတ်ထားကောင်းတဲ့ သဘောထားပြည့်ဝတဲ့ လူကောင်းတစ်ယောက်ပါဗျ။ သူနဲ့ ရောင်းဝယ်ဖောက်ကား ဆက်ဆံဖူးတဲ့ ရင်းနှီးခင်မင်မှုကိုမထောက်ဘဲ ယတိပြတ် မလုပ်သင့်ဘူး"

ဤတွင် ဦးအောင်မြတ်နှင့် ရင်းနှီးခင်မင်သည့် ဆာကွန်ရာ ရွာသူကြီးကလည်း သူ၏အယူအဆကို ဝင်ပြောသည်။

"စော်ဘွားကြီးပြောတာမှန်တယ်၊ မြို့ပိုင်နဲ့ ဦးအောင်မြတ်တို့ဟာ ကျုပ်တို့ဆီကို သူတို့သဘောနဲ့သူတို့ လာတာမဟုတ်နိုင်ဘူး။ နယ်ချဲ့အစိုးရရဲ့ အတင်းအကျပ် တာဝန်ပေးမှုကြောင့် မလွှဲမရှောင်သာဘဲ လာကြရတာပဲဖြစ်မယ်၊ ပြီးတော့ ... သူတို့ဟာ ကျုပ်တို့ကို ရန်ပြုဖို့လာတာ မဟုတ်ဘူး။ ဒါကြောင့် သူတို့ကို ကျုပ်တို့က အန္တရာယ်မပြုသင့်ဘူး၊ သူတို့ကမ်းလှမ်းလာတာကို လက်မခံဘူးလို့ပြောလွှတ်လိုက်ရင် ပြီးရောပေါ့"

ဤတွင် စော်ဘွားကြီးရမ်ခိုက အားလုံး၏သဘောထားကို မေးလိုက်လေသည်။

"ကဲ ... ဘယ်လိုသဘောရကြသလဲ"





"ကျုပ်တို့ကတော့ နယ်ချဲ့အစိုးရရဲ့ အစေအပါးတွေကို လက်မခံချင်ဘူး၊ သူတို့ စည်းရုံးပြောဆိုမယ့်စကားတွေကိုလည်း နားမထောင်ချင်ဘူး။ နားခါးတယ်၊ သင်းတို့ပြောပုံဆိုပေါက် အချိုးမပြေရင် သတ်မိလိမ့်မယ်၊ ကျုပ်တို့တိုင်းပြည်ရဲ့ အကြီးအကဲ သီပေါမင်းကို နန်းချဖမ်းဆီးသွားကတည်းက သင်းတို့ နယ်ချဲ့တွေကို ကျုပ်တို့ အသည်းခါးခါးမုန်းနေတာ၊ ကျုပ်တို့ရွာတွေဆီ မလာပါစေနဲ့ဗျာ"

"ဟုတ်တယ် စော်ဘွားကြီး၊ သူတို့သာ နယ်ချဲ့အစိုးရရဲ့ ရာဇသံနဲ့ လာမှန်းသိရင် ကျုပ်တို့ရွာသားတွေကို ထိန်းလို့ရမှာ မဟုတ်ဘူး၊ သွေးချောင်းစီးကုန်မှာ သေချာတယ်"

လူမျိုးစုခေါင်းဆောင်အများစုက မြို့ပိုင်တို့လူစု ရောက်လာမည့်ကိစ္စကို ခါးခါးသီးသီး ဖြစ်နေကြသဖြင့် စော်ဘွားကြီး ရမ်ခိုမှာ အသက်သာဆုံး ဖြေရှင်းရမည့်လမ်းကို-စဉ်းစားဆုံးဖြတ်ရတော့သည်။

"ကဲ ... ဒါဆို ဒီလိုလုပ်ကြမယ်၊ သူတို့လာရင် ဆာကွန်ရာရွာကို ဦးဆုံးဖြတ်သန်းလာရမှာ မဟုတ်လား"

"ဟုတ်တယ် စော်ဘွားကြီး၊ ကျုပ်ရဲ့ရွာကိုဖြတ်လာရမှာပဲ၊ ဦးအောင်မြတ် ကုန်ရောင်းကုန်ဝယ်လာတိုင်း ကျုပ်ရဲ့ရွာ အရင်ဝင်ပြီး ညအိပ်ပြီးမှ စော်ဘွားကြီးတို့ရဲ့ ဒုံမာရွာဘက်



www.burmeseclassic.com

www.burmeseclassic.com



လာတာပါ''

''ကောင်းပြီ၊ ဒါဆို ... ခင်ဗျားကိုပဲ တာဝန်ပေးချင်တယ် ဆာကွန်ရာရွာသူကြီး''

''ဟုတ်ကဲ့ စော်ဘွားကြီး၊ ကျုပ် ဘာလုပ်ပေးရမလဲ''

''သူတို့လာရင် လာရင်းကိစ္စကို သေချာမေးပါ၊ ကျုပ်သတင်းရထားတဲ့အတိုင်း တပ်သားစုဆောင်းပေးဖို့လာတာဆိုရင် လာရာလမ်းက လှည့်ပြန်ဖို့ ပြောပါ၊ အဲဒါမှ ရှေ့ဆက်တိုးလာရင် သူတို့ထိုက်နဲ့သူတို့ကံလို့သာ ပြောလိုက်ပေတော့''

''ကောင်းပါပြီ စော်ဘွားကြီး''

ထိုအခါကျမှ လူမျိုးစုခေါင်းဆောင်တို့မှာ ဘဝင်ကျသွားဟန်ဖြင့် မျက်နှာအမူအရာတို့ ပြေလျော့သွားကြတော့၏။

စော်ဘွားကြီးရမ်ခိုက သက်ပြင်းရှိုက်လိုက်ပြီးနောက် နောက်ဆုံးသြဝါဒစကားကို မြွက်ကြားတော့သည်။

''တစ်ခုတော့ရှိတယ်၊ ကျုပ်တို့က အင်္ဂလိပ်အစိုးရရဲ့ အာဏာကို ဖီဆန်လိုက်တယ်ဆိုရင် မျက်နှာဖြူတွေဟာ သူတို့ရဲ့ တပ်တွေကို လွှတ်ပြီး ကျုပ်တို့ကို ချေမှုန်းတော့မယ်၊ ဒါကြောင့် ကျုပ်တို့ဟာ သူတို့ကို တွန်းလှန်နိုင်ဖို့ ခံတပ်တွေ၊ ခံကတုပ်တွေ၊ ခံစစ်ကြောင်းတွေ၊ ပြီးတော့ ထောင်ချောက်တွေ၊ ကျောက်မောင်းတွေ အသင့်စီစဉ်ထားရမယ်၊ ကျေးရွာအချင်းချင်း ညှိနှိုင်းဆောင်





ရွက်ပါ၊ ချက်ချင်းဆောင်ရွက်ကြမှဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ရဲ့ နာဂတောင်တန်းသားတွေဟာ သူ့ကျွန်မခံတဲ့စိတ်ဓာတ်အပြည့်ရှိကြောင်း သွေးနီတောင်တန်းသားတွေဖြစ်ကြောင်း သက်သေပြကြပါ''

''ငါတို့ရဲ့ ဖွဲ့သတ္တိ၊ ဇာတိသွေးဇာတိမာန် တိုက်ခိုက်မှုစွမ်းရည်၊ စည်းလုံးညီညွတ်မှုစွမ်းအားတွေနဲ့ နယ်ချဲ့မိစ္ဆာကောင်တွေကို ရဲရဲကြီး ဆန့်ကျင်ကြစို့''

''ဆန့်ကျင်မယ်၊ တိုက်မယ်၊ နယ်ချဲ့တွေကို ဆန့်ကျင်မယ်''

''ဟုတ်တယ် ... တိုက်မယ်၊ ချမယ် ... ချမယ်''

နာဂတောင်တန်းပေါ်မှ တိုင်းရင်းသားမျိုးချစ်တို့၏ ရဲရဲတောက်ကြွေးကြော်သံသည်ကား တောင်စဉ်တောင်တန်းများတစ်လျှောက် ပဲ့တင်မြည်ဟိန်းသွားပါတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ရင်ဆိုင်အတွေ့

ကုန်သည်ကြီး ဦးအောင်မြတ်မှာ နာဂတောင်တန်းကြီးပေါ်သို့ ယခုတစ်ခေါက်တက်လာရခြင်းမှာ ယခင်အခေါက်များကကဲ့သို့ ရောင်းဝယ်ဖောက်ကား ကုန်သွယ်ရန်လာခြင်းမဟုတ်ဘဲ ဗြိတိသျှအစိုးရ၏ကိုယ်စားလှယ် ရှေ့ပြေးများအဖြစ် လာရခြင်းဖြစ်ရာ နယ်ချဲ့အစိုးရအပေါ် နှစ်သက်ခြင်းမရှိသည့် နာဂတိုင်းရင်းသားများ ကူကီးချင်းများနှင့် ရင်ဆိုင်ရန် ဝန်လေးလျက်ရှိတော့သည်။

သူက ဤနာဂတောင်တန်းကြီးပေါ်သို့ အကြိမ်ကြိမ် လာရောက်ကာ ကုန်ဖလှယ်ဖူးသဖြင့် ဤဒေသရှိ တောင်ပေါ်တိုင်းရင်း





သားတို့၏ စိတ်ဓာတ်ကို ကောင်းစွာသိနေသည်။

ယင်းတောင်ပေါ်တိုင်းရင်းသားတို့သည် တောင်ယာစိုက်ပျိုးခြင်း၊ အမဲလိုက်၊ ပျားဖွတ်ခြင်း စသည် အလုပ်များကို လုပ်ကိုင်ကာ အမျိုးသမီးတို့က ဂျပ်ခုတ်ထည်များ ယက်လုပ်ခြင်းအလုပ်ကိုသာ ရိုးသားစွာလုပ်ကိုင်လျက် အေးချမ်းစွာနေထိုင်သူများသာ ဖြစ်ကြသည်။

သို့သော် သူတို့၌ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့ပြင်းစွာရှိပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးစဉ်ကာလက ချင်းခေါင်းဆောင်ကြီးဖြစ်သော ကြွမ်ဘိစ်၊ ကလေးစော်ဘွားဦးခက်၊ ရွှေဂျိုးဖြူမင်းသား စသည့် တော်လှန်ရေးခေါင်းဆောင်များနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲများစွာ ဆင်နွှဲခဲ့ကြဖူးလေသည်။

ထိုသို့သော တိုင်းရင်းသားတို့ကို ဗြိတိသျှအစိုးရ၏ စစ်တပ်မှာ အမှုထမ်းရွက်ရန် ပြောဆိုပါက အဆင်မပြေနိုင်ဟု တွေးမိလေသည်။

သို့သော် သူက စီးပွားရေးလက်ခွဲအဖြစ် ထူထောင်ရန်တာစူနေသော သစ်ကုန်သည်လုပ်ငန်းအတွက် ချင်းတွင်းမြစ်အနောက်ဘက်အခြမ်းရှိ သစ်တောများမှ သစ်ထုတ်ခွင့်ပါမစ်ကိုရရှိရန်မှာ နယ်ပိုင်ဝန်ထောက်မင်းကြီး မစ္စတာစပါးရှား ထောက်ခံမှ ဖြစ်မည်ဖြစ်ရာ နယ်ပိုင်ကြီး၏ တာဝန်ပေးစေခိုင်းမှုကို မငြင်း



www.burmeseclassic.com

www.burmeseclassic.com



သာခဲ့ချေ၏။

"မောင်မင်း ... ကျွန်ုပ်ပေးတဲ့တာဝန်ကိုသာ ကျေပွန်အောင် ထမ်းရွက်ခဲ့ပါ၊ သစ်ပါမစ်ရစေဖို့ ကျွန်ုပ် ဂရန်တီပေးမယ်"

သို့ကြောင့်လည်း နာဂတိုင်းရင်းသားတို့၏စကားနှင့် လူကြီးချင်းတို့၏စကားကို အထိုက်အလျောက် နားလည်တတ်ကျွမ်းသည့်အပြင် ယင်းတောင်ပေါ်တိုင်းရင်းသားတို့နှင့်ပါ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည့် ဦးအောင်မြတ်အနေဖြင့် ဤတာဝန်ကို မျက်စိမှိတ်ယူခဲ့ရခြင်းဖြစ်ပါ၏။

"အင်း ... နယ်ပိုင်ကြီးပေးအပ်တဲ့တာဝန်ကို ငြင်းပယ်လိုက်ရင် သစ်ပါမစ်မရတော့မယ့်အပြင် ငါ့ရဲ့သားကြီးမင်းဟန်မြို့ထဲမှာ တိတ်တိတ်ပုန်းဘိန်းခန်းဖွင့်ထားတာကို ပြဿနာရှာမှာ သေချာတယ်"

"ငါ့မှာ ရှေ့တိုးတော့လည်း ထမ်းပိုး၊ နောက်ဆုတ်တော့လည်း လှည်းတုတ်ဆိုသလိုဖြစ်နေတယ်၊ ဘာပဲဖြစ်ဖြစ်၊ ဒီတာဝန်ကြီးကို ယူလာပြီးမှတော့ မီးစင်ကြည့်ကရမှာပဲ"

"ဆာကွန်ရာရွာလူကြီးနဲ့ ဒုံးမားစော်ဘွားကြီးရမ်ခိုတို့ကို နာမည်ကောင်းလက်မှတ်၊ ဆုတော်လာဘ်တော်တွေနဲ့ နှစ်လုံးပြူးပြောင်းရှည်သေနတ် ဆုချမယ်လို့ပြောပြီး စည်းရုံးကြည့်ရမှာပဲ"

ယင်းသို့ဆုံးဖြတ်ပြီး စိတ်နှလုံး ဒုံးဒုံးချကာ ချီတက်လာ





ရသော်လည်း စိတ်ကမူ လေးပင်လျက်သာရှိတော့၏။

❋

မြို့ပိုင်ဦးလူအေးနှင့် ကုန်သည်ကြီးဦးအောင်မြတ်တို့ ဦးဆောင်သောအဖွဲ့သည် နာဂတောင်တန်းကြီးပေါ်သို့ နှစ်ရက်လုံးလုံး တက်ရောက်ခဲ့ကြပြီး နောက်မှာတော့ သုံးရက်မြောက်နေ့၏မွန်းလွဲပိုင်းအချိန်တွင်မူ ဦးတည်ရာ ဆာကွန်ရာရွာသို့ ရောက်ရှိလာပါတော့သည်။

ဆာကွန်ရာရွာလေးသည် တောင်စွယ်တစ်ခုပေါ်တွင် တည်ရှိပြီး ဝန်းကျင်၌ နှစ်ချို့ကညင်ပင်ကြီးများ အုံ့ဆိုင်းညို့မှိုင်းစွာ ပေါက်ရောက်နေကာ ဝါးရုံများ၊ နဘူးချုံများလည်း ဝန်းခနေသဖြင့် ရွာမှာ ပျောက်လျက်ရှိ၏။

မြို့ပိုင်မင်း ဦးလူအေးတို့လူစု တောင်စောင်းတစ်ခုကို ကျော်ဖြတ်တက်လိုက်သည့်အခါတွင်မှ သစ်ပင်သစ်ခက်တို့အကြား ဘွားခနဲပေါ်လာသော ဆာကွန်ရာရွာကို တွေ့ရခြင်းဖြစ်သည်။

"ကျုပ်တို့ ဆာကွန်ရာရွာကို ရောက်ပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လှုသွားလမ်းကလေးအတိုင်း တောင်စွယ်ပေါ်သို့ ကွေ့ပတ်တက်ခဲ့ကြသည်တွင် ကူကီးချင်းတို့၏ရွာအဝင်ဝ သစ်ခက်မှန်ဦးသို့ ရောက်ရှိသွားပါတော့၏။

ရှေ့မှဦးဆောင်သွားနေသည့် ကုန်သည်ကြီး ဦးအောင်မြတ်သည် သစ်ခက်မှန်ဝအောက်တွင် တွေတွေကြီးရပ်လိုက်ကာ ရှေ့သို့ ဆက်လှမ်းမသွားဘဲ တောင်စွယ်အမြင့်ပေါ်မှ ဆိတ်ဆိတ်ငြိမ်နေသော ဆာကွန်ရာရွာလေးဆီသို့ ငေးမော့ကြည့်နေလေသည်။

ပြီးလျှင် သူသည် ရွာနီးဝန်းကျင်သို့ ကျိုးကြည့် ကြောင်ကြည့် ကြည့်လျက်ရှိတော့၏။ ဦးအောင်မြတ်၏အရိပ်အကဲကို ကြည့်နေသည့် မြို့ပိုင်ဦးလှုအေးမှာ မျက်မှောင်ကြုတ်သွားမိသည်။

''ဦးအောင်မြတ် ... ဘာဖြစ်လို့လဲဗျ''

''တစ်ရွာလုံး တိတ်ဆိတ်နေပုံက ထူးခြားဘယ်ဗျ၊ ခါတိုင်း ကျုပ် ဒီရွာဦးမှန်ဝရောက်ပြီဆိုတာနဲ့ ရွာက ကလေးတွေဟာ မြို့ကကုန်သည်ကြီးလာပြီဟေ့ဆိုပြီး အူယားဖားယား ပြေးချလာကြလေ့ရှိတယ်ဗျ၊ ဒီရွာမှာ ပိန်းကူးနာဂနွယ်တွေရော၊ ခေါင်ဆိုင်ချင်းလို့ခေါ်တဲ့ ကူကီးချင်းတွေပါ နေထိုင်ကြတယ် ... မြို့ပိုင်မင်းရဲ့ ...၊





မြို့ကယူလာတဲ့ သကြားလုံးတွေ၊ ချောကလက်တွေ ဝေပေးလိုက်ရင် သူတို့ သိပ်ပျော်သွားကြပြီး ကျုပ်ကို ဝိုင်းပတ်ကခုန်ကြတော့တာပဲ ...၊

အဲဒီနောက် လုံမပျိုတွေပါ အိမ်တွေထဲက ပြေးထွက်လာကြပြီး သူတို့ဖို့ မှန်ပါသလား၊ ပေါင်ဒါပါသလား၊ မျက်နှာချေမှုန့်ပါရဲ့လားဆိုပြီး ဝိုင်းမေးကြတာ ကျွတ်ကျွတ်ကိုညံနေစမြဲပဲဗျ၊ ပြီးရင် သူတို့ယက်ထားတဲ့ ဂျပ်ခုတ်ထည်တွေ ယူလာပြီး ကျုပ်ပါလာတဲ့ပစ္စည်းတွေနဲ့ လဲတော့တာပဲဗျ ...၊

ရွာလူကြီးတွေဆိုတာလည်း တပြုံးပြုံးနဲ့ ကြိုကြတယ်ဗျ၊ ခု လူရိပ်လူယောင်တောင် မတွေ့ရဘူး၊ ထူးဆန်းနေတယ်ဗျ''

''ကဲ ... ဘာပဲဖြစ်ဖြစ်ဗျာ ရွာထဲဝင်ကြမယ်''

ဦးအောင်မြတ်က ဦးဆောင်လျက် မြေလမ်းကလေးအတိုင်း တက်ခဲ့ကြပြီး ရွာထဲသို့ ဝင်လာခဲ့ကြရာ တစ်ရွာလုံးမှာ တိတ်ဆိတ်နေပြီး ကဲလားတံခါးရွက်များ ပိတ်ထားသည်ကို တွေ့ရ၏။

အိမ်များမှာ ခြေတံရှည်အိမ်များဖြစ်ကြပြီး ခေါင်စောက်ကာ အိမ်ရှေ့တွင် ကပြင်သို့တက်ရန် သစ်လုံးလှေကားလေးများ ထောင်လျက်ရှိလေသည်။

လှုရဲက သူတစ်ခါမျှမရောက်ဖူးသည့် ကူကီးချင်း(ခေါ်)



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဆိုင်ချင်းတို့၏ရွာကလေးကို စိတ်ဝင်စားစွာ ဟိုကြည့် သည်ကြည့်လုပ်ရင်း လူတန်း၏နောက်ဆုံးမှ လိုက်ပါလာလေသည်။

သူတို့သည် တောတောင်လျှိုမြောင်ထဲ ဖြတ်သန်းလာကြစဉ်က သေနတ်တို့ကို ဆွဲကိုင်လာကြသော်လည်း တိုင်းရင်းသားတို့ ရွာလေးအနီး ရောက်ကတည်းက ဦးအောင်မြတ်၏ အကြံပေးချက်အတိုင်း သေနတ်လက်နက်တို့ကို လက်မှာမကိုင်ထားကြဘဲ သိမ်းဆည်းလိုက်ကြ၏။ ပြောင်းရှည်သေနတ်တို့ကိုမူ ကျောမှာ လွယ်ပိုးထားလိုက်ကြသည်။

ရုံးရှက်များကို ခနိုကဲ့သို့ ပျစ်ကာမိုးထားပြီး သစ်ပြားချပ်ကြီးများကာရံထားသည့် အိမ်တိုင်းမှာ လူသူမနေထိုင်သကဲ့သို့ ဆိတ်ငြိမ်လျက်ရှိတော့၏။

"ဒီရွာမှာ တစ်ခုခုတော့ ဖြစ်နေပြီဗျ"

ဦးအောင်မြတ်က တိုးတိုးဖွဖွပြောရင်း လျှောက်လှမ်းလာရာမှ ရွာလယ်ရှိအကြီးဆုံးအိမ်ကြီးဆီသို့ သူ၏အကြည့်ရောက်သွားသည့်အခါမှာမူ မျက်လုံးတို့ပြူးသွားပြီး သူ၏အမူအရာက အလွန်အမင်း အထိတ်တလန့် ဖြစ်သွားတော့သည်။

"ဟာ"

"ဘာ ... ဘာဖြစ်လို့လဲဗျ၊ ဦးအောင်မြတ်"





"အဲ ... အဲဒါ ဒီရွာရဲ့အကြီးအကဲ ရွာလူကြီးဘွေဖဲရဲ့ အိမ်ပဲ၊ မြို့ပိုင်မင်းရဲ့ သူ့အိမ်ရှေ့တံခါးရှက်မှာ သစ်ခက်သစ်ရွက်စိမ်းတွေ ချိတ်ဆွဲထားတယ်ဗျ"

"အဲဒီတော့ ဘာဖြစ်လဲဗျ"

"အဲဒီလို အိမ်ရှေ့တံခါးကိုပိတ်ထားပြီး သစ်ရွက်သစ်ခက်စိမ်းတွေ ချိတ်ထားတာဟာ ရွာသားမဟုတ်တဲ့ သူစိမ်းတစ်ရံဆံတွေကို အိမ်ထဲ ပေးမဝင်နိုင်ဘူးလို့ ဟန့်တားထားတဲ့သဘောပဲ၊ မြို့ပိုင်မင်းရဲ့ ခေါင်ဆိုင်ချင်းတွေရဲ့ထုံးစံက သူတို့ရဲ့အိမ်ထဲမှာ လျှို့ဝှက်ယဇ်ပွဲရှိရင်ဖြစ်ဖြစ်၊ အိမ်သူအိမ်သားတစ်ယောက်ယောက် နာမကျန်းဖြစ်နေရင်ဖြစ်ဖြစ်၊ အကြောင်းတစ်ခုခုကြောင့် သူစိမ်းတွေကို အိမ်ထဲမဝင်စေချင်ဖြစ်ဖြစ် အိမ်ရှေ့တံခါးဝမှာ သစ်ရွက်သစ်ခက်စိမ်းတွေ ချိတ်ထားတတ်တယ်ဗျ"

သူတို့သည် ရွာလူကြီး၏အိမ်ရှေ့မှ မြေကွက်လပ်တွင် ယောင်ချာချာဖြင့်ရပ်ကာ ဝေဖန်စကားတို့ ခပ်တိုးတိုးပြောနေကြစဉ် အထမ်းသမားတို့ကလည်း ထင်းရှူးသေတ္တာကြီးများကို ချကာ နားလိုက်ကြတော့၏။

ထိုစဉ် ခပ်လှမ်းလှမ်းရှိ အိမ်တစ်လုံး၏အိမ်ရှေ့တံခါးချပ် ဖွင့်သွားပြီး အိမ်ထဲမှ အဘိုးအိုတစ်ဦးထွက်လာကာ သစ်လုံးလှေကားအတိုင်း အောက်သို့ဆင်းလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ခုနစ်ဆယ်နီးပါးခန့်ရှိမည်ဖြစ်သော အဘိုးအိုသည် ဦးအောင်မြတ်တို့ရှိရာသို့ ခပ်ဖြည်းဖြည်းမှန်မှန် လျှောက်လာပြီး . . .

''ဦးအောင်မြတ်တို့ ရောက်လာပြီပဲ၊ အင်း . . . ရှာလူကြီးက ခင်ဗျားတို့ရောက်လာရင် ကျုပ်ရဲ့အိမ်မှာ တည်းခွင့်ပြုဖို့ အမိန့်ချမှတ်ထားတယ်ဗျ။ ဒါကြောင့် ကျုပ်ရဲ့အိမ်ဆီ လိုက်ခဲ့ကြဗျာ''

ဟု လေသံမှန်မှန်ဖြင့် မပြုံးမရယ်ပြောကာ သူ၏ခြေတံရှည်အိမ်လေးဆီ ပြန်လည်လျှောက်လှမ်းသွားရာ ဦးအောင်မြတ်တို့လူစုလည်း ထိုအဘိုးအို၏နောက်မှ လိုက်ပါသွားတော့၏။

အိမ်ပေါ်သို့ရောက်လျှင် အိမ်ရှေ့ခန်းတွင် ဖျာခင်းပေးပြီး

''ထိုင်ကြ၊ နားကြပါ၊ ဟောဟိုအခန်းထဲမှာလည်း နားချင် နားကြ၊ ချက်ပြုတ်စားသောက်ဖို့ အိုးခွက်၊ မီးဖိုနဲ့ ရွှေဖရုံသီး၊ အမဲခြောက်၊ ဆန်တွေရှိတယ်''

ဟုပြောလိုက်ရာ ဦးအောင်မြတ်က . . .

''ဒီမှာ ဦးဗငူရဲ့ . . . ဟောဒီမှာ မြို့ပိုင်မင်း ပါလာတယ်ဗျ။ ခင်ဗျားတို့ရဲ့ ရှာလူကြီးဘွေဖဲကိုတွေ့ဖို့ အစိုးရမင်းများက အာဏာကုန်လွှဲပြီး မြို့ပိုင်မင်းကို လွှတ်လိုက်တာဗျ။ ဘွေဖဲ အပါအဝင် မျိုးနွယ်စုအကြီးအကဲ၊ ရှာအကြီးအကဲတွေအတွက်





လက်ဆောင်ပစ္စည်းတွေလည်း အများကြီးပါတယ်၊ ရှာလူကြီးကို ပြောပေးစမ်းပါ၊ ဘယ်တော့တွေ့ရမလဲလို့''

ဟု ပြောလိုက်ရာ အဘိုးအိုဦးဗငူးက ခေါင်းရည်အိုးကို ဝိုင်းထိုင်နေကြသည့်လူစုရှေ့သို့ အသာချရင်း မြို့ပိုင်မင်းဦးလူအေးကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။

ထို့နောက် လေသံအေးအေးဖြင့်ပြောသည်။

''ကျုပ်တို့ရှာလူကြီးက ဧည့်သည်တွေကို တွေ့ပါလိမ့်မယ်၊ ဧည့်သည်အုပ်စုလာမယ်ဆိုတာကိုလည်း ရှာလူကြီးက သတင်းရထားပြီးသားပါ၊ ဒါပေမဲ့ သူ့အိမ်မှာတော့ တွေ့မှာမဟုတ်ပါဘူး၊ ရှာရဲ့ပန်ကြီးမှာပဲ တွေ့ပါလိမ့်မယ်၊ ဒီညတွေ့ဖို့ စီစဉ်ထားပါတယ်၊ ညကျ တံုးခေါက်သံကြားရရင် ဧည့်သည်များ ပန်ကြီးဆီ လာခဲ့ပါ''

ယင်းသို့ပြောပြီးနောက် ဦးဗငူးသည် အိမ်ပေါ်မှ ဆင်းသွားရာ ပြန်ပေါ်မလာတော့ချေ။

ဦးအောင်မြတ်က သက်ပြင်းကြီးချလိုက်သည်။

''မြို့ပိုင်မင်းရေ . . . သူတို့က ကျုပ်တို့လာမယ့်သတင်းကို ကြိုရထားတယ်ဆိုပဲ၊ လာရောက်ရတဲ့ရည်ရွယ်ချက်ကိုပါ သိနေကြပုံရတယ်၊ ဦးဗငူး မျက်နှာမကောင်းဘူး၊ ရှာလူကြီးကလည်း ခါတိုင်းလို ကျုပ်ကိုမကြိုဆိုဘူး၊ သူ့အိမ်မှာ တည်းခွင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခွင့်မပေးဘူး၊ ထူးတော့ထူးခြားနေပြီဗျ''

''နေပါဦး ... ပန်ကြီးမှာတွေ့မယ်ဆိုတာက ဘယ်မှာ တွေ့မယ်လို့ ပြောတာလဲဗျ''

''ဒီရွာမှာ ကူကီးချင်းတွေရော ပုံညိုနာဂတွေပါ အတူနေထိုင်တယ်ဗျ၊ နာဂရွာတွေရဲ့ဓလေ့အရ ရွာလယ်မှာ ပန်ကြီးလို့ခေါ်တဲ့ အဆောက်အအုံကြီးရှိတယ်၊ ရွာသူရွာသားတွေ တွေ့ဆုံဆွေးနွေးရာနေရာပဲ''

''ဩော် ... ရွာရဲ့ပါလီမန်၊ ရွာရဲ့လွှတ်တော်ပေါ့''

''ဟင်း ဟင်း ... ဆိုပါတော့ဗျာ၊ မြို့ပိုင်မင်းတို့ကို အဲဒီပန်ကြီးမှာ ရွာသူကြီးဘွေဖဲက တွေ့မှာဗျ''

''အေးဗျာ ... အေးအေးဆေးဆေးဖြစ်ပါစေလို့ ဆုတောင်းပါတယ်၊ ကျုပ်လည်း ဒီကိုလာချင်တာ မဟုတ်ဘူး၊ အထက်အရာရှိအဆင့်ဆင့်က အထူးတာဝန်ပေးလို့သာ လာရတာဗျ''

ဦးအောင်မြတ်မှာ သက်ပြင်းကိုသာ ချလျက်ရှိတော့သည်။ ထို့နောက် ညစာချက်ပြုတ်ရန်အတွက် အထမ်းသမားတို့ကို စေခိုင်းရသည်။

''ဖားလေးနဲ့ယောင်ကြီးတို့ ညစာချက်ဖို့လုပ်ကြဟေ့၊ မကြာခင်နေဝင်တော့မယ်''

ခု နှစ် စဉ် ကြယ် တာ ပေ



ဦးဗငူးချထားပေးခဲ့သည့် အိုးခွက်တို့နှင့်ပင် ထမင်းချက်ကြရ၏။ သည်မှာရှိသော ဖရုံသီးနှင့်ပါလာသည့် အသားဘူးတို့ဖောက်ကာ ရောနှောချက်ပြုတ်ကြရ၏။

ဖားလေးတို့ ချက်ပြုတ်လို့ပြီးစီးတော့ အမှောင်ထု ဖုံးလွှမ်းခဲ့ပြီဖြစ်၏။

ကညင်ဆီမီးခွက်၏အလင်းဖြင့် ညစာကို သူတို့ တိတ်ဆိတ်စွာ စားသောက်လိုက်ကြသည်။

စားသောက်ပြီးကြတော့ ဦးအောင်မြတ်၊ မြို့ပိုင်မင်းဦးလှအေးနှင့် ကျောင်းဆရာဟောင်း ဦးခက်ပန့်တို့သည် အိမ်တိုင်များကို ကျောမှီထိုင်လျက် စီးကရက်နှင့်ဆေးတံကိုယ်စီဖွာရင်း အတွေးကိုယ်စီဖြင့် ငြိမ်နေကြ၏။

လူရဲက ကပြင်သို့ထွက်ကာ လဆန်း ၈ ရက် လရောင်မှုန်ဝါးဝါးအောက်၌ တိတ်ဆိတ်ငြိမ်သက်နေသည့် နာဂနှင့် ကူကီးချင်းတို့၏ရွာကလေးကို ငေးကြည့်နေမိလေသည်။

တောင်စွယ်၏တောင်တန်းတစ်လျှောက် အနိမ့်အမြင့်မညီမညာတွင် ဆောက်လုပ်ထားသည့် ခြေတံရှည်အိမ်လေးများမှာ လရောင်မှုန်ဝါးဝါးအောက်တွင် ဆိတ်ဆိတ်ငြိမ်လျက်ရှိပြီး အချို့အိမ်တို့၏ ထရံအကြိုအကြားမှ ဆီမီးရောင်လှဲ့လဲ တိုးထွက်လျက်ရှိသည်ကိုတွေ့ရ၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တောရိပ်တောင်ရိပ်ဝယ် အဝေးဆီမှ ချေဟောက်သံ သဲ့သဲ့ကို ကြားရသည်။ ပုစဉ်းရင်ကွဲတို့၏ တစီစီအော်မြည်သံ၊ မြွေဝပ်ငှက်တို့ တစ်ချီ တစ်ချီ ထပျံသံ၊ ဆတ်တစ်သံတို့ကိုပါ ကြားနေရတော့သည်။

ခွန်ရာဇာကမူ သူ၏နှစ်လုံးပြူးသေနတ်ပြောင်းကို စိမ်ပြေနပြေ တိုက်ချွတ်နေလေသည်။

သို့ဖြင့် ညစာထမင်းစားပြီး၍ တစ်နာရီခန့်အကြာတွင် တုံးမောင်းခေါက်သံ ခပ်လေးလေးကို စတင်ကြားရပါတော့သတည်း။

'တုံ တုံ တုံ တုံ'

*

"ကဲ . . . တုံးမောင်းခေါက်ပြီး အချက်ပေးပြီ၊ သွားကြစို့"

ဦးအောင်မြတ်က ဆော်ဩပြီး ခေါးတံကို မီးငြှိမ်းသတ်လိုက်ကာ မြေခေါးလိပ်ခွက်ထဲထည့်လိုက်လျက် ထိုင်ရာမှထလိုက်တော့သည်။

"မောင်လူရဲနဲ့ ခွန်ရာဇာတို့လိုက်ခဲ့၊ ဖားလေးတို့ အထမ်း





သမားတွေတော့ နေခဲ့ကြ၊ အိပ်ရင်လည်း အိပ်နှင့်ကြ၊ ငါတို့ရွာလူကြီးတွေနဲ့ စကားစမြည်သွားပြောကြဦးမယ်"

"ဟုတ်ကဲ့"

ထို့နောက် သူတို့သည် ခြေတံရှည်အိမ်ပေါ်မှ သစ်သားလှေကားအတိုင်း ဆင်းလာကြပြီး ရွာလယ်သို့လှမ်းလာရာ လရောင် ပိုးဝါးအောက်တွင် အိမ်ကြီးတစ်လုံး၏ရှေ့၌ ရှည်မျောမျော သစ်တုံးကြီးတစ်တုံးကို တွေ့ရလေသည်။

"စောစောက အချက်ပေးခေါက်တာ ဒီတုံးမောင်းကြီးကိုပေါ့"

ဦးအောင်မြတ်က လက်ညှိုးညွှန်ပြပြောလိုက်ရာ လူရဲတို့လည်း တုံးမောင်းကြီးကို သေသေချာချာ စူးစမ်းကြည့်ရှုလိုက်ကြ၏။

တုံးမောင်းကြီးမှာ လေးပေခန့်နက်အောင် ထွင်းထားသော အခေါင်းပေါက် ရှောမသစ်လုံးကြီးပင်ဖြစ်၏။

အလျား (၂၈) ပေကျော်ရှည်ကာ လုံးပတ်က (၈) ပေခွဲခန့်ရှိလေသည်။

ယင်းတုံးမောင်းကြီးကို ကျွဲတစ်ကောင်၏ပုံသဏ္ဌာန် ထုဆစ်ထား၏။ ဦးခေါင်းပိုင်းက ငါးပေခန့်ရှည်ကာ မျက်နှာဝတ်တိုင်တက်ကို ကျွဲ၏မျက်နှာပုံမျိုးဖြစ်အောင် ထုဆစ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးချိုကားကားကြီးပုံပါသည့် ယင်းခေါင်းပိုင်းတွင် မျက်ခွံပါရှိသည့် မျက်လုံးနှစ်လုံးနှင့် ပါးစပ်တို့ကို အပီအပြင် လက်ရာမြောက်စွာ ထုဆစ်ထား၏။

ကျောရိုးဖော်ထားသည့် ကိုယ်ထည်ပိုင်းနှင့် ခေါင်းပိုင်းအကြားတွင် လည်ပင်းက ရှိနေသည်။

"ဒီတုံးမောင်းကြီးကို မောင်းထောင်းတံတွေနဲ့ ရိုက်ခတ်ရတယ်၊ ဟောမိုပွဲလို့ခေါ်တဲ့ ကောက်သစ်စားပွဲ **လင်မ်ကိုင်းပွဲ**လို့ခေါ်တဲ့ တစ်ရွာနဲ့တစ်ရွာ ချစ်ကြည်ရေးပွဲ **ကိုင်ဗီးခွေးပွဲ**လို့ခေါ်တဲ့ နှစ်သစ်ကူးပွဲ၊ **မောလီပွဲ**လို့ခေါ်တဲ့ စပါးစိုက်အောင်ပွဲတွေမှာ လူဆယ်ယောက်လောက်က ဒီတုံးကြီးရဲ့ တစ်ဖက်တစ်ချက်မှာ တန်းစီရပ်ပြီး မောင်းထောင်းတံတွေနဲ့ တီးခတ်ကြရတယ်ဗျ"

"အဲ ... မီးလောင်တဲ့အခါ, ရန်သူလာလို့ အချက်ပေးတဲ့အခါတွေမှာလည်း ဒီတုံးကြီးကို တီးခတ်ကြတယ်၊ ခုလို အစည်းအဝေးလုပ်ဖို့ အချက်ပေးရင်လည်း အချက်ပေးတီးခတ်ကြရတာပဲ"

"အကြောင်းမရှိဘဲနဲ့တော့ ဒီတုံးကို ဘယ်သူမှ မခေါက်ရဘူး၊ ခေါက်ရင် ကြီးလေးတဲ့အပြစ်ဒဏ် ပေးတာခံရမယ်"

"လူစိမ်းသူစိမ်းလည်း မခေါက်ရဘူး၊ ခေါက်ရင် စိန်ခေါ်တယ်လို့ ယူဆကြတယ်"





ဦးအောင်မြတ်က သေချာရှင်းပြရာ လူရဲက ပခုံးတွန့်လိုက်မိ၏။

"ကဲ ... အဲဒါပန်ကြီးပဲ၊ ပန်ကြီးပေါ် တက်ကြစို့"

ကညင်ဆီမီးတုတ်နှစ်ချောင်းကို အဝင်္ဝစိုက်ထားသည့် ခြေတံရှည်အိမ်ကြီးပေါ်သို့ လူရဲတို့ တက်လာခဲ့ကြ၏။

ပေနှစ်ဆယ်ပတ်လည်ခန့်ကျယ်ဝန်းသည့် အိမ်ကြီးထဲတွင် ကညင်ဆီမီးခွက်များ ထွန်းညှိထားသလို အလယ်တွင်လည်း မီးလင်းဖိုကြီးရှိသော ပန်ကြီးထဲတွင် ဦးခေါင်းမှဆံပင်မှာ ဆံရစ်ဝိုင်းပုံမျိုးရှိပြီး ဂျပ်ခုတ်စောင်ကြီးများခြုံလျက် ထိုင်နေကြသော ရွာလူကြီးလေးငါးဦးကို တွေ့ရ၏။

အလယ်တွင် ငုတ်တုတ်ထိုင်ကာ ဝါးဆေးတံကြီးကို တမှုန်းမှုန်း ဖွာရှိုက်လျက် မီးလင်းဖိုမှမီးတောက်တို့ကို ဆိတ်ငြိမ်စွာ စိုက်ကြည့်နေသည့် ထောင်မောင်းကြံ့ခိုင်သော ကိုယ်ကာယပိုင်ရှင် ရွာလူကြီးမှာ အသက်ခြောက်ဆယ်ခန့် ရှိလေသည်။

ဦးအောင်မြတ်က ရွာလူကြီးဘွေဖဲကို ပြုံးရွှင်စွာ နှုတ်ဆက်လိုက်၏။

"သူကြီးခင်ဗျာ ... ကျန်းမာပါစ"

ရွာလူကြီးက ပါးစောင်မှ ဝါးဆေးတံကြီးကို ချွတ်လိုက်ပြီး ဦးအောင်မြတ်ကိုမော့ကြည့်ကာ မပြုံးမရယ်ဘဲ အေးစက်စက်

www.burmeseclassic.com



လေသံဖြင့် ...

"ကျန်းမာပါတယ် ကုန်သည်ကြီး ... ထိုင်ပါ၊ ဧည့်သည်တွေနဲ့လည်း မိတ်ဆက်ပေးပါ"

ဦးအောင်မြတ်တို့လည်း မီးလင်းဖို၏တစ်ဖက်တွင် ရွာလူကြီးများနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်ကြလေသည်။

"ဒါ ... မြို့ပိုင်မင်း ဦးလူအေးပါပဲ သူကြီး"

ဦးအောင်မြတ်က မြို့ပိုင်မင်းဦးလူအေးနှင့် မိတ်ဆက်ပေးလိုက်၏။ ဦးအောင်မြတ်နှင့် ရွာသူကြီးဘွေဖဲတို့မှာ ကူကီးချင်းဘာသာစကားဖြင့် ပြောဆိုနေကြခြင်းဖြစ်ပြီး ခွန်ရာဇာက မြို့ပိုင်မင်း ဦးလူအေးကို ဘာသာပြန်ပြောပြနေသည်။

သူကြီးဘွေဖဲက ဦးလူအေးကို ခပ်စူးစူးကြည့်လိုက်ပြီး ...

"သြော် ... မြို့ပိုင်မင်းကိုယ်တိုင် ရောက်လာတာကိုး၊ မကြာခင် ဝန်ထောက်တွေ, အရေးပိုင်တွေနဲ့ အင်္ဂလိပ်စစ်ဗိုလ်ကြီးတွေပါ ကျုပ်တို့နာဂတောင်တန်းပေါ် တက်လာတော့မယ် ထင်ပါရဲ့"

ဟု အေးစက်စက်လေသံဖြင့် မှတ်ချက်ပြုစကားပြောလိုက်လေသည်။ သူကြီးဘွေဖဲ၏လေသံက အနည်းငယ်မာလာရာ ဦးအောင်မြတ်မှာ စိတ်ထဲ ထင့်ခနဲဖြစ်သွားရသည်။





"သူက မြို့ပိုင်မင်းရဲ့သား လူရဲပါ"

"သူကတော့ စကားပြန်အဖြစ်ခေါ်လာတဲ့ ခွန်ရာဇာပါ"

"ဒါက ကျောင်းအုပ်ဆရာကြီး ဦးခက်ပန်ပါ၊ သူတို့အားလုံးဟာ အစိုးရရဲ့ကိုယ်စားလှယ်တော်တွေအဖြစ်နဲ့ လာရောက်ကြတာပါ သူကြီး၊ ကျုပ်ကိုတော့ လမ်းပြအဖြစ်, နောက် ... ကြားလူအဖြစ် ခေါ်လာတာပါ၊ သူတို့က အစိုးရရဲ့ကိုယ်စား ညှိနှိုင်းစရာရှိလို့ ဒီနာဂတောင်တန်းကြီးပေါ်လာခဲ့ကြတာပါ"

ထိုစဉ် ကူကီးချင်းအမျိုးသမီးငယ်တစ်ဦးသည် ဝါးစုပ်တံစိုက်ထားသော ခေါင်ရည်အိုးကိုယူလာကာ သူကြီး၏ရှေ့တွင် အသာချထားပေးလိုက်လေသည်။

နောက်ထပ် အမျိုးသမီးငယ်တစ်ဦးက သစ်သားဗျပ်တစ်ခုကိုကိုင်ကာ ရောက်ရှိလာပြီး ယင်းသစ်သားဗျပ်ကို ခေါင်အိုး၏ဘေးတွင် အသာချပေးလေ၏။

သစ်သားဗျပ်ပေါ်၌ သစ်သားပန်းကန်ပြားနှစ်ချပ်ပါရှိကာ ပန်းကန်ပြားတစ်ချပ်ထဲတွင် နွားနောက်သားခြောက်ကို မီးဖုတ်လျက် မွှေးနေအောင်ထောင်းပြီး နှမ်းဆီရွှဲနေအောင် စိမ်ထားလေသည်။

နောက် ပန်းကန်ပြားထဲတွင်မူ မီးအုံးထားသည့် ပိန်းဥများ ထည့်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ သူကြီးဘွေဖဲက ခေါင်အိုးကိုမယူလျက် ဝါးစုပ်တံဖြင့် တစ်ကျိုက်စုပ်သောက်လိုက်ပြီးနောက် ခေါင်အိုးကို မြို့ပိုင်မင်း ဦးလူအေးဆီသို့ ကမ်းပေးလေသည်။

မြို့ပိုင်ဦးလူအေးလည်း တိုင်းရင်းသားတို့၏ ဓလေ့ကို နားလည်ထားသဖြင့် ခေါင်းအိုးကို လက်နှစ်ဖက်ဖြင့် လှမ်းယူကာ တစ်စုပ်သောက်လိုက်ပြီးလျှင် ဦးအောင်မြတ်ဆီသို့ ကမ်းပေးလိုက်လေသည်။ ယင်းခေါင်အိုးမှာ ဦးအောင်မြတ်မှတစ်ဆင့် လက်ဆင့်ကမ်းရင်း ဝိုင်းလည်သွားတော့သည်။

ထို့နောက် သူကြီးဘွေဖဲက နွားနောက်သားခြောက်ကို တစ်ဖဲ့ဖဲ့စားလိုက်ပြီး ပိန်းဥမီးအုံးတစ်လုံးကို ယူစားလိုက်သည်။ ပြီးလျှင် ယင်းသစ်သားဗျပ်ကို မြို့ပိုင်မင်းဆီ ကမ်းပေးလိုက်လေသည်။

ယင်းသို့ဖြင့် ခေါင်ရည်နှင့်အမြည်းကို ဝိုင်းလည်အောင် စားသောက်ပြီးသည်တွင် ဆွေးနွေးပွဲကို ပြန်လည်စတင်ကြတော့၏။

"ကဲ . . . မြို့ပိုင်မင်းကြီး၊ ဘာအလိုရှိလို့ ကျုပ်တို့ဆီကို တကူးတက ကြွလာရသလဲ၊ ပြောပါဦး"

ဤတွင် မြို့ပိုင်ဦးလူအေးလည်း ခွန်ရာဇာနှင့် ဦးအောင်မြတ်တို့၏ ဘာသာပြန်ပေးမှုဖြင့် ရှင်းပြရလေသည်။

ခ နှစ် စဉ် ကြယ် တ ပေ



"ဩော် . . . ဒီလိုပါ သူကြီး၊ မြန်မာတစ်နိုင်ငံလုံးရဲ့ လုံခြုံရေးကို, တာဝန်ယူထားရတဲ့အပြင် အာရှတိုက်အရှေ့ပိုင်းတစ်ခုလုံးကိုပါ ဖက်ဆစ်တွေရဲ့ရန်က ကာကွယ်ပေးနေရတဲ့ ဗြိတိသျှအစိုးရမှာ"

"ဖက်ဆစ်တပ်တွေကို နေရာအနှံ့ တိုက်ခိုက်ချေမှုန်းနေရပါတယ်၊ အဲဒီလို ချေမှုန်းရေးစစ်ပွဲတွေ ဆင်နွှဲနေရတာမှာ စစ်သည်အင်အား ထပ်လိုနေပါတယ်၊ ဒါကြောင့် လိုနေတဲ့စစ်သားသစ်တွေ စုဆောင်းပေးဖို့ သူကြီးတို့ကို လာပြောတာပါ"

"တပ်သားတွေအတွက် လစာအပြင် စားရေရိက္ခာပါ အပြည့်အစုံရစေရမယ်၊ ပြီးတော့ . . . တပ်သားသစ်စုဆောင်းပေးတဲ့ သူကြီးတို့လို အကြီးအကဲတွေကိုလည်း ဆုတော်ငွေနဲ့အတူ နှစ်လုံးပြူးပြောင်းရှည်သေနတ်တစ်လက်စီနဲ့ ကျည်ဘူးတွေပါ လက်ဆောင်ဆုလာဘ်အဖြစ် ပေးမှာပါခင်ဗျာ၊ အခုလည်း သူကြီးတို့အတွက် အရေးပိုင်မင်းထည့်ပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတွေ သေတ္တာနဲ့အပြည့်ပါတယ် ခင်ဗျ"

သူကြီးဘွေဖဲက မြို့ပိုင်ဦးလူအေးနှင့် စကားပြန်တို့၏ စကားကို အာရုံစိုက်နားထောင်ပြီးနောက် မီးလင်းဖိုမှ မီးတောက်ကို စူးစိုက်ကြည့်ရင်း အေးစက်တင်းမာသည့်လေသံဖြင့် စကားတစ်လုံးချင်း ပြန်ပြောလေသည်။

ခ နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာမြို့ပိုင်မင်း . . . ကျုပ် ရှင်းရှင်းပဲပြောမယ်၊ ကျုပ်တို့နာဂတောင်တန်းကြီးပေါ်က လူမျိုးစုတွေအတွက် ဘာလက်ဆောင်ပစ္စည်းမှ မလိုပါဘူး၊ သင်တို့ရဲ့လက်ဆောင်ပစ္စည်းတွေကို ပြန်ယူသွားပါ၊ ပြီးတော့ . . . ကျုပ်တို့နိုင်ငံကို မတရားသိမ်းပိုက်ကျွန်ပြုထားတဲ့ သင့်ရဲ့ဗြိတိသျှနယ်ချဲ့အစိုးရကိုလည်း ကျုပ်တို့နာဂတောင်တန်းသားတွေက မကူညီနိုင်ဘူး . . .၊

ကျုပ်တို့ကို ကျွန်ဇာတ်ခင်းထားတဲ့ သင်တို့ရဲ့ အရှင်သခင် ကုလားဖြူတွေရဲ့ နယ်ချဲ့စစ်တပ်ထဲ ကျုပ်တို့ရဲ့ သွေးသားတွေကို ဘယ်တော့မှ မထည့်ဘူး၊ ဘယ်ကူကီးချင်း, ဘယ်နာဂ အဓိ အင်္ဂလိပ်စစ်တပ်မှာ စစ်သားမလုပ်ချင်ကြဘူး . . .၊

ဒီတော့ အဲဒီကိစ္စအတွက် ရှေ့ဆက်မတိုးပါနဲ့၊ ဒီမှာပဲ ရပ်ပြီး သင်တို့ ပြန်လှည့်သွားတာ ကောင်းပါလိမ့်မယ်"

မြို့ပိုင်ဦးလူအေးက ငြိမ်သက်စွာနားထောင်ပြီးမှ လေသံအေးအေးဖြင့် ပြန်ပြောလေသည်။

"သူကြီးရဲ့ဆန္ဒကို အခုလိုသိရတာကောင်းပါတယ်ဗျာ"

"ဒါပေမဲ့ ဒါဟာ ဒီဆာကွန်ရာရွာအကြီးအကဲရဲ့ သဘောထားဆန္ဒလို့ပဲ ကျွန်တော် မှတ်ယူနိုင်ပါမယ်၊ ဒီနာဂတောင်တန်းကြီးအပေါ်မှာရှိတဲ့ တခြားကျေးရွာအကြီးအကဲတွေရဲ့ဆန္ဒ သဘောထားကို သိချင်ပါသေးတယ်၊ အထူးသဖြင့် ကျေးရွာအားလုံးရဲ့





အကြီးအမှူးဖြစ်တဲ့ ဒုံမားစော်ဘွားကြီး၊ ရမ်ခိုနဲ့တွေ့ပြီး ဘုရင်ခံချုပ်ရဲ့ အစီအမံတွေ၊ ဆန္ဒသဘောထားတွေကို ရှင်းပြချင်ပါသေးတယ်"

မြို့ပိုင် ဦးလူအေးအနေဖြင့် ထိုသို့မပြော၍မဖြစ်ချေ။ ဆာကွန်ရာရွာလူကြီး၏စကားကို အတည်ယူလျက် ဤရွာမှ လှည့်ပြန်သွားပါက မိမိသည် ဤတာဝန်ကြီးကို ဝတ်ကျေတမ်းကျေသာ ထမ်းဆောင်သည်ဟု အရေးပိုင်ကြီး မစ္စတာစပါးရှားက ယူဆသွားမည်သာဖြစ်၏။

အဘယ်ကြောင့်ဆိုသော် မစ္စတာစပါးရှားအနေဖြင့် ခွန်ရာဇာကို မိမိတို့အဖွဲ့နှင့်အတူ စကားပြန်အဖြစ် ထည့်လိုက်သည်မှာ စကားပြန်တာဝန်တစ်ခုတည်း ထမ်းဆောင်ရန် ရည်ရွယ်လျက် ထည့်လိုက်ခြင်းမဟုတ်နိုင်ပေ၊ လူယုံတစ်ဦး၊ သူလျှိုတစ်ဦးအဖြစ် အရေးပိုင်ကြီးက ထည့်လိုက်ပုံရလေ၏။

ထို့ကြောင့် ဒုံမားစော်ဘွားကြီးနှင့် မတွေ့ရဘဲ ဤနေရာမှ လှည့်ပြန်ပါက အရေးပိုင်ကြီးမစ္စတာစပါးရှား၏ အမျက်ရှခြင်းခံရမည်မှာ သေချာလှသည်။ တကယ်တော့ ဤနာဂတောင်တန်းဒေသမှ စစ်ကူရရေးမှာ ဗြိတိသျှအစိုးရ၏ ပေါ်လစီတစ်ခုဖြစ်၏။

အရေးဟယ်၊ အကြောင်းဟယ် ကြုံသည့်အခါ မိမိတို့ပိုင်စိုးထားသည့် ကိုလိုနီနယ်ပယ်ထဲမှ ခေတ်ပညာမတတ်သော၊



www.burmeseclassic.com

www.burmeseclassic.com



အသိအမြင်မကြွယ်ဝသေးသော တိုင်းရင်းသားမျိုးနွယ်စုများကို ငွေကြေးအခွင့်အရေးတို့ဖြင့် ဖြားယောင်းဆွဲဆောင်ကာ သူတို့၏ ကိုလိုနီအင်ပါယာကြီး တည်တံ့ခိုင်မြဲအောင် လုပ်ဆောင်နိုင်စွမ်း ရှိရမည်ဟု ဗြိတိသျှအစိုးရက ခံယူထားလေသည်။

သို့ကြောင့်လည်း နာဂတောင်တန်းဒေသရှိ တိုင်းရင်းသား မျိုးနွယ်စုများထဲမှ တပ်သားသစ်များ စုဆောင်းရရှိရန်မှာ မဖြစ်မနေ လုပ်ဆောင်ရမည့်တာဝန်ကြီး ဖြစ်ပေသည်။ ယင်းတာဝန်ကို ပေါ့ပေါ့လျော့လျော့ထမ်းရွက်မိပါက မိမိအပေါ် အပြစ်ပုံကျလာမည်မှာ သေချာလှသဖြင့် မြို့ပိုင်မင်းဦးလူအေးအနေဖြင့် ဘော်ရုံနှင့်လက်လျှော့ရန် မဖြစ်နိုင်ချေ။

"ဟုတ်တယ်၊ ဒုံမားစော်ဘွားကြီးနဲ့တွေ့မှကို ဖြစ်မယ်၊ ဒီကနေ လှည့်ပြန်ဖို့ဆိုတာမဖြစ်နိုင်ဘူး။ ဦးအောင်မြတ် ကျွန်တော့်ရဲ့သဘောထားကို သူတို့ တိတိကျကျသိအောင် ပြောပြလိုက်ပါ၊ ခွန်ရာဇာ ... မင်းလည်း ဝင်ပြောပေးလေကွာ၊ တော်ကြာ အရေးပိုင်ကြီးက ငါ့ကို ပေါ့ပေါ့လျော့လျော့လုပ်တယ်လို့ ယူဆသွားဦးမယ်"

စကားပြန်များမှတစ်ဆင့် မြို့ပိုင်ဦးလူအေး၏သဘောထားဆန္ဒကို ပြတ်သားစွာသိလိုက်ရသည့်တွင် ဆာကွန်ရာ ရှာလူကြီးတွေဖဲ၏မျက်နှာကြီးမှာ မီးလင်းဖိုမှ မီးကျီခဲကဲ့သို့ ရဲရဲတောက်





သွားတော့၏။

ထို့ကြောင့်လည်း သူက ပြတ်သားခက်မာစွာပြောလိုက်သည်။

"ဒီမှာဦးအောင်မြတ် ... ကျုပ်က ပြဿနာ အကျယ်အကျယ် မငြိမ်းဖွယ်မဖြစ်ရအောင် ခင်ဗျားရဲ့မြို့ပိုင်ကို ဒီရွာကနေ လှည့်ပြန်ခိုင်းရတာပဲ၊ ဒုံမားစော်ဘွားကြီးကိုယ်တိုင်က ခင်ဗျားတို့အဖွဲ့ကို ဒီရွာကနေ တားခိုင်းထားခဲ့တယ်၊ ဒါကိုမှမယုံကြည်ဘဲ ကျွားရဲတွင်းထဲ ဆင်းချင်ရင် ဆင်းပေတော့၊ ကျုပ်ရဲ့တာဝန် မဟုတ်တော့ဘူး၊ ခင်ဗျားတို့ထိုက်နဲ့ ခင်ဗျားတို့ကံပဲမှတ်"

ဦးအောင်မြတ်လည်း မြို့ပိုင်ဦးလူအေးအား ဘာသာပြန်ပြောပြပြီးနောက် ...

"ကူကီးချင်းနဲ့ နာဂတိုင်းရင်းသားခေါင်းဆောင်တွေရဲ့ ဆန္ဒကတော့ ယတိပြတ်ငြင်းပယ်ဖို့ဖြစ်နေပြီ မြို့ပိုင်မင်းရေ၊ သူတို့က ဘူးဆို ဖရုံသီးတတ်သူတွေမဟုတ်ဘူး၊ ဒီတော့ မနက်ဖြန်ကျရင် မြို့ပြန်ပြီး သူတို့ရဲ့သဘောထားကို အရေးပိုင်ကြီးဆီ တင်ပြမလား၊ ဒါမှမဟုတ် ခရီးဆက်မလား"

ဟုမေးလိုက်ရာ မြို့ပိုင်မင်း ဦးလူအေးက သက်ပြင်းရှိုက်လိုက်ပြီး ...

"ဒုံမားစော်ဘွားကြီးကို မတွေ့လို့မဖြစ်ဘူး ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



မြတ်၊ ဒုံမားရွာဆီရောက်အောင်ကို သွားမှုဖြစ်မယ်၊ မနက်မိုးလင်းတာနဲ့ ခရီးဆက်မယ်ဗျာ၊ ဆာကွန်ရာရွာလူကြီးရဲ့ သတိပေးစကားအတွက် ကျေးဇူးတင်တယ်လို့ ပြောပေးပါ၊ ပြီးတော့ ဒီညဒီရွာမှာတည်းခိုခွင့်ပြုတာကိုလည်း ကျေးဇူးတင်ကြောင်း ပြောပေးပါ''

ဟု ယတိပြတ် ပြောလိုက်ရတော့၏။

✻

လူရဲတို့သည် နောက်တစ်နေ့နံနက်စောစောမှာပင် အိပ်ရာမှထကြပြီး ဆာကွန်ရာရွာမှ ထွက်ခွာခဲ့ကြတော့သည်။

နှင်းမှုန်များဝေကာ အေးစက်တိတ်ဆိတ်နေသော တောနက်ကြီးထဲသို့ တဖြည်းဖြည်း တိုးဝင်ခဲ့ကြပြီး တောထဲမှာပင် မနက်စာ ချက်ပြုတ်စားသောက်ရ၏။ တောင်ကြောကြီးနှစ်ခုကို ကျော်ဖြတ်ပြီးနောက် မွန်းလွဲပိုင်းတွင်မှု တောင်ပေါ်ရွာလေး တစ်ရွာ၏အနီးသို့ ရောက်ရှိလာတော့သည်။

''အဲဒါ ...ခုံခရွာပဲ မြို့ပိုင်မင်း၊ ရွာလူကြီးနဲ့ကျုပ်အတော်ရင်းနှီးပါတယ်''





သို့သော် ရွာ၏အဝင်ဝဖြစ်သော သစ်ခက်မုခ်ဦးကို ကျော်ဖြတ်ကာ ရွာထဲသို့ ဝင်ရောက်လာသည့်အခါမှာမူ တစ်ရွာလုံး လူခြေတိတ်ကာ ဆိတ်ဆိတ်ငြိမ်လျက်ရှိသည်ကို တွေ့ရ၏။

ရွာရှိ အိမ်တိုင်းလိုလိုမှာ တံခါးများပိတ်ထားကြပြီး ရွာလယ်ရှိ ရွာလူကြီး၏အိမ်ရှေ့၌ သစ်ရွက်စိမ်းများချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။

''ဒီရွာမှာလည်း အခြေအနေမကောင်းဘူး မြို့ပိုင်မင်း''

''ကျုပ်တို့ကို မလိုလားတဲ့ ဒီရွာမှာ တည်းမနေနဲ့တော့ဗျာ၊ တောတောင်ထဲမှာပဲ စခန်းချကြတာပေါ့၊ ကျုပ်တို့ရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ ဒုံမားရွာဆီတော့ မရောက်ရောက်အောင် သွားရမှာပဲဗျ''

ထို့နောက် ခုံခရွာမှ ထွက်ခွာလာခဲ့ကြတော့၏။

အထမ်းသမားတို့လည်း ထင်းရှူးသေတ္တာကြီးများကို ခဏသာချနားပြီး ခရီးဆက်ကြရလေသည်။

ခုံခရွာမှ ထွက်ခွာခဲ့ပြီး တောင်လက်မောင်းတစ်ခုအပေါ် ဖြတ်တက်လာချိန်တွင် တောတောင်အနှံ့မှ ထူးခြားသောအသံများကို ခပ်သဲ့သဲ့ကြားရ၏။

'တွိ တွိ တွိ တွိ'

အနီးမြည်သံရှည်တို့မှာ သူတို့ ဖြတ်သန်းခဲ့ရာ ခုံခရွာဆီမှ



www.burmeseclassic.com

www.burmeseclassic.com



စတင်ကြားရခြင်းဖြစ်ပြီး နောက်ထပ်အသံများကို တောင်ကြောတစ်လျှောက် အဆက်မပြတ် ကြားရခြင်းဖြစ်၏။

"အဲဒါ ဘာသံတွေလဲဗျ ဦးအောင်မြတ်"

ကုန်သည်ကြီးဦးအောင်မြတ်မှာ မျက်စိမျက်နှာပျက်နေရာမှ အသံကိုထိန်းလျက် ပြန်ဖြေသည်။

"အဲဒါ ဝါးကုလားခေါက်မှုတ်သံတွေပဲ မြို့ပိုင်မင်း။ ကူကီးချင်းနဲ့နာဂတွေဟာ တောထဲအမဲလိုက်ထွက်တဲ့အခါ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အချက်ပြပြီးမှုတ်တဲ့အသံမျိုးပါပဲ"

ဤတွင် ခရီးစဉ်တစ်လျှောက် ဆိတ်ငြိမ်စွာလိုက်ပါခဲ့သည့် ခွန်ရာဇာက ဝင်ပြောလေသည်။

"အခြေအနေကတော့ သိပ်ဟန်ပုံမပေါ်ဘူး အန်ကယ်၊ သူတို့က ကျွန်တော်တို့ကို တောခြောက်သလိုခြောက်ပြီး မောင်းထုတ်မယ့်သဘောရှိတယ်၊ ဒုံမားရောက်ရင်ကော အခြေအနေကောင်းပါ့မလား"

"ဒါကတော့ မီးစင်ကြည့်ပြီးကရမှာပဲ ခွန်ရာဇာ၊ ကျုပ်တို့ကလည်း အစိုးရရဲ့တာဝန်အရ လာရတာဆိုတော့ ဒုံမားစော်ဘွားကြီးရမ်ခိုနဲ့ တွေ့မှကိုဖြစ်မယ်၊ အရေးပိုင်ကြီးက စော်ဘွားကြီးရမ်ခိုနဲ့တွေ့ပြီး အစိုးရရဲ့ကမ်းလှမ်းမှုကို သေချာရှင်းပြဖို့ မှာလိုက်တယ်၊ ဒီတော့ ဒုံမားရွာဆီအရောက် သွားရမှာပဲ"





လူရဲအနေဖြင့်မူ ဖခင်ကြီးသည် အန္တရာယ်တောသို့ တိုးဝင်သည်ထက် တိုးဝင်နေမှန်းသိသော်လည်း တားမြစ်ရခက်နေ၏။

"အင်း ... အဖေဟာ သူ့ရဲ့တာဝန်ကို သူ အင်မတန်ကျေပွန်ချင်တဲ့သူ၊ ငါတားလည်း သူ့ခရီးသူ ဆက်သွားမှာပဲ၊ အဖေသွားရင် ငါလိုက်ရမှာပဲ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲသာ မှတ်လိုက်တော့ လူရဲရေ"

* * *



www.burmeseclassic.com

www.burmeseclassic.com



# မာယာမြိုင်တော

လူရဲတို့သည် ရှေ့သို့တိုး၍ တိုးကာသာ ခရီးဆက်ခဲ့ကြရာ နေအတော်စောင်းသွားချိန်တွင် တောင်ခါးပန်းတစ်ခုသို့ ရောက်ရှိသွားကြပြီး ယင်းနေရာမှာပင် တစ်ညတာစခန်းချရန် ဆုံးဖြတ်လိုက်ကြ၏။

တစ်ခု စိတ်သက်သာရာရှိသည်မှာ ဝါးကုလားခေါက်မှုတ်သံများ မကြားရတော့ခြင်းပင်။

ညစာချက်ပြုတ်စားသောက်ကြပြီးနောက် သူတို့သည် မီးပုံကြီးဖိုပြီး မီးဖိုနှင့်မလှမ်းမကမ်း၌ ရွက်ဖျင်တဲနှစ်လုံးထိုးကာ အိပ်စက်လိုက်ကြ၏။





ရွက်ဖျင်တဲတစ်လုံးတွင် မြို့ပိုင်မင်း ဦးလူအေးနှင့်လူရဲတို့သားအဖ အိပ်ပြီး အခြားရွက်ဖျင်တဲတွင် ကုန်သည်ကြီးဦးအောင်မြတ်၊ ကျောင်းဆရာဦးခက်ပန်နှင့်ခွန်ရာဇာတို့ အိပ်စက်လေ၏။

အထမ်းသမားတို့မှာမူ မီးပုံကိုဝိုင်းပတ်ကာ တာလပတ်ခင်းပြီး အိပ်ကြလေသည်။

ညက အေးစက်လျက်ရှိပြီး ဆီးနှင်းပေါက်တို့ သစ်ရွက်သစ်ခက်တို့အပေါ် တဖြောက်ဖြောက်ကျသံကိုသာ ကြားနေရသည်။

လူရဲမှာ ညဦးယံကတည်းက ခရီးပန်းသဖြင့် အိပ်ရာသို့စောစောဝင်ကာ အိပ်စက်လိုက်ရာ သန်းခေါင်ယံကျော်ချိန်ဝယ် ဆီးသွားချင်သဖြင့် ဖျတ်ခနဲနိုးလာတော့၏။

ထို့ကြောင့် တောလိုက်လက်နှိပ်ဓာတ်မီးကိုယူကာ လဲလျောင်းနေရာမှ အသာထလိုက်သည်။

မီးလင်းဖိုမှ အရှိန်လျော့ကျလာနေပြီဖြစ်သည့်မီးရောင်က ရွက်ဖျင်တဲတို့ဆီ ခပ်ဖျော့ဖျော့လာဟပ်လျက်ရှိလေသည်။

ဖခင်ကြီးနိုးသွားမည်စိုးသဖြင့် အသံဗလံမပြုအောင် ရွက်ဖျင်တဲအတွင်းမှ အသာထွက်လိုက်ပြီး မှောင်ရိပ်ကျနေသည့် ချောက်ကမ်းပါးဝဲဘက်အစွန်သို့ လျှောက်လှမ်းလာခဲ့သည်။

သူ၏နောက်ကျောဘက်ရှိ ရွက်ဖျင်တဲနှစ်လုံးဝလုံးမှာ

www.burmeseclassic.com



ဆိတ်ငြိမ်လျက်ရှိပြီး မီးလင်းဖိုကြီး၏ပတ်လည်တွင် ပိုးလိုးပက်လက် အိပ်ပျော်နေကြသည့် အထမ်းသမားတို့ဆီမှ ဟောက်သံမှန်မှန် ထွက်ပေါ်လျက်ရှိလေသည်။

လူရဲသည် ချောက်ကမ်းပါးအစွန်းတစ်နေရာတွင် ရပ်လိုက်ကာ မည်းမည်းမှောင်နေသည့် ချောက်ကြီးအတွင်းသို့ ငုံ့ကြည့်လိုက်ပြီး အပေါ့သွားလိုက်၏။

ထိုစဉ် ချောက်ကမ်းပါး၏အောက်ဘက်တစ်နေရာမှ ကြိုးကွင်းတစ်ကွင်းသည် ဝေ့ခနဲမြောက်တက်လာပြီး လူရဲ၏ခေါင်းမှာ စွပ်သွားတော့သည်။

"ဟာ"

မထင်မှတ်ဘဲ တိုက်ခိုက်ခံလိုက်ရခြင်းဖြစ်သဖြင့် ကြောင်သွားစဉ်မှာပင် ကြိုးကိုဆောင့်ဆွဲခြင်းခံလိုက်ရရာ လူရဲ၏ကိုယ်မှာ ချောက်နှုတ်ခမ်းပေါ်မှ လေထဲသို့ လွင့်ကျသွားပါတော့သတည်း။

*

မည်းမည်းမှောင်နေသည့် ချောက်ကြီးထဲသို့ ဦးစိုက်ထိုးကျသွားသည့်လူရဲမှာ သည်တစ်ခါတော့ ကံစွချောပြီဟုသာ





မှတ်ယူလိုက်မိလေ၏။

သူသည် လေဟာနယ်ထဲ အဆီးအတားမဲ့စွာ ခဲတစ်လုံးနှယ် လွင့်ကျလာရာမှ ခဏအကြာမှာပင် သူ့ကိုယ်သည် တစ်စုံတစ်ဦး၏ဆောင့်ဆွဲခြင်းခံလိုက်ရသလိုဖြစ်ကာ လေထဲဝယ် တန်းလန်းကြီးဖြစ်နေတော့၏။

သူသည် ချောက်အောက်ခြေသို့ ဒုတ်ဒုတ်ထိကျမသွားဘဲ သူ့ကို ရစ်ပတ်ထားသည့် ကြိုး၏အဖျားက တစ်စုံတစ်ခုနှင့်ငြိကာ ကြိုးတန်းလန်းဖြစ်သွားပုံရလေသည်။

"အင်း ... တော်ပါသေးရဲ့၊ ကြိုးစက ချောက်ကမ်းနံပါးက တစ်ခုခုနဲ့ငြိသွားပုံရတယ်၊ ကံကောင်းလို့ပါလား၊ ဒါပေမဲ့ ... ငါ့ခန္ဓာကိုယ်ရဲ့အလေးချိန်ကို မခံနိုင်ဘဲ ငြိနေတဲ့ကြိုး ပြုတ်သွားရင်တော့ ငါ ဆက်ပြီးပြုတ်ကျသွားမှာပဲ"

ထိုစဉ် ချောက်အောက်ခြေတောင်ကြိုတောင်ကြားထဲမှ မြူငွေ့တောင်ငွေ့ဖြူဖြူတို့ မှုတ်ထုတ်သလို ထွက်လာတော့၏။

ခဏအကြာတွင်မူ တန်းလန်းဖြစ်နေသည့်ကြိုးသည် တဖြည်းဖြည်းလျော့ကျလာပြီး သူသည် အောက်သို့ပြုတ်ကျသွားရာ အောက်ခြေရှိ ကျောက်တုံးကြီးတစ်တုံးပေါ်သို့ ပစ်ကျသွားတော့သည်။

'ဘုန်း'



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းနှင့်မကျစေရန် အတတ်နိုင်ဆုံး ကိုယ်ကို ကွေးလိုက်နိုင်သဖြင့် ကျောကုန်းနှင့်ပစ်ကျကာ ကျောက်တုံးကြီး ပေါ်မှ အောက်သို့ လိမ့်ဆင်းသွားလျက် အခြားကျောက်တုံးတစ် တုံးနှင့် ခေါင်းတိုက်မိပြီး သတိလစ်သွားပါတော့၏။

*

သူ ပြန်လည်သတိရလာတော့ အရုဏ်တက်စသာ ရှိ သေးသည်။ ချောက်အောက်ခြေတွင် အမှောင်ထုက စိုးမိုးလျက် ရှိပြီး မြူငွေ့တို့ကြောင့်လည်း အရာရာသည် မှုန်ဝါးဝါးဖြစ်နေ၏။

ဦးခေါင်းတစ်ခုလုံး နောက်ကျိမူးဝေနေသည့် လူရဲသည် လဲကျနေရာမှ အားယူကာ ဖြည်းဖြည်းချင်း လူးလဲထလိုက်ရလေ သည်။

''အား ... ကျွတ် ကျွတ်''

သူ ပြုတ်ကျခဲ့ရာ ချောက်ကမ်းပါးပေါ်သို့ မော့ကြည့် လိုက်ရာ သစ်ရွက်သစ်ခက်များ ကွယ်နေသည့်အပြင် မြူနှင်းတို့ ထူထပ်စွာ ကျရောက်နေသဖြင့် ဘာကိုမျှ သဲကွဲစွာမတွေ့ရချေ။

သူသည် ကိုယ်၌ပတ်နေသည့် ကြိုးခွေကို ဖြုတ်ချလိုက်





ပြီး အောက်ပေါင်းခနွယ်ပင်များဖြင့် ရှုပ်ထွေးနေသည့်နေရာမှ လွတ်မြောက်စေရန် မြူငွေ့များကြားမှာပင် တစ်လှမ်းပြီးတစ်လှမ်း လှမ်းထွက်လာတော့၏။

ယင်းသို့လျှောက်လှမ်းလာရင်း ခေါင်းက မူးနောက်သည် ထက် မူးနောက်လာတော့သည်။

'ဒူး ဒူး ဒူး'

ထိုစဉ် သူ၏လက်ယာဘက်ရှိ ချုံကြီးများနောက်မှ တောဝက်အုပ်၏အသံကိုကြားရရာ သူ့အတွက် အသက် အန္တရာယ်နီးနေပြီဖြစ်ကြောင်း သတိပြုမိလိုက်သဖြင့် ဝဲဘက်ရှိ သက်ရင့်ပင်ကြီးများကြားထဲသို့ ခပ်မြန်မြန် ဝင်တိုးခဲ့ရတော့၏။

တောဝက်တို့၏အသံက နီးလာလိုက်၊ ဝေးသွားသလို ဖြစ်လိုက်ဖြစ်နေရာ သူလည်း ထိုအသံများနှင့်ဝေးရာသို့ ဦးတည် ကာ လရောင်ဝိုးဝါးအောက်တွင် ကြိုးစားလျှောက်လှမ်းလျက် ရှိတော့သည်။

ထိုသို့လျှောက်ရင်းလျှောက်ရင်း ခေါင်းက မူးသည်ထက် မူးလာပြီး နောက်ဆုံး ချာချာလည်အောင်မူးလာကာ ဆောက် တည်ရာမရ ဖြစ်လာရာမှ ဒယီးဒယိုင်ဖြစ်လျက် မြေပြင်ပေါ်သို့ ဝစ်လဲကျသွားပါတော့သတည်း။

*



www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးထိန်ထိန်လင်းခဲ့ပြီ။

မြို့ပိုင်မင်း ဦးလူအေးမှာ သားဖြစ်သူ လူရဲကို မည်သည့်နေရာမှာမှ ရှာမတွေ့သဖြင့် ဆောက်တည်ရာမရအောင် ချောက်ချားလျက် ရှိတော့၏။

"ကျုပ် ကျုပ်ရဲ့သားလူရဲကို ရှာကြပါဦးဗျာ၊ ရှာကြပါဦး"

"ရှာနေပါတယ် မြို့ပိုင်မင်း၊ ဖားလေးနဲ့ကျော်ခေါက်ချောက်အောက်ခြေအထိ ဆင်းရှာနေကြပါတယ်"

"တောက် ... ဒီကောင်လေးကလည်း ဘာမပြော ညာမပြောနဲ့ ဘယ်အချိန်က ထွက်သွားသလဲမသိပါဘူး"

"တပိုတပါးသွားရင်း ကျားဆွဲသွားသလားမသိဘူးနော်"

"ဖွဟဲ့ ... လွှဲပါစေ ဖယ်ပါစေ၊ အုံး မှ ... မင်းတောထဲတောင်ထဲ စကားကို လက်လွတ်စပယ်မပြောနဲ့လေကွာ၊ ရှာကြပါဦး ... ရေရှာဖို့ စမ်းချောင်းတစ်ခုခုဆီ ဆင်းသွားသလားပဲ"

မြို့ပိုင်မင်း စိတ်သောကကြီးစွာမရောက်စေရန် လူကြီးများဖြစ်ကြသည့် ဦးအောင်မြတ်နှင့် ဦးခက်ပန်တို့က ဖေးဖေးမမ





ပြောနေရသော်လည်း တောတောင်အတွေ့အကြုံ ကောင်းစွာရှိသော ဦးအောင်မြတ်မှာ လူရဲအတွက် အခြေအနေမကောင်းနိုင်တော့ပြီကို တွက်ဆမိကာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေတော့၏။

နံနက်နေခြည်က တစ်စတစ်စ လင်းလက်စပြုလာကာ နှင်းတို့ပင် ကွဲစပြုချေပြီ။

အတော်လေးကြာတော့ ချောက်အောက်ခြေသို့ ဆင်းသွားကြသည့် ဖားလေးတို့လူစု တောင်ခါးပန်းပေါ် ပြန်တက်လာကြ၏။

"ချောက်အောက်ခြေမှာ လူရဲကိုမတွေ့ရပါဘူး မြို့ပိုင်မင်းခင်ဗျာ၊ ဟောဒီ တောလိုက်လက်နှိပ်ဓာတ်မီးကိုတော့ ချောက်အောက်ခြေမှာ တွေ့ခဲ့လို့ ယူလာပါတယ်"

"ဟောဒီကြိုးခွေကိုလည်း တွေ့ခဲ့ရပါတယ်"

ကွင်းလျှောကြိုးခွေကိုကြည့်ရင်း ဦးအောင်မြတ် မျက်လုံးမှုန်းသွားရတော့၏။

"ဟင် ... ဒီကြိုးခွေကို ချောက်အောက်ခြေမှာ တွေ့ခဲ့တာလား"

"ဟုတ်ပါတယ် မြို့ပိုင်မင်းခင်ဗျာ၊ ဟောဒီ တစ်စင်းမြစ်နေတဲ့ လက်နှိပ်ဓာတ်မီးကိုရော, ဒီကြိုးခွေကိုပါ တွေ့ခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ လူရဲကိုတော့ လုံးဝရှာလို့မတွေ့ရပါဘူး''

''အင်း . . . ဒါဆိုရင် ကျုပ်ရဲ့သားဟာ ညဘက် အပေါ့အပါး ထသွားရင်း ချောက်ထဲပြုတ်ကျသွားသလား မသိဘူး''

''ချောက်ထဲပြုတ်ကျရင် လူကိုတွေ့ရမှာပေါ့ မြို့ပိုင်မင်းရဲ့''

ဦးခက်ပန်က ထင်မြင်ချက်ဝင်ပေးရာ ဦးအောင်မြတ်က ပါ ခေါင်းညိတ်ထောက်ခံလေသည်။

''ဟုတ်တယ် မြို့ပိုင်မင်း . . . ချောက်က အနက်ကြီးပဲ၊ ပြုတ်ကျရင် အသက်အန္တရာယ်ထိခိုက်မှာ သေချာတယ်၊ သူဟာ တောင်ခါးပန်းပေါ်မှာပဲ ဘုစ်ခုခုဖြစ်ပြီး လက်နိပ်ဓာတ်မီးက ချောက်ထဲပြုတ်ကျသွားတာလည်း ဖြစ်နိုင်တာပဲဗျ''

''ဘာပဲဖြစ်ဖြစ် ကျုပ်တော့ ချောက်အောက်ခြေမှာ ဆင်းရှာချင်တယ်ဗျာ''

''ရှာချင်လည်းရှာလေ မြို့ပိုင်မင်း''

သို့ဖြင့် သူတို့ထဲမှ ဦးခက်ပန်တစ်ဦးတည်း တောင်ခါးပန်းပေါ်တွင် သေတ္တာကြီးများကို စောင့်ရန် နေရစ်ခဲ့ပြီး ကျန်လူအားလုံး ချောက်ထဲဆင်းကာ လူရဲကို တစ်နေကုန်နီးပါး ရှာဖွေကြတော့၏။

သို့သော် ညနေ အတော်စောင်းသည့်တိုင် လူရဲကို အစ





အနပင် မတွေ့ရသဖြင့် စိတ်ပျက်လက်လျှော့ပြီး တောင်ခါးပန်းပေါ် ပြန်တက်လာခဲ့ရတော့သည်။

ဦးလူအေးမှာမူ သားဖြစ်သူ ပျောက်ခြင်းမလှ ပျောက်ဆုံး သွားသဖြင့် လွန်စွာစိုးရိမ်ပူပန်ကာ ဆောက်တည်ရာမရ ဖြစ်နေတော့၏။

''သားလေးရယ် . . . ဖြစ်မှဖြစ်ရလေ၊ ငါ့ကို စိတ်မချလို့ လိုက်လာခါမှ သားလေး အန္တရာယ်နဲ့ ကြုံရပလေတယ်''

မြို့ပိုင်မင်း ဦးလူအေးအနေဖြင့် ပျောက်ဆုံးသွားသော သားအတွက် ပူပန်ခြင်းကြီးစွာဖြင့် ဤနေရာဝန်းကျင်မှာပင် စခန်း အသေချကာ မတွေ့မချင်း ရှာဖွေလိုသော်လည်း သူ့တွင် တာဝန်ကြီးက ရှိသေးသဖြင့် သောကအပူနှင့် အတ္တဆန္ဒတို့ကို ရင်မှာသိမ်းဆည်းလျက် နောက်နေ့မနက်မှာပင် ဒုံမားရွာသို့ ခရီးဆက်ရန် ဆုံးဖြတ်လိုက်ရတော့၏။

''အင်း . . . သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ ငါ့ရဲ့ကိုယ်ရေးကိုယ်တာကို တာဝန်နဲ့ယှဉ်လာရင် ဦးစားမပေးနိုင်ဘူး၊ သားလေး တစ်ခုခုမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ . . . သားလေး တစ်ခုခု မဖြစ်ပါစေနဲ့၊ မဖြစ်ပါစေနဲ့''

❋



www.burmeseclassic.com

www.burmeseclassic.com



နာဂတောင်တန်းပေါ်မှ လပြည့်ညသည့် နှင်းမှုန်တို့ သိပ်သိပ်သည်းသည်း လွှမ်းခြုံထားမှုကြောင့် မှုန်ရီပိုးဝါးလျက် အေးစိမ့်လို့နေသည်။

ပြင်ပလောကဝယ် ဆောင်းလေကြမ်းကြောင့် အရိုးကွဲမတတ် အေးစိမ့်လျက်ရှိသော်လည်း ဒုံမားစော်ဘွားကြီး ရမ်ခို၏ စံအိမ်ကြီးထဲမှာမူ တဟဲဟဲတောက်လောင်နေသည့် မီးလင်းဖို၏ အနွေးဓာတ်ကြောင့် စုရုံးရောက်ရှိနေကြသော လူမျိုးစု ခေါင်းဆောင်များ၊ ကျေးရွာအကြီးအကဲများမှာ နေသာထိုင်သာရှိနေကြလေသည်။

သူတို့အားလုံးသည် စော်ဘွားကြီးရမ်ခို ဆင့်ခေါ်ထားသဖြင့် ဤဒုံမားရွာသို့ရောက်ရှိနေကြခြင်းဖြစ်ပြီး စော်ဘွားကြီးကတော် တည်ခင်းကျွေးမွေးသော ဖွဲကြမ်းခေါင်ရည်အိုးကြီး သုံးလုံး၊ ကြက်ဖြူသားဟင်းနှင့် ဝက်ကောင်လုံးကင်တို့က ဖွယ်ဖွယ်ရာရာ အလျှံပယ်မို့ အစည်းအဝေးတက်ရောက်လာသူတို့မှာ လွန်စွာ သဘောခွေ့လျက်ရှိကြတော့၏။

စော်ဘွားကြီးရမ်ခိုမှစကာ ခေါင်ရည်ကို ဝါးပြွန်တံဖြင့် စုပ်သောက်လိုက်ပြီးနောက် ကြီးစဉ်ငယ်လိုက်သောက်ကြကာ ကြက်ဖြူသားဟင်းနှင့် ဝက်ကင်တို့ကိုလည်း ကြီးစဉ်ငယ်လိုက် မြည်းကြလေသည်။

စားသောက်ရင်း ဝိုင်းတစ်ပတ်လည်သွားသည့်အခါမှာမူ စော်ဘွားကြီးက စည်းဝေးဆွေးနွေးခြင်းကို စတင်လိုက်တော့၏။

"ငါတို့ နာဂတောင်တန်းဒေသကြီးတစ်ခုလုံးက နယ်ချဲ့အစိုးရရဲ့အမိန့်ကို ဖီဆန်ပြီး တွန်းလှန်ဖို့ ဆုံးဖြတ်ထားကြတာဆိုတော့ လာမယ့်ဘေးရန်အတွက် ကြိုတင်ပြင်ဆင်ထားကြရမှာဖြစ်တယ်၊ ဒီတော့ ကတုတ်ကျင်းတွေ တူးထားရမယ်၊ ခံတပ်တွေ ဆောက်လုပ်ထားရမယ်၊ ကျောက်မောင်းတွေ ဆင်ထားရမယ်၊ ဒါတွေလုပ်ထားဖို့ ပြီးခဲ့တဲ့ဆယ်ရက်ကျော်ကပဲ ငါပြောထားပြီးပြီ၊ ဆက်သားလွှတ်ပြီးလည်း ညွှန်ကြားထားပြီးပြီ၊ အားလုံး လုပ်ပြီးကြပြီလား"

"ဟုတ်ကဲ့ . . . ပြီးပါပြီ စော်ဘွားကြီး၊ ကုလားဖြူတပ်တွေ တက်လာနိုင်မယ့် လမ်းကြောင်းသုံးသွယ်စလုံးမှာ ကျောက်မောင်းတွေ ဆင်ပြီးပါပြီ ခင်ဗျ၊ ကတုပ်ကျင်းတွေနဲ့ ထောင်ချောက်တွေ၊ ခံတပ်တွေပါ တည်ဆောက်ပြီးပါပြီ"

"ဟုတ်တယ်၊ ကျုပ်တို့လည်း ပြီးပြီ"

"ကျုပ်တို့လည်း ပြီးပါပြီ စော်ဘွားကြီး"

"ခဲယမ်း မီးကျောက်တွေရော ပြည့်စုံရဲ့လား"





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com



''ကြိုးစားစုဆောင်းထားပါတယ် စော်ဘွားကြီး၊ တူမီးသေနတ်အလက်ငါးရာလည်း အဆင်သင့်ပါခင်ဗျ''

''လူအင်အားကရော့ကွဲ့''

''တိုက်ခိုက်မယ့်စစ်သည်တစ်ထောင်ကျော် စုစည်းထားပြီးပါပြီ ခင်ဗျ၊ တူမီးသေနတ် မကိုင်ရသူတွေအတွက် ဒူးလေးတွေ၊ လှံတို၊ လှံရှည်တွေ၊ ဝါးချွန်တွေ၊ ဓားရှည်တွေ စုဆောင်းထားပါတယ်''

''အိမ်း ... အားရလှသကွယ်၊ ငါတို့ရဲ့ စည်းလုံးညီညွတ်မှုအားနဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ သတ္တိသွေးတို့ကို ကုလားဖြူတို့ သိစေရတော့မှာပေါ့''

စော်ဘွားကြီးရမ်ခိုက မြေဆေးတံကြီးခဲလျက်မှ အားရစွာ ပြောသည်။ မျိုးနွယ်စုခေါင်းဆောင်များ၊ ကျေးရွာအကြီးအကဲများသည်လည်း တက်ကြွလျက်ရှိကာ ခေါင်ရည်၏တန်ခိုးကြောင့်ရော၊ ဒေါသသွေး ဇာတိမာန် ဇာတိသွေးတို့ကြောင့်ပါ မီးလင်းဖို၏မီးရောင်အောက်တွင် သူတို့၏မျက်နှာတို့က ရဲရဲတောက်လျက် ရှိကြတော့၏။

''သင်းတို့ကတော့ သူတို့ရဲ့အာဏာကို ဖီဆန်တယ်ဆိုပြီး ခေတ်မီလက်နက်တွေနဲ့ ငါတို့ကိုလာပြီး ချေမှုန်းမှာပဲကွဲ့၊ သို့ပေမယ့် ... သင်းတို့ကို မှုစရာမလိုပါဘူး၊ ငါတို့က ဒေသခံတွေမို့





နယ်မြေပိုကျွမ်းကျင်တယ်၊ တောပိုကျွမ်းတယ်၊ သင်းတို့ကို လက်ဦးမှုယူပြီး ချုံခိုတိုက်ခိုက်နိုင်တယ်၊ ဘာမှုမလဲ၊ သင်းတို့က သံမှုန့်စားမို့လား''

စော်ဘွားကြီးရမ်ခိုက ဇာတိမာန်စိတ်တက်ကြွစွာဖြင့် ပြောလိုက်ပြီးနောက် မြေဆေးတံကြီးကိုဖွာနေလိုက်စဉ် ပါရာနာဂ အကြီးအကဲက ...

''စော်ဘွားကြီး ... ကုလားဖြူအစိုးရရဲ့ ရှေ့ပြေးစေတမန်အဖွဲ့ ဆာကွန်ရာရွာကနေ လှည့်ပြန်သွားကြပြီလား''

ဟုမေးလိုက်ရာ စော်ဘွားကြီးရမ်ခို၏မျက်နှာသည် ရုတ်ခြည်းတင်းမာသွားတော့၏။

''ဟာ ... ပြောကိုမပြောချင်ဘူး၊ သင်းတို့ဟာ အတော်ကို ခေါင်းမာတာပဲ၊ ဆာကွန်ရာရွာသူကြီးက အတန်တန်တားပါလျက်နဲ့ သင်းတို့က ဒီဒုံမားရွာဆီ ချီလာကြပြီတဲ့လေ၊ ဆာကွန်ရာရွာသူကြီးက လျှို့ဝှက်သတင်းပို့ထားပြီးပြီ''

''တောက် ... ဒါဆိုလည်း သင်းတို့ကို ရှင်းပစ်လိုက်တာပေါ့ စော်ဘွားကြီး၊ သင်းတို့က ကုလားဖြူတပ်တွေအားကိုးနဲ့ နာဇသံကို ဒီအထိလာပို့မယ်ပေါ့လေ၊ သင်းတို့ ဒီဒုံမားမရောက်ခင် ကျုပ်ရဲ့အဖွဲ့က လမ်းမှာကြိုစောင့်ပြီး ခေါင်းဖြတ်ကွပ်မျက်ပစ်လိုက်မယ် စော်ဘွားကြီး''



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အခြားလူမျိုးစုခေါင်းဆောင်များ၊ ကျေးရွာအကြီးအကဲများကပါ ဝိုင်းဝန်းထောက်ခံကြတော့၏။

"ဟုတ်တယ် . . . အဲဒီလိုလုပ်ပစ်ရမယ်၊ ဒါမှ နောင်ကို နယ်ချဲ့လက်ပါးစေတွေ အတင့်မရဲဝံ့မှာ"

"တားနေပါလျက်နဲ့ ရှေ့တိုးလာတာဟာ ကျုပ်တို့ကို ပမာမခန့်လုပ်တာပဲ၊ မှတ်လောက်သားလောက်အောင် ရှင်းပစ်တာ ကောင်းတယ်"

"ဟုတ်တယ်၊ သူင်းတို့ကို အရှင်မထားနဲ့"

ဤတွင် စော်ဘွားကြီးရမ်ခိုက လက်ကာတားသည်။

"နေပါဦး . . . နေကြပါဦးကွဲ့၊ ကျုပ်လည်း သူတို့ကို စိတ်ဆိုးတာပါပဲ၊ ဒါပေမဲ့ စိတ်လိုက်မာန်ပါ လက်လွတ်စပယ်လုပ်ကြရင် မဆိုင်သူတွေ သေကုန်လိမ့်မယ်ကွဲ့၊ သူတို့အုပ်စုမှာ အပြစ်မဲ့တဲ့အထမ်းသမားတွေ ပါတယ်၊ ပြီးတော့ ကျောင်းဆရာလည်း ပါတယ်၊ အဲဒီကျောင်းဆရာကြီးဟာ ကျုပ်တို့ နာဂတောင်တန်းဒေသက ကလေးတွေကို စာသင်ပေးဖူးတယ် . . . ၊

ဒီထဲက ကျေးရွာအကြီးအကဲတွေထဲမှာ သူ့တပည့်တွေတောင် ပါနိုင်တယ်၊ အဲဒီလူတွေကို အန္တရာယ်မပြုသင့်ဘူး။ ကျုပ်လိုချင်တာက အင်္ဂလိပ်အစိုးရရဲ့ကျေးကျွန် မြို့ပိုင်ဆိုတဲ့ကောင်နဲ့ ဒီဒေသဆီ မရောက်ရောက်အောင် လက်ထောက်ချ





ခေါ်လာတဲ့ အောင်မြွတ်တို့ကိုပဲ၊ ပြီးတော့ . . .

ကျုပ်တို့ ငြင်းပယ်လိုက်ရင် သူတို့ရဲ့နောက်က လိုက်လာမယ့် မျက်နှာဖြူတပ်ရဲ့ဗျူဟာကို သိချင်သေးတယ်၊ မြို့ပိုင်ကောင်ကတော့ သိမှာပဲ၊ ဒါကြောင့် သင်းတို့ ဒီရွာရောက်တဲ့အထိ အန္တရာယ်မပြုကြနဲ့၊ ဒီရွာရောက်ပြီးလို့ ကျုပ်တို့ရဲ့လက်ခုပ်ထဲက ရေဖြစ်မှ မြို့ပိုင်ကောင်ကို ဖမ်းချုပ်ပြီး ကျုပ်စစ်မေးမယ်၊ အထူးသဖြင့် မျက်နှာဖြူအစိုးရက ကျုပ်တို့နာဂတောင်တန်းပေါ် တကယ်တက်လာပြီး ထိုးစစ်ဆင်နိုင် မဆင်နိုင် မေးချင်သေးတယ်"

"မေးဖို့လိုသေးလို့လား စော်ဘွားကြီးရဲ့၊ နယ်ချဲ့အစိုးရကတော့ သူတို့ကို အာခံရင် လာချမှာပဲ မဟုတ်လား"

"ဒီလိုရှိတယ် ချယ်ရာသူကြီးရဲ့၊ အခု မြို့က ငါတို့ရဲ့အထောက်တော် နောက်ဆုံးသတင်းပို့ထားတဲ့အထဲမှာ ကုလားဖြူအစိုးရဟာ တယ်အခက်တွေ့နေဆိုပဲ"

"ဘယ်လိုအခက်တွေ့နေတာလဲ စော်ဘွားကြီး"

"ကမ္ဘာအနှံ့မှာ စစ်ပွဲတွေဆင်နွှဲနေရလို့ မျက်ဖြူဆိုက်နေတယ်တဲ့၊ ဒါကြောင့် စစ်ချီရခက်၊ တိုက်ခိုက်ရခက်တဲ့ ကျုပ်တို့ရဲ့တောင်တန်းပေါ် သင်းတို့ တကယ်တမ်း လာချင်မှလာမှာပါ၊ ဒါကို သဲသဲကွဲကွဲသိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ အဲဒီအချက်တွေ စော်ဘွားကြီး သိပြီးရင်တော့ သင်းတို့ကို စီရင်ခွင့်ပြုပါ"

"ဒါကတော့ မင်းတို့သဘောပဲ"

စော်ဘွားကြီးရမ်ခို၏ခွင့်ပြုချက် ရလေလျှင် လူမျိုးစုခေါင်းဆောင်များ၊ ကျေးရွာအကြီးအကဲများမှာ လက်သီးဆုပ်တို့ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ကြတော့၏။

❋ ❋ ❋





## သူယောင်မယ်နှင့်ဆုံတွေ့ခြင်း

လူရဲမှာ မျက်စိလည်ပြီး တောထဲတွင် တဝဲလည်လည် ဖြစ်နေတော့၏။

"ဟင် . . . ဒီတောင်ပို့၊ ဒီသစ်ပင်နေရာကို စောစောကငါရောက်ခဲ့ဖူးသလိုပါလား"

သူသည် ခြေဦးတည့်ရာလျှောက်သွားရင်း နှစ်ရက်မြောက်သောနေ့တွင် အာဟာရပြတ်ပြီး သစ်တိုပင်ကြီးတစ်ပင်၏ ခြေရင်း၌ ပင်စည်ကို တစောင်းမှီလျက် ခြေပစ်လက်ပစ်လဲကျသွားတော့၏။

"အီး . . . ဗိုက်ကဆာလိုက်တာ၊ ရေကလည်း ငတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ . . . ၊

အဖေ, အမေကတော့ ငါ့ကိုမတွေ့လို့ စိုးရိမ်ပူပန်နေတော့မယ်၊ ငါ့ကို ဒေါင်းတောက်အောင် လိုက်ရှာနေမလား မသိဘူး . . . ၊

အင်း . . . ငါ့ကို အန္တရာယ်ပြုခဲ့တာ ဘယ်သူတွေများ ပါလိမ့်၊ တိုင်းရင်းသားတွေများလား၊ ဘုရား ဘုရား . . . အဖေရော ဘေးကင်းပါ့မလား။ အဖေ ဘေးကင်းပါစေ၊ ဘေးကင်းပါစေ''

သူသည် သစ်တိုပင်ကြီးအောက်တွင် အတန်ကြာမှိန်းနေပြီးမှ ရေငတ်လှသဖြင့် ရေရှာရန် အားတင်းလျက် ဖြည်းဖြည်းချင်း လှုးလဲထလိုက်ရ၏။

ထို့နောက် သူသည် ဒယီးဒယိုင်ဖြင့် အတန်ငယ် လျှောက်သွားနေမိရင်း . . .

'ဝေါ ဝေါ ဝေါ'

''ဟော . . . ရေ ရေသံလိုလိုပါလား''

ရေကျသံလိုလို သဲ့သဲ့ကြားရသဖြင့် လွန်စွာဝမ်းသာသွားကာ အသံလာရာဆီ နားစွင့်လျက် မြန်နိုင်သမျှမြန်အောင် အူယားဖားယား လျှောက်လှမ်းလာခဲ့ရာ ရေကျသံကို ပို၍ ပီပြင်စွာ ကြားသည်ထက် ကြားလာရတော့သည်။





''ဟာ . . . ဟုတ်, ဟုတ်ပြီ၊ ဒါဟာ စမ်းရေကျသံပဲ''

သူသည် လွန်စွာအားတက်သွားကာ ရေကျသံကြားရာ တောင်ကုန်းငယ်ပေါ်သို့ ဆူးတော၊ ချုံတောမရှောင် တိုးလျက် လေးဖက်တွားတက်တော့၏။

တောင်ကုန်းထိပ်အရောက် တောင်ကုန်းအစွန်းမှ ကျောက်တုံးမည်းမည်းကြီးပေါ် ဖက်ရက်တက်ခဲ့ရာ အစွန်သို့ အရောက်ဝယ် အောက်ဘက် ဝါးတစ်ရိုက်သာသာခန့်၌ ကြည်လင်သော စမ်းချောင်းတစ်ခု စီးဆင်းနေကာ ရေတံခွန်ငယ်မှ ရေတို့ တဖွားဖွားကျနေသည်ကိုပါ တွေ့ရတော့သည်။

''ဟာ . . . စမ်း, စမ်းချောင်းတွေ့ပြီ၊ ဝမ်း . . . ဝမ်းသာလိုက်တာ''

ထို့ထက်ပို၍ ကြည်လင်လှသည့်စမ်းရေထဲတွင် ရွှေငါးလေးတစ်ကောင်နှယ် ရေကူးနေသည့် မိန်းမပျိုလေးကို မမျှော်လင့်ဘဲ တွေ့လိုက်ရရာ လွန်စွာ အံ့အားသင့်သွားရတော့၏။

''ဟာ . . . မိန်းကလေးတစ်ယောက်ပါလား''

တောနက်ကြီးထဲ လူသူပြတ်လပ်ရာအရပ်၌ မထင်မှတ်ထားသည့်မြင်ကွင်းကို မြင်ရသဖြင့် လူရဲမှာ မျက်စိမှားပြီး ထင်ယောင်ထင်မှား မြင်နေခြင်းများလားဟု သံသယဝင်မိတော့၏။

''ဒီ . . . ဒီလိုတောခေါင်ခေါင်ကြီးထဲမှာ ဒီလောက်လှတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမျိုးရှိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ သူ သူယောင်မယ်များလား''

သူသည် အံ့အားသင့်လွန်းသဖြင့် ရေဝတ်နေသည်ကိုပင် မေ့လျော့သွားပြီး တဖွားဖွားကျနေသော ရေတံခွန်အောက်တွင် မိမွေးတိုင်း ဖမွေးတိုင်းအလှဖြင့် လွတ်လပ်စွာ ရေကူးနေသည့် မိန်းမလှလေးကို သတိလက်လွှတ်ငေးကြည့်နေမိစဉ် –

ဖြူဝင်းလှပသည့် မိန်းမချောလေးသည် ကောက်ကြောင်း၊ အဝန်းအဝိုင်းတို့ ပြေပြစ်စွာဖြင့် အချိုးအဆစ်ကျလှသော ငါးရံ့ကိုယ်လုံးလေးကို လူးလွန့်ရင်း လှုရဲဆီးကြည့်နေသည့် ကျောက်စွန်းအောက်ဘက်သို့ ကူးခတ်ဝင်ရောက် ပျောက်ကွယ်သွားတော့၏။

''ဟာ ... ဘယ် ဘယ်ရောက်သွားပြီလဲ မသိဘူး''

လှုရဲက မိန်းမချောလေးကိုတွေ့မြင်ရရန် ကျောက်တုံးကြီး၏ အစွန်းသို့ တိုးရွှေ့လိုက်ပြီး အောက်ဘက်သို့ ငုံ့ကြည့်လိုက်မိစဉ် အားနည်းလွန်းသဖြင့် ခေါင်းက မိုက်ခနဲဖြစ်ပြီး ကျောက်တုံးကြီးပေါ်မှ အောက်သို့ ဇောက်ထိုးကျသွားပါတော့သည်။

''အား ... အောင်မယ်လေး''

'ဗွမ်း'

အေးမြလှသောရေပြင်နှင့် ထိတွေ့လိုက်စဉ်မှာပင် သူ





သတိလစ်သွားပါတော့သတည်း။

*

ရေဝတ်သူလှုရဲမှာ စမ်းချောင်းထဲပြုတ်ကျခါမှ သတိလစ်သွားရာ ရေထဲသို့ တစ်ကိုယ်လုံး နစ်မြုပ်သွားခဲ့လေသည်။ စမ်းချောင်းထဲမှ မိန်းမချောလေးကသာ ဆွဲမ,ကယ်ယူခြင်းမပြုပါက လှုရဲမှာ အသက်ရှင်ဖွယ်ရာ မရှိချေ။

ပထမသော် မိန်းကလေးမှာ လန့်ဖျပ်သွားကာ ကြောင်ကြည့်နေသေး၏။ ထို့နောက်တွင်မှ ချက်ချင်းသတိဝင်လာလျက် လှုရဲကို ကြိုးစားပမ်းစား ဆယ်ယူတော့၏။

''အို ... သတိလစ်နေတာပါလား''

မိန်းကလေးက လှုရဲ၏ကိုယ်ကြီးကို ကမ်းစပ်ဆီသို့ ကူးခတ်လျက် ဆွဲခေါ်လာလေသည်။

စမ်းချောင်းငယ်၏ကမ်းစပ် သဲပြင်လွှာပေါ်တွင် လှုရဲအား ပက်လက်အနေအထားမှ ခန္ဓာကိုယ်အထက်ပိုင်းကို ထူမကာ သူရဲ၏ပါးတို့ကို လက်ဖဝါးဖြင့် ခပ်ဆတ်ဆတ်ပုတ်ခတ်လျက် သတိရလာအောင် ကြိုးစားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ...ဟော့လူကြီး"

သူမက ကုလားချင်းစကားနှင့်ရော၊ မြန်မာစကားနှင့်ပါ တတွတ်တွတ်ခေါ်ရာ လေးငါးချက်ခန့် ပါးပုတ်အပြီးတွင် လူရဲမှာ ပါးစပ်မှ ရေအနည်းငယ်အန်ပြီးနောက် သတိရစပြုလာတော့၏။

"အင်း ...ဟင်း ဟင်း"

"ဟော ...သူ သူသတိရလာပြီပဲ"

လူရဲ လူးလွန့်လာသည်တွင် မိန်းကလေးက လူရဲ၏ ခန္ဓာကိုယ်အထက်ပိုင်းကို သဲပြင်ပေါ်အသာပြန်ချလိုက်၏။

ယင်းအချိန်ကျမှပင် သူမကိုယ်သူမ သတိရပြီး ...

"အို"

ဟု ရှက်သွေးလေးဖြန်းကာ ထိတ်လန့်တကြား ရေရွှတ်လျက် မျက်လုံးလေးများ ပြူးသွားရတော့သည်။

သူမသည် ထိုင်ရာမှ ကပျာကသီထပြီး ကမ်းစပ်တစ်နေရာမှ ကျောက်တုံးတစ်တုံးပေါ်ပုံထားသည့် အဝတ်အစားများကို ကမန်းကတန်းကောက်ယူကာ လျင်မြန်စွာ ဝတ်လိုက်တော့၏။

ဂျပ်ခုတ်ထည်ထဘီ တိုတိုလေးကို ဂျပ်ခုတ်ထည်အင်္ကျီ လက်ပြတ်လေးနှင့်တွဲဖက်ဝတ်ကာ ရှန်နီတဘက်လေးကို ပခုံးမှာ ပတ်လိုက်ပြီးနောက် မိန်းကလေးမှာ လူရဲအနီးသို့ ပြန်လည်ချဉ်းကပ်လာပြီး သေချာငုံ့ကြည့်လိုက်လေသည်။





"အင်း ဟင်း ဟင်း ...ရေ ရေ ရေ"

"ဩော် ...သူ ရေဆာနေပုံရတယ်၊ နှုတ်ခမ်းတွေကလည်း အက်ကွဲလို့ပါလား၊ ပြီးတော့ ...သူက ဗမာပဲထင်တယ်၊ ဗမာစကားပဲ ပြောတယ်"

မိန်းကလေးက စမ်းရေကြည်ကြည်အေးအေးကို လက်ခုပ်ဖြင့်ပြေးခပ်ပြီး လူရဲ၏နှုတ်ခမ်းနှစ်လွှာကြားသို့ ဖြည်းဖြည်းချင်းလောင်းထည့်ပေးလေသည်။

လွန်စွာ အားနည်းမှုဝေနေသည့်လူရဲသည် ခြောက်သွေ့မှုလောင်လျက်ရှိသော လည်ချောင်းထဲသို့ စမ်းရေအေးအေးလေး စီးဆင်းလာသည်တွင် အငမ်းမရဲမျိုချရင်း အားအင်တို့ အတန်ငယ်ပြည့်လာကာ အာရုံတို့ကိုလည်း စုစည်းလာနိုင်တော့၏။

"ဟော့လူ ...ဟော့လူကြီး သတိရပြီလား"

မိန်းကလေးက မြန်မာလို ပီသစွာခေါ်ကာ အသာစောင့်ကြည့်လျက်ရှိစဉ် လူရဲက မျက်ခွံတို့ကို အားယူဖွင့်ကြည့်လိုက်၏။

ပထမတော့ အကြည့်အာရုံက ဝေဝါးလျက်ရှိပြီး မျက်တောင်ကို ပုတ်ခတ်, ပုတ်ခတ်လုပ်ရင်း အားစိုက်ကြည့်လိုက်ရာ ပြာလွင်သော မိုးကောင်းကင်ကို နောက်ခံပြုလျက် လှပချောမွေ့လှသော မိန်းကလေးတစ်ဦး၏မျက်နှာလှလှလေးကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် …

"ဟာ … ငါ နတ်ပြည်များရောက်နေသလား၊ နတ် နတ်သမီးလေးကများ ငါ့ကို စောင့်ကြည့်နေတာလား"

ဟု ဖဝေဖဝါ တွေးနေမိ၏။

"ဟော့လူကြီး … သတိရပြီမဟုတ်လား၊ တော်ပါသေးရဲ့ … ရှင် ဟိုးကျောက်စွန်းပေါ်ကနေ စမ်းချောင်းထဲ ကျွမ်းထိုးပြီးကျလာလိုက်တာ၊ ရေထဲ စုန်းစုန်းမြုပ်သွားရော၊ လူကလည်း သတိလစ်လို့"

လူရဲမှာ ပြုံးမြမြမျက်နှာပေးဖြင့် သူ့ကို ရှင်းပြနေသည့် မိန်းမချောလေးကို ငေးကြောင်ကြည့်ရင်း သူ ဘာဖြစ်ခဲ့သည်ကို ပြန်ပြောင်းသတိရလာတော့သည်။

လူရဲက သဲပြင်ပေါ်လက်နှစ်ဖက်ထောက်လျက် အားယူကာ ခပ်ဖြည်းဖြည်း ထလိုက်ရာ အားနည်းလွန်းသဖြင့် ပက်လက်ပြန် လဲကျသွားမလို ဖြစ်သွားစဉ် မိန်းကလေးက သူ့ကျောကို လက်တစ်ဖက်ဖြင့် ပွေ့မဖေးကူပေးသဖြင့် ထိုင်လိုက်နိုင်တော့သည်။

"ရှင့်ကြည့်ရတာ အတော်အားနည်းနေပုံပဲ၊ လာ … ဒီကျောက်တုံးကို ကျောမှီထိုင်လိုက်နော်"

မိန်းကလေးက အနီးရှိကျောက်တုံးကြီးတွင် လူရဲ ကျောမှီထိုင်နိုင်အောင် ဖေးကူပေးလေသည်။





လူရဲက ကျောက်တုံးကြီးကို ကျောမှီထိုင်ရင်း မိန်းမလှလေးကို ငေးကြည့်နေမိတော့သည်။

"တို့ တို့ ရေသိပ်ငတ်လို့ ရေသံကြားရာဆီ လာရင်း ကျောက် ကျောက်စွန်းကနေ ပြုတ်ကျခဲ့တာပါ၊ စမ်း, စမ်းချောင်းထဲမှာ ရေကူးနေတာ၊ မင်းလား"

"အို … ရှင် ရှင် ဂျာဝမ်း ရေ ရေကူးနေတာကို တွေ့ခဲ့တယ် ဟုတ်လား"

ကောင်မလေးက ရှက်သွေးဖြန်းနေသည့် မျက်နှာရဲရဲလေးဖြင့် အလန့်တထိတ်မေးရင်း မျက်နှာလှလှလေးကို လွှဲသွားသည်။

"ဆော ဆောရီး အဲ … မတော်တဆ မြင်သွားတာပါ ညီမရယ်၊ အဲ … အဲဒီအချိန်မှာ ရေ … ရေဆာလွန်းလို့ ဘာကိုမှ ဂရုမပြုနိုင်ပါဘူး။ ရေကိုမြင်တော့ ဝမ်းသာအားရနဲ့ ရှေ့တိုးလိုက်မိပြီး အောက်ကိုပြုတ်ကျသွားတာပါ … ယုံပါ"

ကောင်မလေးက မလုံမလဲမျက်နှာဖြင့် ပြောနေသည့် လူရဲကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးနောက် ခစ်ခနဲရယ်လိုက်သည်။

"ခစ် … ရေကိုမြင်လို့ ရှေ့တိုးမိတာ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟုတ်, ဟုတ်ပါတယ် ညီမရယ်၊ မှန်တာပြောရရင် ညီမကိုတွေ့လိုက်ရတော့ လူလို့မထင်ဘူး၊ သူယောင်မယ်လေးလားလို့"

"ဩော် ... ဒါဆို အစ်ကိုက ဖေဖော်ကျီပေါ့ ... ဟုတ်လား ... ဟား ဟား ဟား"

ကောင်မလေးက သည်တစ်ခါတော့ ပွင့်ပွင့်လင်းလင်းအားဖွါးတရရယ်တော့၏။

သူ့ကို တရင်းတနှီးစကားပြောနေသည့် မိန်းမလှလေးကို ကြည့်ရင်း ရင်ထဲဝယ် နွေးထွေးသလိုခံစားရသည်။ သည်မိန်းကလေးမှာ တိုင်းရင်းသူလေးတစ်ဦး ဖြစ်ဟန်တူသော်လည်း စကားပြော အတော်လည်ဝယ်သည်။ မြို့ကြီးသူတို့နှင့်မခြားသွက်လက် ရဲတင်းစွာ ပြောနိုင်သည်။

"ညီမရဲ့နာမည်က ဂျာဝမ်း ... ဟုတ်လား"

"ဟုတ်ပါတယ် ... ဒါထက် အစ်ကို့နာမည်ကရော"

"လူရဲပါ"

"ဒီတောတောင်ထဲ ဘယ်လိုလုပ်ရောက်လာတာလဲဟင်၊ အစ်ကို့ကြည့်ရတာ မုဆိုးလည်းဟုတ်ပုံမရပါဘူး"

"ဟုတ်တယ် ဂျာဝမ်း၊ ကိစ္စတစ်ခုနဲ့ ဒီနာဂတောင်တန်းကြီးပေါ် ရောက်လာတာပါ၊ ကိုယ့်ရဲ့အဖွဲ့နဲ့ ကွဲသွားပြီး တောထဲမှာ





မျက်စိလည်နေတာ နှစ်ရက်ကျော်ပြီ၊ ဘာမှလည်းမစားရတော့ အားအရမ်းနည်းနေတာပါ"

"ဩော် ... ဟုတ်ပါရဲ့၊ ရှင် ဗိုက်ဆာနေမှာပဲ၊ ဂျာဝမ်းတို့အိမ် လိုက်ခဲ့ပါ၊ စားစရာကောင်းကောင်းကျွေးမယ်"

"ဂျာဝမ်းတို့အိမ်က ဘယ်မှာလဲ"

"ဟိုးက တောင်လက်မောင်းကိုကျော်ရင် ရောက်ပြီ"

"ဒါ ... ဒါထက် ဂျာဝမ်းက ဒီမှာတစ်ယောက်တည်းရေလာကူးနေတာလား"

ဂျာဝမ်းက ပန်းသွေးရောင်ရဲသွားသည့် မျက်နှာလေးကိုအောက်ငုံ့ကာ ရက်ပြုံးလေးဖြင့်ဖြေသည်။

"အမှန်တော့ မျှစ်ချိုးရင်း ဒီစမ်းချောင်းလေးဆီအရောက်မှာ ရေချိုးချင်တာနဲ့"

ဂျာဝမ်းက စကားကို တိုးလိုးတန်းလန်းရပ်လိုက်ပြီးမှ–

"ရွာက ထွက်လာတုန်းကတော့ ဂျာရွှေပါတယ်၊ သူကသူငယ်ချင်း၊ မျှစ်နည်းနည်းရပြီးမှ သူ့မောင်လေး ဖျားနေတာစိတ်မချဘူးဆိုပြီး ရွာဘက်ပြန်သွားတာ"

"ဩော်"

"ကဲ ... လာ လာ ... ဂျာဝမ်းတို့အိမ် လိုက်ခဲ့"

တကယ်တမ်း ထပြီးလမ်းလျှောက်တော့ ခြေလှမ်းအ



www.burmeseclassic.com

www.burmeseclassic.com



မမှန်ချင်။ ယိုင်ထိုးယိုင်ထိုး ဖြစ်နေသည့် သူ၏လက်မောင်းတစ်ဖက်ကို ဂျာဝမ်းက ဆုပ်ကိုင်ဖေးမကာ တွဲခေါ်သည်။

"ဩော် . . . ဂျာဝမ်းတဲ့လား၊ ကြံကြံဖန်ဖန် ဆုံတတ်ပလေတယ် မိန်းမချောလေးရယ်"

ဟုသာ ရင်ထဲမှ တဖွဖွပြောနေမိတော့၏။

❋

တောင်လက်မောင်းပေါ်တက်တော့လည်း ဂျာဝမ်းက လူရဲကို ဖေးမတွဲခေါ်ရသည်။

တောင်လက်မောင်းကို ဖြတ်ကျော်ပြီး ငှက်ပျောတောကြီးကို ဖြတ်သန်းလွန်မြောက်ခဲ့သည်တွင် လက်ရွေ့ပျဉ်ချပ်ကြီးများကာရံထားလျက် ရုံးရှက်များမိုးထားသည့် ခြေတံရှည်အိမ်တစ်လုံး၏အနီးသို့ ရောက်ရှိသွားတော့၏။

ထိုခြေတံရှည်အိမ်၏ အိမ်ရှေ့ကပြင်တွင်ရပ်နေသည့် အသက်ရှစ်နှစ်၊ ကိုးနှစ်ခန့်ရှိသော ကောင်လေးတစ်ယောက်က သစ်သားလှေကားမှ ပြေးဆင်းလာသည်။

"အစ်မ . . . သူက ဘယ်သူလဲ၊ ဘာဖြစ်လာတာလဲ"





ကောင်လေးက လူရဲကို မျက်မှောင်ကြုတ်ကြည့်ကာ ကူကီးချင်းစကားဖြင့် မေးလေလျှင် ဂျာဝမ်းကလည်း ကူကီးချင်းစကားဖြင့် ပြန်ဖြေလေသည်။

"တောထဲမှာ လမ်းမှားလာပြီး အစာမစားရတာ နှစ်ရက်ကျော်ပြီတဲ့ မောင်လေး၊ သူ အားအရမ်းနည်းနေတယ်၊ ဒါကြောင့် အကူညီပေးမလို့ခေါ်လာတာ၊ ကဲ . . . သူ့ကို အိမ်ပေါ်ခေါ်ရအောင်၊ မောင်လေး ဝိုင်းတွဲစမ်း"

ထို့နောက် ဂျာဝမ်းတို့မောင်နှမနှစ်ယောက်သည် လူရဲကို ခဲရာခဲဆစ်ဖေးမလျက် သစ်သားလှေကားမှ တစ်ထစ်ချင်း တက်ခဲ့ကြတော့၏။

အိမ်ပေါ်ရောက်သည်နှင့် ဂျာဝမ်းက ဂျပ်ခုတ်အကျီနှင့် ပုဆိုးတစ်ထည်ယူလာကာ အဝတ်အစားလဲစေ၏။ ပြီးလျှင် အဖန်ရည်အိုးနှင့် တောင်ဆိတ်သားကြော်ပန်းကန်ကို လာချပေးသည်။

"ထမင်းအိုးကတော့ ခုမှတည်ရမှာ၊ ဆိတ်သားကြော်ကိုပဲ အဆာပြေစားနော်"

"ရပါတယ်၊ ဒါထက် သူက ဂျာဝမ်းရဲ့မောင်လား"

"ဟုတ်တယ်အစ်ကို . . . သူ့နာမည်က တူးဂျာတဲ့၊ ဒီအိမ်မှာ အဖေရယ်, ဂျာဝမ်းတို့မောင်နှမရယ်ပဲ နေကြတယ်၊ အမေက ဆုံးတာ နှစ်နှစ်ရှိပြီ၊ ခု အဖေက ရွာကကျယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် သွားနေလို့''

လူရဲသည် တောင်ဆိတ်သားခြောက်ကို အငမ်းမရစားပြီး ခေါင်ရည်ကို ဝါးခွက်ဖြင့် နှစ်ခွက်ဆင့်သောက်လိုက်ပြီးနောက် အိမ်ဦးခန်းမှာပင် ဂျာဝမ်းခင်းပေးသည့်ဖျာကြမ်းပေါ်လှဲကာ ဝါးဆစ်ခေါင်းအုံးကို အုံးပြီး ခဏအကြာတွင် ပင်ပန်းနွမ်းလျလှသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျသွားပါတော့၏။

''အစ်မ ... ဒီညှော်သည်ခေါ်လာတာ အဖေဆူမလား မသိဘူး''

''အို မောင်လေးရယ် ... ငါတို့က တစ်နိုင်ငံတည်းသားတွေပဲဟာယ်၊ ကူညီရမှာပေါ့၊ ဒုက္ခရောက်လာသူကို ကာကွယ်ကူညီရတာ ကောင်းတဲ့အလုပ်ပါဟာယ်''

''အင်း ... ရွာမှာ အခု ရန်သူရဲ့ရှေ့ပြေးအဖွဲ့လာမယ် ဆိုလို့ အဖေတို့ အလုပ်ရှုပ်နေတာဗျ၊ ခုလိုအချိန်မှာ သူစိမ်းညှော်သည် ရောက်လာတာကို အဖေတို့က ကြိုက်မှာမဟုတ်ဘူးဗျ''

လူရဲ နောက်တစ်ခါနိုးလာတော့ ညနေပင် အတော်စောင်းလျက် ရှိပြီ။

အစာလည်းစားရကာ အိပ်ရေးလည်း အတော်ဝသွားသဖြင့် လူက အားအင်အတော်လေး ပြည့်ဖြိုးလျက်ရှိသည်။

''ဩော် ... အစ်ကိုနိုးပြီလား၊ စောစောက အဖေ





အိမ်ပြန်လာတော့ အစ်ကို့ကို တွေ့သွားတယ်၊ အဖေက အခု ရွာအစည်းအဝေးတက်ဖို့ သွားပြီ၊ ကဲ ကဲ ... မျက်နှာသစ်လိုက်ပြီးရင် ထမင်းစားရအောင်''

ခဏကြာတော့ နွားနောက်သားဟင်းကို ရေတက်ကောင်းနဲ့ သင်းသင်းလေးနှင့် တည်ခင်းကျွေးမွေးတော့သည်။ ထမင်းဝိုင်းတွင် ဂျာဝမ်းတို့မောင်နှမပါ ဝင်စားသဖြင့် စား၍ပိုမြိန်လှသည်။

''ဒါထက် ... အစ်ကို့ကို ပြောထားရဦးမယ်''

''အင်း ... ပြောပါ ဂျာဝမ်း''

''အခု ဂျာဝမ်းတို့ရွာမှာ သေရေးရှင်ရေးပြဿနာကြီး တစ်ခုနဲ့ ကြုံနေရတယ်၊ အဲဒီပြဿနာကတော့ အင်္ဂလိပ်အစိုးရနဲ့ ဂျာဝမ်းတို့မျိုးနွယ်တွေ ထိပ်တိုက်တွေ့မယ့်ပြဿနာပဲ''

''ဩော်''

''မကြာခင်မှာပဲ အင်္ဂလိပ်အစိုးရရဲ့ ရှေ့ပြေးတွေ ရောက်လာတော့မယ်၊ အဲဒီအခါ ဘာလုပ်ကြမလဲဆိုတာကို ခုအချိန်မှာ တစ်ရွာလုံး တိုင်ပင်ဆွေးနွေးပြီး တစ်ခုခုစီမံဖို့ ပြင်ဆင်နေကြတယ် ...၊

အဲဒီလိုအချိန်မှာ မျက်နှာစိမ်းဖြစ်တဲ့ အစ်ကို ရောက်လာတော့ ဂျာဝမ်းရဲ့အဖေနဲ့ ရွာအကြီးအကဲတွေ၊ ရွာသူရွာသားတွေက နှစ်မြို့မှာမဟုတ်ဘူး၊ ဒါကြောင့် ... အစ်ကိုဟာ ဂျာဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ဟုမ္မလင်းမှာ ကျောင်းတက်တုန်းက သူငယ်ချင်းလို့ ပြောထားတယ်၊ အပျော်တမ်းမုဆိုးအဖြစ် တောလိုက်ရင်း မျက်စိလည်ပြီး ရောက်လာသူလို့ ပြောထားရတယ်၊ အစ်ကို့ကိုမေးကြရင်လည်း အဲဒီအတိုင်းပဲပြော''

''ဂျာဝမ်းက ဟုမ္မလင်းမှာ တကယ်ပဲကျောင်းနေဖူးသလား''

''ကိုးတန်းအထိ နေဖူးတယ်''

''သြော်''

ကောင်မလေးက ဒါကြောင့် မြန်မာစကားကို ပီပီသသ ပြောနိုင်တဲ့အပြင် ရည်မွန်ချက်ချာနေတာကိုးဟု လူရဲ၏စိတ်ထဲ တွေးလိုက်မိ၏။

''ဒါထက် ... ဒီရွာက ဘာရွာလဲဟင်''

''ဒုံမားရွာပါ အစ်ကို''

ဒုံမားရွာဟုဆိုသဖြင့် လူရဲမှာ ခေါင်းမွေးများထောင်ထသွားရတော့၏။ ဒုံမားဆိုသည်က သူ့အဖေမြို့ပိုင်မင်း ဦးလူအေးတို့အဖွဲ့ ဦးတည်ချီတက်ခဲ့ရာရွာပင် မဟုတ်ပါလား။

''ဒီ ... ဒီရွာကို အင်္ဂလိပ်အစိုးရရဲ့ ရှေ့ပြေးတွေ ရောက်လာမယ်ဆိုတာ ဘယ်သူတွေရောက်လာမှာလဲဟင်''

''အဖေပြောတာကတော့ မြို့ပိုင်ဦးလူအေးနဲ့ ကုန်သည်





ကြီးဦးအောင်မြတ်ရယ်, ကျောင်းဆရာဦးခက်ပန်ရယ်, နောက် စကားပြန်တွေရယ်၊ အထမ်းသမားတွေရယ်လို့ သတင်းရထားတယ် အစ်ကို''

''အဲဒီအင်္ဂလိပ်အစိုးရရဲ့ ရှေ့ပြေးအဖွဲ့ရောက်လာရင် ပြဿနာဖြစ်နိုင်သလားဟင် ဂျာဝမ်း''

ဤတွင် ဂျာဝမ်း၏မောင်လေး တူးဂျာက ထမင်းစားပြီး၍ လက်ဆေးရင်း ဝင်ပြောသည်။

''မြို့ပိုင်နဲ့ ဦးအောင်မြတ်ဆိုတဲ့ ကုန်သည်ကြီးကို သတ်မယ်လို့ လူကြီးတွေပြောနေကြတာ ကြားခဲ့တယ်ဗျ''

''ဟင်''

လူရဲ၏ရင်ထဲတွင် ကမ္ဘာပျက်သလို ခံစားလိုက်ရတော့သည်။ သို့သော် သူက မျက်နှာအမူအရာသိပ်ပျက်မသွားအောင် ထိန်းလိုက်၏။

ထမင်းစားပြီးတော့ အိမ်တိုင်တစ်တိုင်ကို ကျောမှီထိုင်ရင်း ကဲလားပြတင်းပေါက်မှ တွေ့နေရသည့် ပြင်ပရှုခင်းကို ငေးကြည့်နေလိုက်မိတော့သည်။

''အင်း ... ဒီအတိုင်းဆို အဖေ့အတွက် အခြေအနေ မကောင်းနိုင်ဘူး၊ အဖေဟာ စိတ်ရင်းစေတနာ တကယ်ကောင်းတဲ့ သူတော်စင်လိုလူပါ၊ သူတစ်ပါးကို သနားတတ်တယ်၊ ကူညီ



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်၊ သူတစ်ပါးဒုက္ခရောက်အောင် ဘယ်တုန်းကမှ မလုပ်ဖူးဘူး၊ အခုဟာက တာဝန်အရလာရတာသာဖြစ်တယ်၊ တကယ်ဆို အဖေ့ကို အဲဒီလိုသတ်ဖြတ်တဲ့အထိ မလုပ်သင့်ဘူး၊ ဒါပေမဲ့ ငါက ဝင်ပြောလို့မဖြစ်ဘူး၊ ငါက ညှိသည်၊ အင်း . . . ဘာပဲဖြစ်ဖြစ် အဖေ့ကို ငါတတ်နိုင်သရွေ့ ကြိုးစားပြီး ကယ်တင်ရမှာပဲ၊ အဲဒီလို ကယ်တင်နိုင်ဖို့အတွက် အရေးအကြီးဆုံးက ငါဟာ အဖေတို့အဖွဲ့နဲ့ ဘယ်လိုမှ မပတ်သက်ဘူးလို့ ကုကီးချင်းတွေနဲ့ နာဂတွေ သိထားဖို့လိုတယ်''

သို့ဖြင့် လူရဲသည် ထိုကိစ္စနှင့်ပတ်သက်ပြီး မည်သို့မျှ ဆက်လက်ပြောဆိုခြင်းမပြုတော့ဘဲ ဂျာဝမ်းနှင့် အခြားရွာ၏ ဓလေ့စရိုက်အကြောင်းများ၊ သားကောင်တို့၏အကြောင်းအရာများကိုသာ ပြောဆိုလျက် ရှိလေသည်။

တူးဂျာကမူ ကလေးပီပီ မိုးမချုပ်မီ ဆော့ကစားရန် ပြေးထွက်သွားတော့သည်။

''အင်း . . . မောင်လေးကိုလည်း သေချာမှာထားရတယ်''

''ဘာကိုလဲ ဂျာဝမ်း''

''ဩော် . . . အစ်ကိုနဲ့ဂျာဝမ်းဟာ သူငယ်ချင်းတွေဖြစ်တဲ့အကြောင်း၊ အစ်ကိုဟာ မုဆိုးဖြစ်တယ်ဆိုတဲ့အကြောင်း၊ ဘယ်သူ





မေးမေးပြောလို့၊ တူးဂျာက ဂျစ်ကန်ကန်လေးပေမယ့် ဂျာဝမ်းပြောတဲ့စကားတော့ နားထောင်တယ်''

''ကျေးဇူးပါပဲ ဂျာဝမ်းရယ်၊ တို့ရဲ့အသက်ကို ကယ်ခဲ့တဲ့အတွက်ရော ခုလို ဂျာဝမ်းတို့အိမ်မှာ တည်းခိုခွင့်ပြုပြီး ကျွေးမွေးစောင့်ရှောက်တဲ့အတွက်ရော ကျေးဇူးပါပဲကွယ်''

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ထောင်ချောက်သို့သက်ဆင်းခြင်း

စီရင်ချက်ည

သွေးစွန်းည

ရင်နှင့်တောင်တန်း

မရဏရှင်းတမ်း

ချစ်ဆည်းဆာ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## ထောင်ချောက်သို့သက်ဆင်းခြင်း

နေ၏အလင်းတန်းတို့ မှိန်ဖျော့စပြုကာ နာဂတောင်တန်းကြီးပေါ်တွင် ဆည်းဆာရီညိုစဉ် မြို့ပိုင်မင်း ဦးလူအေးတို့အဖွဲ့မှာ ဒုံမားရွာကြီး၏သစ်ခက်မုခ်ဦးသို့ ရောက်ရှိသွားတော့၏။

လူရဲကို တောတောင်ထဲ ရှာဖွေရင်း ခရီးနှင်ခဲ့ရသဖြင့် ရည်မှန်းထားသည်ထက် နှစ်ရက်နောက်ကျကာ ဒုံမားရွာသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ဒုံမားရွာကြီးမှာ တောင်တန်းကြီး၏ ကုန်းစောင်းဆင်ခြေလျှောတွင် တည်ရှိနေပြီး ရွာအဝင်ဝ မုခ်ဦးနှင့် ဝါးသုံးလေးပြန်ခန့်အကွာ ကုန်းမြင့်တစ်နေရာ၌ ကလေးအချို့နှင့် မိန်းမအချို့က

www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်မင်းဦးလူအေးတို့ကို လှမ်းကြည့်လျက်ရှိလေသည်။

ထိုလူစုမှလွဲ၍ အခြားလူရိပ်လူရောင်ကို မတွေ့ရဘဲ ရွာထဲရှိ အိမ်တံခါးအားလုံး ပိတ်ထားကြကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။

ကုန်သည်ကြီးဦးအောင်မြတ်က သစ်ခက်မုခ်ဦးကြီး၏ အောက်တွင် ခြေစုံရပ်လျက် ရွာဆီမျှော်ကြည့်နေစဉ် ဂျပ်ခုတ် ခေါင်ကျားကြီးချိုထားသည့် ရွာလူကြီးတစ်ဦးက ရွာထဲမှထွက်လာကာ သစ်ခက်မုခ်ဦးဆီ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာလေသည်။

ထိုရွာလူကြီး၏မျက်နှာက ပြုံးရွှင်ဖော်ရွေသောအသွင်ဆောင်နေသဖြင့် မြို့ပိုင်မင်း ဦးလူအေးမှာ အတန်ငယ် စိတ်သက်သာရာရသွားသည်။

"ဟော ... ဦးအောင်မြတ်တို့ပါလား၊ ဧည့်သည်တွေလည်း ပါသကိုး၊ လာကြ ... လာကြ၊ ကူဒုန်ဝင် နောမ်းပွဲလုပ်ဖို့ ရွာနီးချုပ်စပ်က သားချင်းတွေပါ ရောက်နေတုန်း အခန့်သင့်လိုက်လေဗျာ၊ ရောင်းချဖို့ပစ္စည်းဆန်းလေးများရော ပါခဲ့ရဲ့လား ကုန်သည်ကြီးရဲ့"

ထိုရွာလူကြီး၏ ဖော်ရွေရင်းနှီးစွာ နှုတ်ခွန်းဆက်ကြိုဆိုမှုကြောင့် ဦးအောင်မြတ်ရော အဖွဲ့သားအားလုံးပါ စိတ်အေးသွား





ကြရပြီး သက်မအသီးသီးချလိုက်နိုင်ကြလေသည်။

"မြို့က ပစ္စည်းဆန်းတွေပါပါတယ်၊ ဦးဗငူးရယ်၊ ဒါပေမဲ့ ရောင်းဖို့ ဖလှယ်ဖို့မဟုတ်ဘူးဗျ၊ စော်ဘွားကြီးနဲ့ ခင်ဗျားတို့ ရွာလူကြီးတွေကို လက်ဆောင်ပေးဖို့ဗျ၊ ဒါထက် စော်ဘွားကြီးရော ရွာမှာရှိသလားဗျ"

"ကူဒုန်ဝမ်နောမ်းပွဲ ကျင်းပဖို့ ရှိနေတာပဲဗျာ၊ စော်ဘွားကြီး ရှိရမှာပေါ့၊ လာ ... လာကြ၊ စော်ဘွားကြီးရဲ့အိမ်ပဲ သွားကြတာပေါ့"

ဦးဗငူးက ခပ်မြူးပြုံးအမူအရာဖြင့်ပြောကာ ရှေ့မှ ဦးဆောင်ခေါ်သွားရာ ဦးအောင်မြတ်တို့လည်း နောက်မှလိုက်ပါသွားကြလေသည်။

သူတို့လူစု၏ လှုပ်ရှားမှုကို မိန်းမအချို့နှင့် ကလေးအုပ်စုက ဆိတ်ငြိမ်စွာရပ်ကြည့်နေကြ၏။

သူတို့သည် အိမ်တံခါးများပိတ်ထားသည့် ခြေတံရှည်အိမ်တို့၏ရှေ့မှ ဖြတ်လျှောက်ခဲ့ကြပြီး ရွာလယ်သို့ရောက်လာလျှင် ကြီးမားသည့် နှစ်ဆောင်တွဲ ခြေတံရှည်အိမ်ကြီးကို တွေ့ရလေသည်။

"အင်း ... ဒါ စော်ဘွားကြီးရဲ့စံအိမ်ပဲ မြို့ပိုင်မင်းရဲ့၊ အိမ်တံခါးဝကိုဖွင့်ထားပြီး တံခါးဝမှာ သစ်ရွက် သစ်ခက်စိမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း မတွေ့ရဘူး၊ ဒီဒုံမားမှာတော့ အခြေအနေကောင်းပုံ ရတယ်ဗျ''

''စောစောက ကျုပ်တို့ကိုကြိုဆိုတဲ့ ရွာလူကြီးက ဘာတွေ ပြောတာလဲဗျ''

''အင်း . . . သူက ကူကီးချင်းစကားနဲ့ပြောတာ မြို့စားမင်းရဲ့ သူက ကြိုဆိုပါတယ်၊ စော်ဘွားကြီးလည်း ရှိတယ်၊ ပစ္စည်းတွေပါသလား စတဲ့ အဲဒါတွေမေးတာပါ၊ ပြီးတော့ . . . သူတို့ရွာမှာ ကူဒုန်ဝမ်နောမ်းပွဲလို့ခေါ်တဲ့ ကောက်သစ်စားပွဲကျင်းပမှာမို့ ရွာနီးချုပ်စပ်က သားချင်းတွေလည်း ရောက်နေတယ်လို့ ပြောတာပါ၊ ကောက်သစ်စားပွဲဆိုတာ နှစ်သစ်ကူးပွဲပါ

ဗျ

''အေးဗျာ . . . လမ်းတစ်လျှောက်မှာ တွေ့ခဲ့ရတဲ့ ရွာတွေရဲ့ကြိုဆိုမှုမရှိပုံက စိတ်မသက်သာစရာပဲဗျာ၊ ခု ဒုံမားရွာကတော့ နွေးနွေးထွေးထွေး ကြိုဆိုသားပဲ၊ နေရာတော့ကျပြီ ထင်တယ်ဗျို့''

သို့ဖြင့် သူတို့အားလုံး စော်ဘွားကြီး၏စံအိမ်ပေါ် ရောက်ရှိသွားသည်တွင် ပြုံးရွှင်စွာ ကြိုဆိုနေသည့် စော်ဘွားကြီးကတော်ကို တွေ့ရလေသည်။

စော်ဘွားကြီးကတော်အား ဦးအောင်မြတ်က စတင်





နှုတ်ဆက်လိုက်၏။

''စော်ဘွားကြီးကတော် နေကောင်းတယ်နော်''

''ကောင်းပါတယ်၊ ကောင်းပါတယ်ကွယ်''

''စော်ဘွားကြီးရော ခင်ဗျ''

''နတ်ဆရာရဲ့အိမ်သွားနေတယ်၊ မကြာခင်ပြန်လာမှာပါ၊ ကဲ ကဲ . . . ညီ့သည်တွေအားလုံး ဟောဟိုအနောက်ဆောင်က အခန်းကျယ်ကြီးမှာ လွတ်လွတ်လပ်လပ်တည်းခိုကြပါ၊ ကုန်သည်ကြီး . . . ဒီတစ်ခါ ငါတို့ရွာလာတာ လူအုပ် တယ်တောင့်ပါလားကွဲ့''

''စော်ဘွားကြီးကတော် . . . ဒီကမြို့ပိုင်မင်း ဦးလူအေးပါ၊ စော်ဘွားကြီးနဲ့ တွေ့ဆုံဆွေးနွေးစရာရှိလို့ ဒီဒုံမားရွာအရောက်လာခဲ့ရတာပါ''

ဦးအောင်မြတ်က မိတ်ဆက်ပေးလိုက်ရာ စော်ဘွားကြီးကတော်က မြို့ပိုင်မင်း ဦးလူအေးအား ပြုံးကြည့်ပြီး . . .

''မြို့ပိုင်မင်းကိုယ်တိုင် ကြွရောက်လာတာကို ဝမ်းသာပါတယ်ရှင်''

ဟု ကူကီးချင်းဘာသာစကားဖြင့်ပြောရာ ဦးအောင်မြတ်က ဘာသာပြန်ပေးရလေသည်။

ထို့နောက် စော်ဘွားကြီးကတော်က ညီ့သည်များ

www.burmeseclassic.com



ကိုယ်တိုင် ချက်ပြုတ်စားသောက်ရန်အတွက် အိုးခွက်များ၊ နွားနောက်သား၊ ဝက်သားနှင့် ဆန်၊ မျောက်ဉ၊ ပိန်းဉတို့အပြင် ရေအပြည့်ထည့်ထားသည့် ဝါးကျည်တောက်ကြီးများကိုပါ ပေးလေသည်။

ပြီးလျှင် ခပ်ပြုံးပြုံးမျက်နှာဖြင့် အိမ်ရှေ့ဆောင်ဘက်သို့ ထွက်သွားတော့၏။

အထမ်းသမားတို့လည်း ချက်ရေးပြုတ်ရေးကို ချက်ချင်း စီစဉ်ကြရတော့သည်။ ခွန်ရာဇာကမူ စော်ဘွားကြီးကတော် ချပေးလာသည့် ခေါင်ရည်ကို တရှိုက်မက်မက် စုပ်သောက်လျက် ရှိတော့၏။

ကုန်သည်ကြီးဦးအောင်မြတ်နှင့် ကျောင်းဆရာကြီး ဦးခက်ပန်တို့သည် ကညင်ခေါက်အခင်းပေါ်တွင် ပါလာသည့် စောင်ကြမ်းတို့ကို ခင်းကာ အနီး၌တွေ့ရသော ဝါးပိုးဝါးခြမ်းခေါင်းအုံးကို ဆွဲယူလျက် အုံးလိုက်ကြပြီး ခြေပစ်လက်ပစ် အနားယူလိုက်ကြလေသည်။

မြို့ပိုင်မင်း ဦးလူအေးကမူ အိမ်တိုင်တစ်တိုင်ကို ကျောမှီ ထိုင်လိုက်ရင်း ဒန်းဟေားလ်စီးကရက်ကို ငွေရောင်ဘူးထဲမှ ထုတ်လျက် ရွှန်ဆန်မီးခြစ်ဖြင့်ခြစ်ကာ မီးညှိလိုက်ပြီး ရှိုက်ဖွာလျက် ရှိတော့၏။





သူ၏ရင်ထဲဝယ် ဒုံမားစော်ဘွားကြီးနှင့် တွေ့ဆုံဆွေးနွေးရမည့် အခြေအနေ ကောင်းမှကောင်းပါ့မလားဟု တွေးပူလျက်ရှိသလို ပျောက်ဆုံးလျက်ရှိသော သားလူရဲအတွက်လည်း လွန်စွာ ပူပန်ကြေကွဲလျက်ရှိရာ လူက အမူအရာမပျက်အောင် ဟန်ဆောင် ထိန်းနေသော်လည်း ရင်ထဲမှာမူ မီးတောက်လျက်ရှိတော့၏။

"သားလေးရယ် ... မင်း အန္တရာယ်ကင်းပါစေကွာ၊ အန္တရာယ်ကင်းပါစေ"

သူတို့လူစု ချက်ပြုတ်စားသောက်ပြီးသည့်အခါမှာမူ ဝန်းကျင်၌ အမှောင်ထု လုံးဝလွှမ်းသွားခဲ့ပြီဖြစ်ပါ၏။

ထိုစဉ်မှာပင် စော်ဘွားကြီးကတော်က အနောက်ဘက် အဆောင်သို့ကူးလာပြီး ...

"ဦးအောင်မြတ်ရေ ... ရှင်တို့ရဲ့ စော်ဘွားကြီး ပြန်ရောက်နေပြီ၊ ညသည်တော် မြို့ပိုင်မင်းနဲ့ အားလုံး အရှေ့ဆောင်ဆီ ကြွခဲ့ဖို့ ဖိတ်ကြားလိုက်တယ်ကွဲ့"

ဟု ခပ်ပြုံးပြုံးအမူအရာဖြင့် ပြောလာပါတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်မင်း ဦးလူအေးတို့ အိမ်ရှေ့ဆောင်သို့ ရောက်ရှိသွားသည်တွင် ကျယ်ဝန်းလှသည့် အိမ်ရှေ့ခန်းကြီး၏ အလယ်တည့်တည့်၌ မီးလင်းဖိုကြီးဖိုထားပြီး ယင်းမီးလင်းဖိုက မီးရှိန်ကောင်းစွာ တောက်လျက်ရှိသည်ကို တွေ့ရသည်။

ဂျပ်ခုတ်ဖျင်ရင်ခွဲအကျီကို ဝတ်ထားပြီး ပခုံးထက်တွင် အနီနှင့်အနက်ကျား ဂျပ်ခုတ်စောင်ကြီးကို ခြုံထားသည့် စော်ဘွားကြီးရမ်ခိုသည် အိမ်ဦးခန်းမီးဖို၏ထိပ်တွင် တင်ပျဉ်ခွေထိုင်ရင်း ခြကြားခွေစွပ် မြေဆေးတံကြီးကို တမှျဉ်းမှျဉ်း ဖွာရှိုက်လျက် ရှိလေသည်။

ရှာလူကြီးဦးဗငူးညွှန်ပြသည့်အတိုင်း မြို့ပိုင်မင်း ဦးလူအေးက စော်ဘွားကြီး၏ဝဲဘက်တွင် ထိုင်လိုက်ပြီး ကုန်သည်ကြီး ဦးအောင်မြတ်က စော်ဘွားကြီး၏လက်ယာဘက်တွင် ထိုင်လိုက်လေ၏။ ဦးအောင်မြတ်၏ဘေးတွင် ဦးခက်ပန်၊ ခွန်ရာဇာနှင့် အထမ်းသမားတို့ တန်းစီကာ မီးလင်းဖိုကြီးကို ဝိုင်းပတ်ထိုင်လိုက်ကြရ၏။

သူတို့လူစုနှင့် မျက်နှာချင်းဆိုင် မီးလင်းဖိုကြီး၏ တစ်ဖက်တွင်မူ အိမ်ပေါ်သို့ တဖွဲဖွဲတက်လာကြသည့် လူမျိုးစု ခေါင်းဆောင်များ၊ ကျေးရွာအကြီးအကဲများ၊ ကူကီးချင်းနှင့် နာဂ





မျိုးနွယ် လူငယ်လူရွယ်များက ထိုင်လိုက်ကြလေသည်။

စော်ဘွားကြီးရမ်ခို အပါအဝင် တိုင်းရင်းသားလူကြီး လူငယ်၊ လူရွယ်တို့၏မျက်နှာသွင်ပြင်တို့မှာ အေးစက်မာကျောလျက် ရှိကြပြီး သူတို့၏မျက်လုံးအကြည့်များက မီးလင်းဖိုကြီးမှ မီးတောက်တို့ကိုတစ်လှည့်၊ မြို့ပိုင်မင်း ဦးလူအေးအားတစ်လှည့် ဆိတ်ငြိမ်စွာ စူးစူးရဲရဲကြည့်လျက် ရှိကြလေ၏။

တိတ်ဆိတ်မှုကို မနှစ်မြို့သည့် ဦးအောင်မြတ်က စော်ဘွားကြီးရမ်ခိုအား စတင်နှုတ်ဆက်လိုက်လေသည်။

"စော်ဘွားကြီးခင်ဗျာ ... ကျန်းမာပါရဲ့နော်"

ဟု ကူကီးချင်းစကားဖြင့် နှုတ်ဆက်လိုက်လေသည်။

စော်ဘွားကြီးရမ်ခိုက နှုတ်မှမဖြေဘဲ ဦးခေါင်းကိုသာ ညိတ်ပြလေသည်။

"ဒီကပုဂ္ဂိုလ်ဟာ မြို့ပိုင်မင်း ဦးလူအေးပါ စော်ဘွားကြီး"

"မြို့ပိုင်မင်းခင်ဗျာ ... ဒါဟာ မြို့ပိုင်မင်း သိပ်တွေ့ချင်နေတဲ့ စော်ဘွားကြီးရမ်ခိုပါပဲ ခင်ဗျ"

ဦးအောင်မြတ်က မိတ်ဆက်ပေးလိုက်ရာ စော်ဘွားကြီးရမ်ခိုက ပါးစောင်တွင်ခဲထားသည့် မြေဆေးတံကြီးကို ဖြုတ်ယူလိုက်ပြီး မြို့ပိုင်မင်းဦးလူအေးအား စောင်းငဲ့ကြည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြတ်က ဦးခက်ပန်၊ ခွန်ရာဇာတို့နှင့်ပါ ဆက်လက် မိတ်ဆက်ပေးလိုက်လေသည်။

စော်ဘွားကြီးရမ်ခိုက တစ်ဦးချင်းကိုကြည့်ကာ ခေါင်းညိတ်လျက် အသိအမှတ်ပြုလိုက်ပြီးနောက် စော်ဘွားကြီးရမ်ခိုက ဦးအောင်မြတ်ဘက်သို့ ခေါင်းငဲ့ကြည့်ကာ . . .

"ဦးအောင်မြတ် . . . မြို့ပိုင်မင်းကို ဒီနာဂတောင်တန်းပေါ် ခေါ်လာတာဟာ ကျုပ်တို့နဲ့ မိတ်ဖြစ်ဆွေဖြစ် တွေ့ဆုံဖို့ ခေါ်လာခြင်း ဖြစ်တယ်လို့ ကျုပ်ယူဆချင်တယ်"

ဟုလေသံအေးအေးဖြင့် ပြောလိုက်လေသည်။ စော်ဘွားကြီး၏စကားသံက အေးသော်လည်း ပြတ်သားသည်။

"ဟုတ်ပါတယ် စော်ဘွားကြီး၊ မြို့ပိုင်မင်းက မိတ်ရင်းဆွေရင်းတွေလို တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးချင်တယ်ဆိုလို့ ခေါ်လာရတာပါ"

ဦးအောင်မြတ်က အလိုက်သင့်ပြောလိုက်ရာ စော်ဘွားကြီးသည် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ပြုံးလိုက်လေသည်။

"ဟုတ်ပါပြီလေ၊ ဒါဆို ဘာကိုဆွေးနွေးချင်သလဲဆိုတာ တိတိပပ သိလိုပါတယ်၊ ပွင့်ပွင့်လင်းလင်းသာပြောပါ"

"ဒီလိုပါစော်ဘွားကြီး၊ ဗြိတိသျှအစိုးရဟာ အခု တပ်သားသစ်တွေ အများကြီးအလိုရှိနေတယ်ဗျ၊ အဲဒီ လိုအပ်နေတဲ့





တပ်သားသစ်တွေကို စော်ဘွားကြီးတို့က စုစည်းပေးဖို့ပါပဲ၊ တပ်သားသစ်တွေအတွက် လစဉ် လစာငွေချီးမြှင့်မယ့်အပြင် စားရေရိက္ခာပါ ထပ်ဆောင်းပေးမှာပါ၊ ဒါ့အပြင် တပ်သားသစ်တွေ စုဆောင်းပေးနိုင်ရင် စော်ဘွားကြီးတို့လို တာဝန်ရှိသူ အကြီးအကဲတွေကို ဆုတော်ငွေအပြင် နှစ်လုံးပြူးပြောင်းရှည်သေနတ်တစ်လက်စီနဲ့ ဘုရင်ခံချုပ်ရဲ့ ဂုဏ်ပြုလက်မှတ်ပါ ချီးမြှင့်မှာပါခင်ဗျ၊ အခုလည်း စော်ဘွားကြီးနဲ့ မျိုးနွယ်စုခေါင်းဆောင်တွေ ကျေးရွာလူကြီးတွေကို လက်ဆောင်ပေးဖို့ သန္တာပုတီး၊ ဆားနဲ့ နိုင်လွန်ပိတ်အုပ်တွေ ကျွန်ုပ်တို့ ယူဆောင်လာပါတယ်"

စော်ဘွားကြီးရမ်ခိုက မြို့ပိုင်ဦးလူအေး၏စကားကို ဘာသာပြန်ပေးသည်အား အာရုံစိုက်နားထောင်ပြီးမှ စကားအဆုံးတွင် နှုတ်ခမ်းထောင့်ကွေးတက်သွားအောင် ပြုံးလိုက်ပြီးနောက်–

"ကျုပ် ပြတ်ပြတ်သားသားသိချင်တာက ခင်ဗျားတို့ မျက်နှာဖြူနယ်ချဲ့အစိုးရရဲ့ တောင်းဆိုမှုကို ကျုပ်တို့က ငြင်းပယ်လိုက်မယ်၊ တပ်သားသစ် စုဆောင်းမပေးနိုင်ဘူးဆိုရင် ဘယ်လိုအရေးယူမလဲ"

ဟု ပြတ်သားသောလေသံဖြင့် မေးလိုက်လေသည်။

စော်ဘွားကြီး၏မေးခွန်းကို ဦးအောင်မြတ်က မြို့ပိုင်မင်းအား ဘာသာပြန်မေးခွန်းထုတ်ရလေသည်။ ပြီးလျှင် မြို့ပိုင်မင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောသမျှကို စော်ဘွားကြီးအား ပြန်ပြောရလေသည်။

"ဗြိတိသျှအစိုးရက သူတို့ရဲ့တောင်းဆိုလာမှုကို ငြင်းပယ်ခဲ့ရင် သူတို့ကို အာခံတယ်လို့ ယူဆမှာပဲ၊ အဲဒီလိုဆိုရင်တော့ သူတို့ရဲ့စစ်တပ်နဲ့ တက်လာပြီး စော်ဘွားကြီးတို့ကို တိုက်ခိုက်လိမ့်မယ်"

မြို့ပိုင်မင်းထံမှ အဖြေစကား ကြားရလျှင် စော်ဘွားကြီးရမ်ခို၏မျက်နှာသည် မီးလင်းဖိုမှမီးခဲနှယ် နီရဲသွားတော့၏။

"ဦးအောင်မြတ် . . . ခင်ဗျားတို့ဆီက ဒီအဖြေမျိုးပဲရမယ်ဆိုတာ ကျုပ်တို့ သိပြီးသားပါ။ ဒါဟာ မိတ်ဖြစ်ချွေဖြစ်သဘောမျိုးမဟုတ်ဘဲ ရန်သူရန်ဖက်ဆောင်တဲ့ သဘောထားမျိုးပါ၊ ဒါကြောင့်လည်း ခင်ဗျားတို့ကို ဆာကွန်ရာရွာကနေ လှည့်ပြန်စေဖို့ ဆာကွန်ရာသူကြီးကို တာဝန်ပေးခဲ့တယ်၊ ဆာကွန်ရွာသူကြီးဘွေဖဲကလည်း ဒီဒုံမားရွာအထိ မသွားဖို့ တားခဲ့တယ် မဟုတ်လား၊ အဲဒါကို ခင်ဗျားတို့က ဂရုမစိုက်ဘဲ တိုးဝင်လာခဲ့တယ်"

ပြောရင်း စော်ဘွားကြီးရမ်ခို၏စကားသံတွင် ဒေါသသံပါလာလေ၏။

"ဒါဟာ ကျုပ်တို့ကို ပမာမခန့်လုပ်တာပဲ၊ အင်္ဂလိပ်နယ်ချဲ့အစိုးရဟာ ကျုပ်တို့ကို စေသည့်ကျွန် ထွန်သည့်နွားလို့ သဘောထားချင်ကြတယ်၊ သူတို့ခိုင်းတာ လုပ်ကိုလုပ်ရမယ်





မလုပ်ရင် ချေမှုန်းပစ်မယ်ဆိုတဲ့ ရာဇသံနဲ့ ခင်ဗျားတို့ကို လွှတ်လိုက်တာပဲ၊ ခင်ဗျား တို့ကလည်း ခင်ဗျားတို့ရဲ့နောက်မှာ မျက်နှာဖြူတွေရဲ့ စစ်တပ်ကြီး ရှိတယ်ဆိုပြီး ကျုပ်တို့ကို မှုစရာမလိုဘူးလို့ သဘောထားခဲ့တယ်၊ ဒီတော့ ကျုပ်တို့ကလည်း ခင်ဗျားတို့ရဲ့ အရှင်သခင် နယ်ချဲ့အစိုးရကို ဂရုမစိုက်ဘူးဆိုတာပြဖို့ သူတို့ရဲ့ အထူးကိုယ်စားလှယ်ဖြစ်တဲ့ ခင်ဗျားတို့ကို ချေမှုန်းပစ်ရမယ်"

စော်ဘွားကြီးရမ်ခိုက ထိုသို့ ပြတ်သားစွာပြောလိုက်ပြီးနောက် သူ့လူများကို အမိန့်ပေးလိုက်တော့၏။

"ဟေ့ . . . သူတို့ကို ဖမ်းလိုက်ကြ"

ကူကီးချင်းနှင့် နာဂစစ်သည်များသည်လည်း သူတို့၏အကြီးအကဲစော်ဘွားကြီးရမ်ခို၏အမိန့် ရသည်နှင့် နံရံတွင်တန်းစီထောင်ထားသည့် လှံတံတို့ကို လျင်မြန်စွာ ဆွဲဖြုတ်ယူလိုက်ကြကာ မြို့ပိုင်ဦးလူအေးတို့၏ရင်ဝကို ချိန်လိုက်ကြလေသည်။

သူတို့၏လှုပ်ရှားမှုက မြန်ဆန်လှသဖြင့် မြို့ပိုင်ဦးလူအေးမှာ ကုတ်အင်္ကျီ အတွင်းအိတ်ထဲမှ ပစ္စတိုကို ထုတ်ချိန်မရလိုက်သလို ခွန်ရာဇာသည်လည်း ခါး၌ချိတ်ထားသည့် ဓားမြှောင်ကို မထုတ်လိုက်ရချေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## စီရင်ချက်ည

ဒုံမားရွာထဲသို့ သူ့ဖခင် မြို့ပိုင်ဦးလူအေးတို့လူစု ဝင်ရောက်လာပြီဟု ဂျာဝမ်းတို့၏အိမ်နီးချင်းတစ်ဦးထံမှ သတင်းကြားရကတည်းက လူရဲမှာ စိတ်လွန်စွာလှုပ်ရှားပြီး ဂဏှာမငြိမ်ဖြစ်နေတော့သည်။

သို့သော် သူနှင့် ရွာထဲဝင်လာသောလူစု ဆက်နွယ်မှုရှိကြောင်း ဂျာဝမ်းရိပ်မိသွားမည်စိုးသဖြင့် မိမိကိုယ်မိမိ မနည်းဘရိတ်အုပ်နေရလေ၏။

ထို့နောက် ဆည်းဆာက ညိုသည်ထက်ညိုလာကာ အမှောင်လွှမ်းသွားသည်အထိ ထူးခြားမှုမရှိဘဲ တစ်ရွာလုံး တိတ်





ဆိတ်လျက်ရှိရာ ယင်းသို့ ဆိတ်ငြိမ်နေခြင်းကိုပင် လူရဲသည် မနှစ်မြို့ဘဲ ဘာဘများဖြစ်နေပါလိမ့်ဟု စိုးရိမ်စိတ်လွန်ကဲလျက်ရှိတော့သည်။

ညမိုးချုပ်ပြီး အတန်ကြာသည့်အခါမှာမူ ဂျာဝမ်း၏မောင်တူးဂျာသည် အိမ်ပေါ်သို့ပြေးတက်လာပြီး အော်ကြီးဟစ်ကျယ်ဖြင့် သတင်းပေးလေ၏။

"အစ်မ အစ်မ . . . မြို့ပိုင်ကြီးတို့ကို စော်ဘွားကြီးက ဖမ်းလိုက်ပြီဗျ"

"ဟင်"

"အို"

လူရဲမှာ လွန်စွာတုန်လှုပ်သွားပြီး ဆောက်တည်ရာ မရအောင် ဖြစ်သွားရတော့၏။

ဂျာဝမ်းကိုယ်တိုင်လည်း တုန်လှုပ်သွားရာ သူမက လူရဲ၏ သောကကို ဂရုမပြုမိချေ။

တူးဂျာသည်လည်း အိမ်ပေါ်ပြေးတက်လာရင်း အော်ခဲ့ပြီးသည်နှင့် ရေကမန်းကတမ်းသောက်ကာ အိမ်ပေါ်မှ ပြန်ဆင်းပြေးဆင်းသွားသဖြင့် သူပြောသည့် ကျကီးချင်းစကားကို လူရဲနားလည်လိုက်ကြောင်း သတိမမူမိချေ။

လူရဲသည်လည်း သူ့အခြေအနေကို သူရိပ်မိသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



တူးဂျာပြောသည့်စကားကို နားမလည်ဟန်ဆောင်ကာ –

"ဘာ ... ဘာဖြစ်လို့လဲ ဂျာဝမ်း"

ဟု မေးလိုက်လေသည်။

ဂျာဝမ်းက တူးဂျာပြောသည့်စကားကို ဘာသာပြန်ပြောပြပြီး ...

"အဲဒါ ရာဇဝတ်အိုး တုတ်နဲ့ထိုးတာပဲ အစ်ကို"

ဟု မျက်နှာလေးပျက်လျက် ပြောရှာလေသည်။

"ဘာလဲ ... မြို့ကအစိုးရအရာရှိကို ဖမ်းလို့လား ဂျာဝမ်း"

"ဟုတ်တယ် အစ်ကို၊ ဖမ်းရုံတင် မကဘူး ... သူတို့ကို သတ်ချင်သတ်ကြမှာ၊ အဲဒီလို လူတွေကိုသတ်မိရင်တော့ ဂျာဝမ်းတို့ရွာပါ ပြာကျသွားနိုင်တယ်ရှင့်"

"သတ် ... သတ်မယ်ဆိုရင် ဒီ ဒီညပဲ သတ်ကြမှာလားဟင်"

"အို ... ချက်ချင်းကြီးတော့ မသတ်လောက်ပါဘူး"

လူရဲ့မှာ သူ့ဖခင်ကြီး ဘေးရန်ကင်းပါစေသားဟူ၍သာ ရင်ထဲမှ အခါခါ ဆုတောင်းပေးနေမိလေသည်။

အတော်လေးညဥ့်နက်လာသည်တွင် ဂျာဝမ်းတို့၏ဖခင် ဦးရော်ဂျာအိမ်ပေါ်သို့ တက်လာလေသည်။





"အဖေ ... ဟိုလူတွေကို ဖမ်းလိုက်ပြီဆို"

"အေး ... ဟုတ်တယ်သမီး"

"သူ ... သူတို့ကို သတ်မှာလားဟင်"

"အင်း ... သူတို့ဟာ နယ်ချဲ့လက်ပါးစေတွေဆိုတော့ အသက်ချမ်းသာခွင့်ပေးမှာ မဟုတ်ဘူး၊ ဒါပေမဲ့ စီရင်ချက်တော့ ချရသေးဘူးကွဲ့"

"စီရင်ချက်က ဘယ်တော့ချမှာလဲဟင် အဖေ"

"ဒီည လမွန်းတည့်ချိန်မှာ လူမျိုးစုခေါင်းဆောင်တွေ့, ကျေးရွာအကြီးအကဲတွေချည်း သီးသန့်အထူးအစည်းအဝေး ခေါ်ထားတယ် သမီးရဲ့၊ အဖေလည်း အဲဒီအစည်းအဝေး တက်ရမယ်၊ အဲဒီမှာ စီရင်ချက်ချမှာပဲ"

"သူ သူတို့ကို အခု ဘယ်မှာဖမ်းထားတာလဲ အဖေ"

"နတ်ဆရာရဲ့အိမ်မှာ ထိတ်တုံးခတ်ထားတယ်ကွဲ့၊ အဖေတို့လူကြီးတွေ အကျေအလည်ဆွေးနွေးညှိနှိုင်းပြီးမှ သင်းတို့ကို စီရင်မှာ"

"သူတို့ရဲ့မျက်ကွယ်မှာ ဆွေးနွေးညှိနှိုင်းမှာပေါ့ ... ဟုတ်လား အဖေ"

"ဟုတ်တယ် ... သူတို့ထဲကတချို့က အဖေတို့ရဲ့စကားကို နားလည်တယ်လေ၊ ဒါကြောင့် သူတို့ရဲ့ရှေ့မှာ ဆွေးနွေးခြင်း



www.burmeseclassic.com

www.burmeseclassic.com



ခုန်တာ လုပ်ဖို့မသင့်ဘူး''

ထို့နောက် ဂျာဝမ်း၏ဖခင်သည် မီးလင်းဖို၏ တစ်ဖက်တွင် ငြိမ်သက်စွာထိုင်နေသည့် လူရဲအား လှမ်းကြည့်လိုက်ကာ . . .

''မှဆိုးကောင်လေး . . . နင် အတော်နေကောင်းသွားပြီလား''

ဟု မေးလိုက်ရာ လူရဲက ကူကီးချင်းစကားကို နားမလည်ဟန်ဆောင်လျက် ကြောင်ကြည့်နေလိုက်၏။

''အဖေက နေကောင်းလားလို့ မေးနေတာ''

ဟု ဂျာဝမ်းက ပြုံးလျက်ပြောမှ သူက ခေါင်းကို အခါခါ ညိတ်ပြလိုက်ပြီး ပြန်ပြောလိုက်ရလေသည်။

''အားနည်းနေတာကလွဲရင် ကောင်းသွားပါပြီ၊ ကျေးဇူးတင်လှပါတယ်လို့ ဦးကိုပြောပြလိုက်ပါ ဂျာဝမ်းရယ်''

ဂျာဝမ်းက ဖခင်ကြီးဘက်လှည့်ကာ ကူကီးချင်းဘာသာစကားဖြင့် ပြောပြလိုက်သည်။

''အဖေ . . . သူက အားနည်းနေသေးပေမယ့် နေလို့ကောင်းပါပြီတဲ့၊ ကျေးဇူးတင်တယ်လို့ ပြောနေတယ်''

''အင်း . . . သူ အားမြန်မြန်ပြည့်အောင် နွားနောက်သားစွပ်ပြုတ်တိုက်လေ သမီး၊ ခန်းတောက်မြစ်ဆေးလည်း တိုက်၊





အားပြည့်လာတဲ့နေ့မှာ သူ့ကို နမ်ပုံ(ခ်)မြစ်ကမ်းခြေအထိ အဖေကိုယ်တိုင် လိုက်ပို့ပေးမယ်လို့ ပြောလိုက်၊ ရွာမှာ လူစိမ်းကြာကြာရှိနေတာတော့ မကောင်းဘူး၊ ဒီမှာက ဘာဆက်ဖြစ်မလဲဆိုတာ ဘယ်သူမှမပြောနိုင်ဘူး၊ မြို့ကလူတွေ, နောက် ဘယ်သူ့မှ အလာခံမှာ မဟုတ်တော့ဘူး၊ သူ့ကိုတောင် သမီးရဲ့ကျောင်းနေဖက်သူငယ်ချင်းဖြစ်ကြောင်း, နေမကောင်းကြောင်းပြောထားလို့ စော်ဘွားကြီးနဲ့ ရွာလူကြီးတွေက ခေါ်ပြီးမစစ်ဆေးတာ၊ အဖေပြောတာ နားလည်တယ်နော်''

''ဟုတ် . . . ဟုတ်ကဲ့အဖေ''

ထို့နောက် ဂျာဝမ်းက သူမ၏ဖခင်ကြီးအတွက် ထမင်းဟင်းတို့ ခူးခပ်ပေးလျက်ရှိရာ လူရဲမှာ သူ့အတွက် အိပ်ရာခင်းပေးထားသည့် ကညင်ခေါက်ပေါ် လှဲလျောင်းလိုက်ပြီး ဖခင်ကြီးအား မည်သို့ကယ်တင်နိုင်မည်ကို တွေးဆလျက် ရှိပါတော့သတည်း။

*

နတ်ဆရာ၏အိမ်ထဲတွင် မီးလင်းဖိုက တဖျစ်ဖျစ်တောက်



www.burmeseclassic.com

www.burmeseclassic.com



လောင်လျက်ရှိလေသည်။

မီးလင်းဖို၏မီးရောင်က အိမ်နံရံနှစ်ဖက်တွင် တန်းစီလျက် နံရံကို ကျောပေးထိုင်ကာ ထိတ်တုံးခတ်ခြင်းခံထားရသော အကျဉ်းသားတို့၏မျက်နှာကိုဟပ်လျက် ရှိပေသည်။

"ဒီတစ်ခါ အထမ်းလိုက်လာမိတာတော့ မှားပါပြီကွာ၊ အထမ်းခ မြက်မြက်ကလေးရတယ်ဆိုပြီး လိုက်လာမိခါမှ အသတ်ခံရတော့မယ်နဲ့တူပါရဲ့ ... အီး ဟီး"

အထမ်းသမား လူငယ်တစ်ဦးမှာ ငိုယိုလျက်ရှိပြီး ကျန် အထမ်းသမားသုံးဦးမှာ မျက်စိမျက်နှာ လွန်စွာပျက်လျက် ရှိတော့၏။

ခြောက်ပေါက်ထိတ်တုံးနှစ်ခုတွင် အထမ်းသမားလေးဦးနှင့် ဦးခက်ပန်၊ ခွန်ရာဇာတို့ကို ခတ်ထားပြီး နောက်ထိတ်တုံးတွင် မြို့ပိုင်မင်းဦးလူအေးနှင့် ဦးအောင်မြတ်တို့ကို ခတ်ထားလေသည်။

အိမ်တံခါးဝအနားမှာမူ လုံရှည်များကိုင်ထားကြသည့် လူရွယ်နှစ်ဦးက ခေါင်းရည်အိုးဘေးချကာ တစွပ်စွပ်မော့လိုက်၊ နွားနောက်သားခြောက်ကြော်ကို ဝါးလိုက်ဖြင့် ဆက်ရက်မင်းစည်းစိမ်ယူရင်း အကျဉ်းသားတို့ကို စောင့်ကြပ်လျက်ရှိလေသည်။

"ဟော့ကောင် ဖိုးကာ ... မင်းခေါ်လို့ ငါလိုက်မိတာကွ၊ ခုတော့ ငါပါ ကျွန်ဝယ်ရာ အဆစ်ပါပြီပေါ့ကွာ၊ အမေ့ကို ပြန်





တွေ့ရမှာ မဟုတ်တော့ဘူး ... အီး ဟီး"

နောက်ထပ် အထမ်းသမားလူငယ်ကပါ ငိုရာ ဦးအောင်မြတ်မှာ စိတ်တိုသွားတော့၏။

"ဟော့ကောင်နှစ်ကောင် ... မသာမပေါ်သေးဘူး ကြို ငိုမနေကြနဲ့"

"မသာဖြစ်မှတော့ ငိုလို့ရတော့မလား ဦးကြီးရဲ့"

"အာ ... ဒီကောင်တွေတော့၊ မင်းတို့ကို သတ်မှာ မဟုတ်ပါဘူး၊ ငိုမနေနဲ့၊ ဒီမှာ ငါတို့ လူကြီးတွေ စိတ်ညစ်နေရတဲ့ ကြားထဲ"

ထိုအခါ ဖိုးကာမှာ အငိုရပ်သွားပြီး ...

"ဟင် ... ကျွန် ကျွန်တော်တို့ကို မသတ်ဘူး ... ဟုတ်လား ဦးကြီး"

"အေး ... မင်းတို့ဟာ အခစားကူလီတွေမှန်း သူတိုသိတယ်၊ ဒါကြောင့် သတ်ချင်မှသတ်မယ်၊ ငါတို့ကိုတော့ ဗြိတိသျှအစိုးရရဲ့လက်ပါးစေတွေဆိုပြီး သတ်မှာသေချာတယ်၊ ဒီည သမွန်းတည့်ချိန်မှာ သူတို့ ထပ်စည်းဝေးပြီး ငါတို့ကို စီရင်ချက်ချကြလိမ့်မယ်၊ တကယ်လို့ မင်းတို့ကိုလွှတ်လိုက်ရင်သာ ငါ့အိမ်ကိုသွားပြီး ငါ့မိန်းမကို အကျိုးအကြောင်းပြောပြလိုက်ပါကွာ၊ အိမ်နဲ့ပွဲရုံကိုရောင်းပြီး သူ့ရဲ့ဇာတိ ကသာကိုပြောင်းလို့ ပြောပေး



www.burmeseclassic.com

www.burmeseclassic.com



ကြပါကွာ၊ ဟုမ္မလင်းမှာက ဆွေမျိုးသားချင်းလည်းမရှိ၊ သား ထောက်သမီးခံလည်း မရှိနဲ့ သူ ဒုက္ခရောက်မှာစိုးတယ်လို့ ပြော ပေးကြပါကွာ''

''စိတ်ချပါဦးကြီး . . . ကျွန်တော်တို့ သွားပြောပေးပါ့ မယ်''

မြို့ပိုင်မင်းဦးလူအေးကလည်း ဖားလေးတို့ကို စိတ် မကောင်းသံကြီးဖြင့် မှာရှာသည်။

''ဖားလေးရေ . . . ငါလည်းမှာပါရစေကွာ၊ မင်းတို့ ဒီက ပြန်ရင် လမ်းခရီးတောတောင်ထဲမှာ ငါ့ရဲ့သားလေးလူရဲကို ရှာ ကြည့်ပေးကြပါဦးကွာ၊ ပြီးတော့ ငါတို့သားအဖနှစ်ယောက်ရဲ့ အဖြစ်သနစ်တွေကို ငါ့ရဲ့မိန်းမဆီ သွားပြောပေးကြပါကွာ၊ ငါက တော့ သူ့ဆန်စားလို့ ရဲခဲ့ရပြီ၊ ဖြစ်သမျှဘဝကို ရင်ဆိုင်ရုံပါပဲ၊ ငါ့ရဲ့သားလေးအတွက်ပဲ စိုးရိမ်လှတယ်ကွာ၊ သူ့ကို တွေ့အောင် ရှာပြီး ဟုမ္မလင်းကိုခေါ်သွားကြပါကွာ . . . နော်''

''စိတ်ချပါ မြို့ပိုင်မင်း . . . ကျွန်တော်တို့ကို သူတို့မသတ် ဘဲ လွှတ်ပေးခဲ့ရင် လူရဲကို တောထဲမှာမတွေ့တွေ့အောင်ရှာပြီး ကျွန်တော်တို့နဲ့အတူ ခေါ်သွားမှာပါ ခင်ဗျာ၊ ကျွန်တော်တို့လွှတ်ပါ စေလို့သာ ဆုတောင်းပေးကြပါ''

ထိုနောက် အထမ်းသမားလေးဦးသည် အစောင့်များ





လာချပေးထားသည့် ခေါင်ရည်အိုးကို တစ်လှည့်စီမော့လျက်ရှိရာ မှ နာရီဝက်ခန့်အကြာတွင် ထိတ်တုံးတန်းလန်းဖြင့် ပက်လက်လှန် ချကာ အိပ်ပျော်သွားကြတော့၏။

အိမ်ပေါက်ဝတွင်ထိုင်နေကြသည့် ကင်းသမားနှစ် ယောက်က အထမ်းသမားတို့ကိုကြည့်ပြီး သဘောကျစွာရယ် လိုက်ကြ၏။

''ဒီကောင်တွေ မနက်ကျ အသတ်ခံရမှာကို စိတ်ညစ်ပြီး ခေါင်ရည်တွေ စွတ်သောက်တာကွ''

တစ်ဦးက ကူကီးချင်းလိုပြောလိုက်ရာ နောက်ကင်း သမားအစောင့်ကလည်း တဟဲဟဲရယ်ရင်း . . .

''သေရမှာတွေးပူနေကြမယ့်အစား မူးပြီးအိပ်ပျော်သွား တာက ပိုကောင်းတယ်လို့ တွေးကြမှာပေါ့ကွာ . . . ဟား ဟား ဟား''

ခွန်ရာဇာမှာ အံကြိတ်လျက် မီးလင်းဖိုကိုစိုက်ကြည့်ရင်း ငွေမြိုးမြိုးမြက်မြက်ရသဖြင့် ဤခရီးလိုက်လာမိသည်မှာ မှားပြီဟု တွေးကာ နောင်တကြီးစွာရလျက် ရှိတော့သည်။

''တောက် . . . ငါ ငွေမက်မိလို့၊ ဒီလိုလည်း ဖြစ်မယ် ထင်လို့ လိုက်လာမိတာ မှားပြီ''

ထို့နောက် ညသည် တဖြည်းဖြည်းနက်သည်ထက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပြီဖြစ်၏။

မြို့ပိုင်မင်းဦးလူအေးက သက်ပြင်းရှိုက်လိုက်ရင်း ဦးအောင်မြတ်ဘက် ခေါင်းလှည့်ကြည့်ကာ . . .

"ကိုအောင်မြတ် . . . ညဉ့်သန်းခေါင်ယံကျော်လောက်ပြီဗျ နော်"

ဟုမေးလိုက်ရာ ဦးအောင်မြတ်က စိတ်မသက်မသာသံကြီးဖြင့် . . .

"အေးဗျာ . . . သန်းခေါင်ယံကျော်လောက်ပါပြီ မြို့ပိုင်မင်းရယ်"

ဟု ခပ်လေးလေးဖြေလိုက်လေသည်။

ကျောင်းဆရာဟောင်းကြီး ဦးခက်ပန်က ခေါင်းကိုယမ်းလိုက်ကာ . . .

"ကျုပ်တို့ဗျာ ဆာကွန်ရာရွာသူကြီးရဲ့စကားကို နားထောင်ပြီး လှည့်ပြန်ခဲ့ရင် အကောင်းသား၊ ဒီဒုံမားရွာအထိ လာခဲ့မိတာကိုက အမှားဗျ"

ဟု မချိတင်ကဲအသံကြီးဖြင့် ပြောပြီးမှ . . .

"ကျုပ်ကတော့ လူပျိုကြီးလည်းဖြစ်ပြန်၊ ဆွေမျိုးသားချင်းလည်း မရှိတော့ နောက်ဆံတင်းပြီး မှာစရာမရှိပါဘူး၊ ဒါပေမဲ့ ဒီအချိန်မှာ မသေချင်သေးတာတော့ အမှန်ပဲဗျာ၊ ခုလောက်ရှိ





စီရင်ချက်ချပြီးလောက်ပြီဗျ"

ဟု ဝမ်းနည်းအားငယ်သံဖြင့်ပြောကာ ထိတ်တုံးပေါ်ခေါင်းစိုက်ကျသွားစဉ် အိမ်ရှေ့သစ်သားလှေကားမှ တစ်စုံတစ်ဦးတက်လာသံကို ကြားကြရလေ၏။

'ကျွိ ကျွိ ကျွိ'

ခြေသံအဆုံးဝယ် အိမ်တံခါးဝ၌ ပေါ်လာသည်က နတ်ဆရာကြီးဖြစ်သည်။

အသားက ကြေးနီရောင်ပေါက်နေပြီး အဖြူစွက်သည့် မျက်ခုံးမွေးထူထူကြီးများနှင့် ရှည်လျားသောမျက်နှာပိုင်ရှင် နတ်ဆရာကြီးက မြွေတစ်ကောင်နှယ် တွန့်လိမ်လျက်ရှိသည့် ကြိမ်တုတ်ကောက်ကြီးကို ကြမ်းပြင်ပေါ်မှာ ထောက်ထားရင်း အိမ်ထဲသို့ စူးစူးရဲရဲကြည့်နေလေသည်။

နတ်ဆရာကြီးကိုမြင်တော့ ခေါင်ရှည်အတော်မူးလျက် တံခါးပေါင်များကို ကျောမှီကာခွေခေါက်နေကြသော အစောင့်ကင်းသမားနှစ်ယောက်မှာ ကိုယ်ကို ကပျာကသီ မတ်လိုက်ကြလေသည်။

လည်ပင်း၌ မျောက်တစ်ကောင်၏အရိုးခေါင်းကို သန္တာပုတီးစေ့များနှင့် အတူတွဲသီထားသည့် လည်ဆွဲကိုဆွဲထားကာ နားနှစ်ဖက်၌ ကြေးကွင်းကြီးများ ဆွဲထားသော နတ်ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် မီးလင်းဖို၏ အလင်းဟပ်လျက်ရှိသည့် အကျဉ်းသားများကို သေချာဂရုစိုက် ကြည့်ရှုစစ်ဆေးလိုက်လေသည်။

ပြီးမှ အစောင့်နှစ်ဦးကို မျက်လုံးပြူးပြူးကြီးများဖြင့် ကြည့်ရင်း ...

"ဟဲ့ကောင်တွေ ... ဒီညအရေးကြီးတယ်၊ ခေါင်းရည်စွတ်သောက်မနေကြနဲ့၊ အကျဉ်းသားတွေလွတ်သွားရင်တော့ နင်တို့ သေဒဏ်ပဲမှတ်"

ဟု ကူကီးချင်းဘာသာစကားဖြင့် ခြိမ်းခြောက်လိုက်လေသည်။

"စိတ် စိတ်ချပါ ဆရာကြီးရဲ့ ... ထိတ်တုံးက အင်မတန် ခိုင်ခံ့တာကလား။ ဆင်ရုန်းတောင်မလွတ်ဘူး"

"ဟုတ်တယ် ... ပြီးတော့ သင်းတို့ ရုတ်ရုတ်သဲသဲလုပ်ရင်လည်း ကျုပ်တို့ရဲ့လှံဖျားမှာ အသက်ပါသွားမယ်မှတ်"

"အေး အေး ... သေသေချာချာဂရုစိုက်ထားကြ၊ နင်တို့ကို သတိပေးရအောင် ငါလာတာ၊ အထူးသဖြင့် ဒီဘက်ထိတ်တုံးနှစ်ခုမှာ ခတ်ထားတဲ့လူလေးယောက်ကို ပိုပြီးသတိထားကြ၊ သူတို့ကို ငါတို့အစည်းအဝေးက သေဒဏ်ချမှတ်လိုက်ပြီ၊ မနက်မိုးလင်းတာနဲ့ သေဒဏ်စီရင်မှာဖြစ်တယ်၊ သူတို့ရဲ့အနားတော့ ဘာကိစ္စနဲ့မှမသွားနဲ့၊ သင်းတို့က သင်းတို့ရဲ့အရှင်သခင် မျက်နှာဖြ





တွေလိုပဲ ညဏ်နီညဏ်နက်များနိုင်တယ်၊ သတိထားကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါ"

ထို့နောက် နတ်ဆရာကြီးသည် အိမ်ပေါ်မှဆင်းကာ အမှောင်ထုထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

နတ်ဆရာကြီးမရှိတော့မှ မြို့ပိုင်မင်း ဦးလူအေးက ဦးအောင်မြတ်ကိုမေးလေသည်။

"သူတို့ ဘာတွေပြောကြတာလဲဗျ"

"ကျုပ် ကျုပ်တို့လေးယောက်ကို သေဒဏ်ပေးလိုက်ပြီတဲ့ဗျ"

"ဟင်"

ထင်ထားပြီးဖြစ်သော်လည်း စီရင်ချက်ကို နဖူးတွေ့ဒူးတွေ့ ကြားလိုက်ရတော့ မြို့ပိုင်မင်းဦးလူအေး ရင်ဆို့သွားရသည်။

ကူကီးချင်းစကား နားလည်သည့် ခွန်ရာဇာမှာမူ ထိတ်တုံးပေါ်သို့ ခေါင်းစိုက်ကျလျက်ရှိပေပြီ။

ထိတ်တုံးကြီးသုံးတုံးကို အိမ်နောက်ဘက်နံရံနှင့် ဘေးနံရံတို့အနီး၌ ကြိုက်ပုံချထားကာ အလယ်၌ မီးလင်းဖိုကြီးဖိုထားလေသည်။

ထိတ်တုံးကြီးတစ်ခုနှင့်တစ်ခုက ငါးပေခန့်ဝေးကွာပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညဉ့်နက်လာသည်နှင့်အမျှ မီးလင်းဖို၏ မီးရောင်က တစ်စထက်တစ်စ လျော့ကျလာသလို မြို့ပိုင်မင်းဦးလူအေးတို့ အဖွဲ့သားများ၏ အသက်ရှင်ရေးမျှော်လင့်ချက်သည်လည်း လျော့ပါးသည်ထက် လျော့ပါးလာလျက်ရှိလေ၏။

ည နာရီပြန်နှစ်ချက်ခန့်တွင်မှ စောင်နက်ကြီးခြုံထားသည့် နတ်ဆရာကြီးသည် အိမ်ပေါ်တက်လာပြန်၏။

'ဒေါင် ဒေါင်'

"အား" ... "အီး"

နတ်ဆရာကြီးက ခေါင်တန်ခိုးဖြင့် ငိုက်မျဉ်းနေသည့် ကင်းသမားနှစ်ယောက်၏ခေါင်းတို့ကို ကြိမ်တုတ်ကောက်ကြီးဖြင့် ခေါက်လိုက်ရာ ကင်းသမားတို့၏ ဆက်ရက်မင်းစည်းစိမ် ပျက်သွားရတော့သည်။

"အရေးကြီးတယ် မအိပ်ပါနဲ့ဆို"

"မ ... မအိပ်ပါဘူး ဆရာကြီးရဲ့၊ ငိုက်တာပါ ... ဟဲဟဲ"

"ဟဲဟဲလုပ်မနေနဲ့၊ ငါ ဇော်ဘွားကြီးရဲ့အိမ်မှာပဲ ညဉ့်သည်လူမျိုးစုခေါင်းဆောင်တွေနဲ့ အတူအိပ်မလို့၊ နင်တို့ကို စိတ်မချတာနဲ့ ပြန်လာတာ"

"စိတ်ချပါဆရာကြီးရဲ့၊ သင်းတို့လွတ်မပြေးစေရပါဘူး"





"အေး ... အဲဒီအကျဉ်းသားတွေအတွက် စိတ်ပူရသလို ရိုးရာရတနာတွေအတွက်လည်း စိတ်ပူလို့ပြန်လာတာပဲ"

နတ်ဆရာကြီးက ကူကီးချင်းစကားဖြင့် ပြောရင်း အကျဉ်းသားတို့ကို မျက်လုံးဝေ့ကြည့်လိုက်လေသည်။

ညဉ့်နက်သန်းခေါင်ယံကိုပင် ကျော်လွန်ခဲ့ပြီမို့ အကျဉ်းသားအားလုံး ပိုးလိုးပက်လက် အိပ်သူအိပ်၊ ထိတ်တုံးပေါ် ခေါင်းငိုက်စိုက်ကျသူကျ ဖြစ်နေသည်ကို တွေ့ရရာ သဘောကျပြီးပြုံးလိုက်မိလေသည်။

အစောင့်ကင်းသမားတစ်ဦးက နတ်ဆရာကြီးကို မော့ကြည့်ကာ မေးလိုက်၏။

"ဆရာကြီး ... ရိုးရာရတနာတွေဆိုတာ ဟိုပစ္စည်းတွေကို ပြောတာလား"

"ဒါပေါ့ကွဲ ... ငါတို့ရဲ့ ရှေးရှေးကမျိုးနွယ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ရိုးရာရတနာပစ္စည်းတွေပဲ"

"အဲဒီရိုးရာရတနာတွေကို ဆရာကြီးပဲ တာဝန်ယူ သိမ်းဆည်းထားတာ မဟုတ်လား"

"ဒါပေါ့ကွဲ ... ဟောဟို ငါ့ရဲ့အိမ်ခေါင်တိုင်ထဲမှာ လျှို့ဝှက်သိမ်းထားလို့ စိတ်မချဖြစ်ပြီး ဒီမှာပြန်အိပ်ဖို့ ပြန်လာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ကတော့ တောင်ပိုင်နတ်ရဲကြီးရဲ့ ကျိန်စာသင့်ရတနာတွေမို့ စိတ်နဲ့တောင်မပြစ်မှားရဲပါဘူး ဆရာကြီးရယ်"

"ဒါပေါ့ . . . ငါတို့မျိုးနွယ်တွေကတော့ ဘယ်ပြစ်မှားရဲမှာလဲ၊ ဟောဟိုမိစ္ဆာဒိဋ္ဌိကုလားဖြူတွေရဲ့ လက်ပါးစေတွေကတော့ မြွေမကြောက်၊ ကင်းမကြောက်နဲ့ ယူနိုင်တယ်၊ မတော်သင်းတို့တွေ့ပြီး ယူသွားမှဖြင့် ငါတို့မျိုးနွယ်တစ်ခုလုံး တောင်ပိုင်နတ်ကြီး စိတ်ဆိုးပြီး ကံဆိုးမိုးမှောင်ကျရမှာကွဲ့၊ အဲဒါကြောင့် စိတ်မချဖြစ်ပြီး ပြန်လာရတာ၊ ကဲ ကဲ . . . ငါလည်း တစ်မှေးမှေးလိုက်ဦး မယ်၊ နင်တို့ စောင့်ကြဦး"

"ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာကြီး"

နတ်ဆရာကြီးလည်း ခေါင်တိုင်အနီးတွင် ကညင်ခေါက်ကြီးခင်းလိုက်ပြီး ယင်းကညင်ခေါက်ထက်တွင် လဲလျောင်းလျက် ဂျပ်ခုတ်စောင်ကြားကြီးကို ခေါင်းမြီးခြုံကာ အိပ်လိုက်တော့၏။

ကင်းသမားနှစ်ဦးလည်း နတ်ဆရာကြီးထံမှ ဟောက်သံမှန်မှန်ထွက်လာသည်နှင့် အိမ်တံခါးဝဝယ် လှံတံတို့ကို နံဘေး၌ထောင်လျက် ငုတ်တုတ်ကြီး ပြန်လည်ငိုက်မျဉ်းလေတော့သတည်း။

*





ဆောင်းညသည် နက်ရှိုင်းသည်ထက် နက်ရှိုင်းလာကာ အရိုးကွဲမတတ် အေးစိမ့်သည်ထက် အေးစိမ့်လာနေ၏။

ဂျပ်ခုတ်စောင်အထပ်ထပ်ခြုံကာ ဆိတ်ငြိမ်စွာ ကွေးနေသော်လည်း လူရဲ၏စိတ်က ယောက်ယက်ခတ်လျက်ရှိတော့သည်။

"အဖေ, အဖေတို့ကို သေဒဏ်ပေးလိုက်ပြီတဲ့၊ မဖြစ်ဘူး၊ ဒီရွာထဲမှာ ငါတစ်ယောက်လုံးရှိနေပါလျက်နဲ့ ငါ့အဖေကို ကြက်ကလေး၊ ငှက်ကလေးလို အသတ်မခံနိုင်ဘူး၊ ငါ့အဖေ လွတ်မြောက်စေဖို့ ငါ ကြိုးစားကယ်တင်ရမယ်၊ ငါ့အသက်သေချင်သေပါစေ"

ညဦးသန်းခေါင်ယံကျော်ကျော်တွင် ဂျာဝမ်း၏အဖေ ရွာလူကြီးဦးရော်ဂျာ အစည်းအဝေးမှပြန်လာပြီးနောက် သားအဖနှစ်ယောက် ပြောနေကြသည်ကို ကြားရသဖြင့် ဖခင်ကြီးတို့အပေါ် သေဒဏ်စီရင်လိုက်ပြီဖြစ်ကြောင်း လူရဲသိခဲ့ရခြင်းဖြစ်သည်။

"အင်း . . . ဂျာဝမ်းတို့သားအဖ အိပ်ပျော်တဲ့အထိစောင့်ပြီးမှ ငါ ဒီအိမ်ကထွက်လို့ဖြစ်မယ်၊ အဲဒီအချိန်ဆို အဖေတို့ကိုစောင့်တဲ့ ကင်းသမားတွေလည်း အိပ်မောကျလောက်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဝေးတောနက်တစ်နေရာမှ လွင့်ပျံလာသော သစ်တောက်ငှက် ပင်စည်ခေါက်သံ တဒေါက်ဒေါက်နှင့် ရှုံးရှက်အမိုးပေါ် ဆီးနှင်းမိုးပေါက်တို့ကျသံ တဖြောက်ဖြောက်ကို နားခံရင်း လူရဲမှာ ဖခင်ကြီးကိုကယ်တင်ရန် စိတ်စောလျက်ရှိချေ၏။

*

ညဉ့်နာရီပြန်နှစ်ချက်ကျော်ခဲ့ပြီ။

ဒုံမားတစ်ရွာလုံး အေးစက်သော ညဉ့်ကမ္ဘလာအောက်တွင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျ တိတ်ဆိတ်လျက်ရှိတော့သည်။

နတ်ဆရာကြီး၏ အိမ်ထဲမှ မီးလင်းဖိုကြီးသည်လည်း မီးတောက်တို့လျော့ကျကာ အလင်းဖျော့ဖျော့သာ ရှိတော့၏။

နတ်ဆရာကြီးမှာ မီးလင်းဖိုကြီးကို ကျောခိုင်းလျက် အိမ်နံရံကို မျက်နှာမူကာ တခေါခေါဟောက်ရင်း နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိပေသည်။ အစောင့်ကင်းသမားနှစ်ဦးမှာလည်း ခေါင်ရည်တန်ခိုးဖြင့် ဖက်ကျုံးလျက်ရှိချေပြီ။

မြို့ပိုင်မင်း ဦးလူအေး၊ ဦးအောင်မြတ်၊ ဦးခက်ပန်နှင့်





ခွန်ရာဇာတို့မှာ နံနက်လင်းသည်နှင့် သေဒဏ်ပေးကွပ်မျက်ခံရတော့မည်မို့ သောကလှိုက်ဆူကာ အိပ်စက်မရ မျက်စိကြောင်လျက်ရှိတော့၏။

မြို့ပိုင်မင်း ဦးလူအေးမှာ မိမိသေရတော့မည့်အရေးသာမက ပျောက်ဆုံးနေသည့် မိမိသားလေးလူရဲ၏အရေး ဟုမ္ဘလင်းမြို့၌ စိုးရိမ်ပူပန်စွာ ကျန်ရစ်ခဲ့သော မိမိ၏ဇနီးသည်အရေးတို့ကို တွေးကာ သောကအပူလှိုက်ဆူလျက် အာခေါင်တွေခြောက်သွေ့ရင်း ရင်ထဲ၌ ကြေကွဲလှသဖြင့် မျက်ဝန်းတို့မှ မျက်ရည်တို့ စီးလိမ့်ကျလာပါတော့သည်။

မြို့ပိုင်မင်း ဦးလူအေးသည် မျက်ရည်များဖြင့် ပြည့်လျှမ်းဝေဝါးနေရာမှ မီးလင်းဖို၏မီးရောင်အလင်းဖျော့ဖျော့ဖြင့် ခပ်ဝါးဝါးမြင်နေရသည့် အိမ့်နံရံဆီ ကြည့်ငေးနေစဉ် အိမ်နောက်ဘက်တံခါးပေါက်မှ ကဲလားတံခါးချပ် အနည်းငယ်လှုပ်လာသည်ကို သတိထားမိလိုက်လေသည်။

ကြိုးဖြင့် သေချာတုပ်ချည်ထားသည့် ကဲလားတံခါးချပ်ကြားမှ သံမဏိရောင်လက်နေသော ဓားသွားတစ်ခု တဖြည်းဖြည်း တိုးဝင်လာသည်ကို တွေ့ရရာ ဦးလူအေး မျက်လုံးများဝိုင်းသွားမိတော့သည်။

ယင်းသံမဏိအသွားဓားသည် တံခါးချပ်ကို တုပ်ချည်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ကြိုးအား ကြိတ်လှီးဖြတ်တောက်လျက်ရှိသည်ပဲ၊

မြို့ပိုင်မင်း ဦးလူအေး အံ့သြတကြီးစိုက်ကြည့်နေစဉ်မှာပင် ကြိုးပြတ်တောက်သွားပြီး တံခါးချပ် ဖြည်းဖြည်းချင်းပွင့်ဟလာသည်ကို တွေ့ရလေ၏။

ကဲလားတံခါး အတော်လေးပွင့်သွားပြီး ခဏအကြာမှာပင် လူတစ်ယောက်သည် တံခါးအဟကြားမှ မြွေတစ်ကောင်နှယ် တိတ်ဆိတ်စွာ ဝင်ရောက်လာသည်ကို တွေ့ရတော့သည်။

"ဟင် . . . လူတစ်ယောက်ပါလား၊ ငါ ငါတို့ကို လာသတ်တာများလား . . . ဘုရား ဘုရား"

ထိုသူသည် အိမ်ထဲသို့ လေးဖက်ထောက်တွားလျက် ဝင်ရောက်လာခြင်းဖြစ်ရာ သူ့မျက်နှာကို မီးလင်းဖို၏မီးရောင် ဖျော့ဖျော့ဖြင့် ခပ်ဝါးဝါးမြင်လိုက်ရသည်တွင် မြို့ပိုင်မင်း ဦးလူအေးမှာ အံ့အားသင့်လွန်းသောကြောင့် တစ်ကိုယ်လုံး အေးခဲသလို ဖြစ်သွားရတော့သည်။

"သား . . . သားလူရဲပါလား"

ရင်ထဲမှာလည်း လှိုက်ခနဲ ဝမ်းသာသွားပြီး သားတော့ လွှတ်ခနဲ ခေါ်လိုက်မိမလို ဖြစ်သွားပြီးမှ လက်ရှိအခြေအနေကို သတိရကာ ပါးစပ်ကို ပိတ်လိုက်ရလေသည်။

လူရဲကလည်း အိမ်ထဲသို့ တစ်ကိုယ်လုံးရောက်ပြီးသည်





တွင် လှုပ်ရှားမှုကို ခေတ္တရပ်တန့်လိုက်ပြီး အိမ်ကြီးထဲမှ အခြေအနေကို လှမ်းချို့ကြည့်ရှု အကဲခတ်လိုက်လေသည်။

ပြီးမှ သူသည် ခြေကိုဖော့နင်းလျက် သူ၏ဖခင်ဦးလူအေးအား ခတ်ထားသည့် ထိတ်တုံးဆီ ချဉ်းကပ်လာပြီးလျှင် ထိတ်တုံး၏ထိပ်တစ်ဖက်အနီးရှိ ကြမ်းပြင်ပေါ် ဒူးတစ်ဖက်ထောက် ထိုင်ချလိုက်လေသည်။

လူရဲသည် မီးအလင်းရောင်ဖျော့ဖျော့ဟပ်နေသည့် ဖခင်ကြီး၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်လိုက်ပြီးမှ ထိတ်တုံးကြီး၏ ထိပ်ဘက်တွင် သစ်လုံးခြမ်းကြီးနှစ်ခုကိုကပ်လျက် ခိုင်မြဲစွာ ချည်တုပ်ထားသည့်ကြိုးအား ဓားဖြင့်ကျိတ်လှီးတော့၏။

လူရဲ၏လှုပ်ရှားလုပ်ဆောင်မှုတို့ကို ဦးလူအေးသာမက ဦးအောင်မြတ်၊ ဦးခက်ပန်နှင့် ခွန်ရာဇာတို့က တိတ်ဆိတ်စွာ စောင့်ကြည့်လျက်ရှိလေသည်။

အထူးသဖြင့် ခွန်ရာဇာက လူရဲကို သရဲသဘက်အလား အံ့အားသင့်စွာ ငေးကြောင်ကြည့်နေလေသည်။

ထိတ်တုံးကြီး၏ထိပ်ဖက်ရှိ ကြိုးပြတ်သွားသည်တွင် လူရဲသည် ထိတ်တုံးကြီး၏အခြားတစ်ဖက်သို့ ခြေဖွနင်းကာ သွားပြီး ထိုထိပ်ဖက်မှ ကြိုးကိုပါ ကြိတ်လှီးဖြတ်တောက်ပြန်၏။

ခဏအကြာမှာပင် ထိတ်တုံးကြီး၏ထိပ်နှစ်ဖက်စလုံးမှ



www.burmeseclassic.com

www.burmeseclassic.com



ချည်နှောင်ထားသောကြိုးတို့ ပြတ်တောက်သွားသည်တွင် လူရဲနှင့်အတူ ဦးလူအေးနှင့် ဦးအောင်မြတ်တို့က ထိတ်တုံးကြီး၏ လေးလံလှသည့် အပေါ်ခြမ်းကြီးကို အသာဝိုင်းမလျက် ထိတ်တုံးကြီးကိုကျော်ကာ ချထားလိုက်ကြတော့၏။

ဦးလူအေးနှင့်ဦးအောင်မြတ်တို့ လွတ်သွားသည်တွင် လူရဲသည် ဦးခက်ပန်နှင့် ခွန်ရာဇာရော အထမ်းသမားတို့ပါ ထိတ်တုံးမှ လွတ်မြောက်အောင် ထိတ်တုံးချည်ကြိုးတို့ကို ဖြတ်တောက်ပေးလိုက်လေသည်။

ထို့နောက်မှာတော့ လူရဲကပင် ဦးဆောင်ကာ ခြေဖော့နင်းလျက် အိမ်နောက်ဘက်တံခါးပေါက်ဆီသွားပြီး လူရဲက ကျားတံခါးရွက်ကို လူတစ်ကိုယ်စာထွက်လောက်ရုံ အသာမပေးထားလေသည်။

တံခါးကြားမှ ဦးလူအေးတို့လူစု အားလုံးထွက်ပြီးမှ လူရဲက လိုက်ထွက်လိုက်လေသည်။

ပြီးလျှင် လရောင်မှုန်ဝါးဝါးအောက်မှာပင် လူရဲက သူတို့ကို အိမ်နောက်ဘက်ရှိ ငှက်ပျောရိုင်းတောကြီးထဲသို့ ခေါ်ဆောင်သွားပါတော့၏။

ငှက်ပျောတောမှာ တောင်စောင်းခြေပေါက်ရောက်လျက်ရှိရာ လူရဲ၏ဦးဆောင်မှုဖြင့် ငှက်ပျောတောကို ဖြတ်သန်းလာ





ကြသည်တွင် တောင်စောင်း၏အောက်ခြေလျှိုထဲသို့ ရောက်ရှိသွားတော့၏။

ထိုနေရာရောက်မှ ခဏနားလိုက်ကြပြီး ငှက်ပျောဖက်များကြားမှ မှုန်ဝါးဝါးတိုးဝင်ဖြာကျနေသော လရောင်ဖျော့ဖျော့ဖြင့် ဖခင်ကြီး၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ရင်း လူရဲက ဝမ်းသာစကားဆိုလိုက်သည်။

"အဖေ . . . တော်ပါသေးရဲ့ အဖေရယ်၊ အဖေတို့ကို ကယ်တင်နိုင်လို့"

"ဟုတ်တယ်သား . . . အဖေ့အတွက်တော့ တကယ့်ကို အိပ်မက်လိုပါပဲကွယ်၊ ဒါထက် သားက ဘယ်လိုဖြစ်ပြီး ပျောက်သွားရတာလဲကွယ်၊ အဖေတို့ သားကိုလိုက်ရှာသေးတယ်"

ဤတွင် လူရဲက သူ၏အဖြစ်အပျက်ကို ခပ်တိုတိုချုံ့ကာ ပြောပြလိုက်တော့၏။ လူရဲ၏စကားအဆုံးတွင် ဦးလူအေးက–

"အို . . . တော်ပါသေးရဲ့၊ သေကံမရောက် သက်မပျောက်ပါလား သားရယ်၊ သားကိုလုပ်ကြံသူတွေနဲ့ ပြန်မတွေ့တာ ကံကောင်းပဲ"

ဟု စိတ်လှုပ်ရှားစွာပြောရင်း သားဖြစ်သူကို အားပါးတရ ထွေးဖက်လိုက်လေသည်။

"ကဲ အဖေ . . . သားတို့ ဒီနေရာကနေ ဝေးသထက်



www.burmeseclassic.com

www.burmeseclassic.com



ဝေးရာကိုပြေးကြရအောင်၊ သူတို့သိသွားရင် ချက်ချင်း လိုက်လာကြလိမ့်မယ်''

သို့ဖြင့် သူတို့လူစုသည် လျှိုအတိုင်း ချုံနွယ်ပိတ်ပေါင်းတို့ကို တိုးဝှေ့လာကြရာ တစ်နေရာအရောက်တွင် လူရဲ၏ဝဲဘက်ခြေဖဝါးကို တစ်စုံတစ်ရာက စူးခနဲ ဝင်ရောက်သွားတော့၏။

''အား''

''သား ... သား ဘာဖြစ်လို့လဲဟင်''

''သားရဲ့ခြေထောက်ကို ခြောင့်စူးသွားပြီ အဖေ''

လူရဲက ထိုနေရာမှာပင် ထိုင်ချနားလိုက်ကာ ခြေဖဝါးမှ ဒဏ်ရာကို ကြည့်ရှုစစ်ဆေးလိုက်၏။

''သား ဘယ်လိုနေသလဲ''

''ဒဏ်ရာက အတော်နက်တယ်အဖေ၊ ဒီပုံအတိုင်းဆို အဖေတို့နဲ့အတူ သားလိုက်နိုင်မှာမဟုတ်ဘူး အဖေ၊ ခုတောင် တဆစ်ဆစ်ကိုက်ခဲလာပြီ''

''အို ... သားမလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ''

''သား သား နောက်မှလိုက်လာမယ် အဖေ၊ အဖေတို့ သွားနှင့်ပါ''

''ဟာ ... မဟုတ်တာကွယ်၊ လာပါ သားရယ်၊ အဖေတို့နဲ့ အတူပြေးကြရအောင်ပါ''





''အဖေ ... သားရဲ့ဒဏ်ရာအခြေအနေကို သားသိတယ်၊ ဒီဒဏ်ရာကြီးနဲ့ ဘယ်လိုခရီးကြမ်းကိုမှ သားဖြတ်သန်းနိုင်မှာ မဟုတ်ဘူး၊ သားပါရင် အဖေတို့ နှောင့်နှေးနေပြီး သူတို့ရဲ့ပြန်ဖမ်းတာ ခံသွားရမှာ ကျိန်းသေတယ် အဖေ''

''ဒါ ... ဒါဆို သားကို ဒီတောတောင်ထဲမှာ ခြေထောက်ဒဏ်ရာကြီးနဲ့ ပစ်ထားခဲ့ရမှာလား၊ ဒီလိုတော့ အဖေ မထားခဲ့နိုင်ဘူးသား၊ အဖေ့အသက် သေချင်သေပါစေ၊ သားနဲ့ အတူ အဖေနေခဲ့မယ်''

''မဟုတ်ဘူး အဖေ၊ သားက ဒီတောထဲမှာနေခဲ့မှာ မဟုတ်ပါဘူး၊ သားတည်းခိုနေတဲ့ ဂျာဝမ်းတို့ရဲ့အိမ်ကို ပြန်ပြီး ဟန်မပျက်နေမှာပါ၊ နောက်မှ အခြေအနေကြည့်ပြီး သားလိုက်ခဲ့မယ်၊ ခြေထောက်ဒဏ်ရာသက်သာတာနဲ့ လိုက်ခဲ့မယ်၊ အဖေတို့ အခုသွားနှင့်ပါ၊ မကြာခင် သူတို့သိသွားပြီး နောက်ကနေ လိုက်ဖမ်းလိမ့်မယ်၊ တောနင်းရှာပြီးဖမ်းမှာ၊ မိသွားရင် သက်သာမှာ မဟုတ်ဘူး၊ ပြေးပါတော့အဖေ၊ အချိန်မရှိတော့လို့ပါ၊ ပြေးတော့နော်''

လူရဲက အထပ်ထပ်တိုက်တွန်းနေသဖြင့် မြို့ပိုင်မင်းဦးလူအေးလည်း ဆက်လက်ပြေးရန် ဆုံးဖြတ်လိုက်ရတော့၏။

''ဟုတ်တယ် မြို့ပိုင်မင်း၊ သူတို့က တောကျွမ်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နောက်ကို ခြေရာခံပြီး ချက်ချင်းလိုက်လာနိုင်ကြမှာ။ ကျွန်တော်တို့ နမ်ပုံ(စ်)မြစ်ကမ်းခြေဆီ မိုးမလင်းခင် အရောက် ပြေးနိုင်မှ လွတ်မှာ''

''ကဲ ... ကဲ ... ဒါဆိုလည်း သွားကြမယ်၊ ဒါထက် ခွန်ရာဇာရော''

သူတို့ပြေးလာကြသည့်လူစုထဲမှ ခွန်ရာဇာကို မတွေ့ရတော့ချေ။

''ဟာ ... ငှက်ပျောတောထဲ လူကွဲပြီးကျန်ရစ်ခဲ့ပြီ ထင်တယ်''

''သူက တောကျွမ်းပါတယ်၊ လာ လာ ... ကျုပ်တို့ ပြေးကြစို့''

''သား သွားမယ်နော်၊ ဖေဖေ စိတ်ချမယ်နော်''

''စိတ်ချပါဖေဖေ၊ သားအတွက် စိတ်မပူပါနဲ့၊ သွား သွား ... ဖေဖေ သွားတော့''

မြို့ပိုင်မင်းဦးလူအေးမှာ သားအတွက် နောက်ဆံတင်း နေသော်လည်း ရွေးစရာလမ်းမရှိပြီမို့ သားဖြစ်သူကို လှည့် တကြည့်ကြည့်လုပ်ရင်း ဦးအောင်မြတ်တို့ဆွဲခေါ်ရာနောက် ပါသွား ရတော့၏။

အမှောင်ထုထဲတွင် ဖခင်ဖြစ်သူတို့လူစု ပျောက်ကွယ်





သွားမှ လူရဲလည်း သက်ပြင်းချလိုက်ပြီး ခြေထောက် ထော့နင်း ထော့နင်းဖြင့် တောင်စောင်းပေါ် ပြန်လည်ပြေးတက်လာခဲ့ကာ ဂျာဝမ်းတို့အိမ်ဘက်သို့ ဦးတည်လျက် ငှက်ပျောရိုင်းတောကို တိုးခဲ့ရလေသည်။

သူသည် ဂျာဝမ်းတို့အိမ်နောက်ဘက်သို့ ရောက်သည် တွင် စဉ့်အိုးထဲမှရေဖြင့် ခြေထောက်ကို သေချာဆေးရလေသည်။

''အား ... အနာက တဆစ်ဆစ်နဲ့ကိုက်လှပါလား၊ ဒီ ပုံစံနဲ့ဆို မိုးလင်းရင် ထောက်လို့တောင်ရမှာမဟုတ်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် အဖေတို့လွတ်သွားရင် ငါကျေနပ်ပါပြီလေ''

ထို့နောက် နောက်ဖေးတံခါးပေါက်မှ အသာတိုးဝင်ခဲ့ကာ အိပ်ရာထဲ တိတ်ဆိတ်စွာ ဝင်ခွေလိုက်စဉ်အခိုက်အတန့်မှာပင် ရွာလယ်ပိုင်းဆီမှ အရေးပေါ်အချက်ပေးမောင်းသံ တဒူဒူကို ကြား လိုက်ရခြင်းဖြစ်သည်။


'ဒူ ဒူ ဒူ ဒူ'

* * *



www.burmeseclassic.com

www.burmeseclassic.com



# သွေးစွန်းည

အကာလညဥ့်ယံသည် အရုဏ်ဆီဦးတည်လာခဲ့ပြီဖြစ်သော်လည်း ဝန်းကျင်တစ်ခိုမှာ တောရိပ်တောင်ရိပ်ကြောင့် အမှောင်ထုသိပ်သည်းဆဲ ဖြစ်သည်။

နတ်ဆရာကြီး၏အိမ်သည်လည်း အမှောင်ထုအောက်တွင် တုတ်တုတ်မျှမလှုပ်။

သို့သော် လှုပ်နေသည်က ငှက်ပျောရိုင်းတောထဲမှ ပုန်းလျှိုးကွယ်လျှိုးထွက်လာသည့် လူရိပ်မည်းမည်းသာဖြစ်သည်။

အနှီလူရိပ်မည်းမည်းသည် နတ်ဆရာကြီး၏အိမ်နောက်ဘက်သို့ ချဉ်းကပ်လာပြီး အိမ်နောက်ဖေးကဲလားတံခါးကို အသာ





ဆွဲမကာ အထဲသို့ချောင်းကြည့်လိုက်လေသည်။ ထို့နောက် တံခါးကြားမှနေ၍ အိမ်ထဲသို့ မြွေတစ်ကောင်နှယ် တိတ်ဆိတ်စွာ ဝင်လာတော့၏။

နတ်ဆရာကြီး၏အိမ်ထဲတွင် မီးလင်းဖို၏အလင်းကဖျော့တော့လျက်ရှိပြီး တစ်အိမ်လုံးမှာ ဟောက်သံတို့ဖုံးလွှမ်းလျက်ရှိတော့၏။ အိမ်တံခါးဝဝယ် ပိုးလိုးပက်လက်လန်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသည့် အစောင့်နှစ်ဦး၏ဟောက်သံ၊ အိမ်ခေါင်းရင်းနံရံဘက်သို့ မျက်နှာပြုကာ အိပ်စက်လျက်ရှိသော နတ်ဆရာကြီး၏ဟောက်သံတို့က အချက်ကျကျ ဆူညံစွာ ထွက်ပေါ်လျက် ရှိချေ၏။

လျှို့ဝှက်စွာဝင်ရောက်လာသူသည် ထိတ်တုံးတို့ကိုကျော်ခွပြီး မီးလင်းဖိုကိုကွေ့ပတ်ကာ အိမ်ခေါင်တိုင်အနီးသို့ ချဉ်းကပ်သွားလေသည်။

ထို့နောက် ခေါင်တိုင်အနီးရှိ အိမ်နံရံ၌ ချိတ်ဆွဲထားသော ဓားမြှောင်တစ်ချောင်းကို ဆွဲဖြုတ်ယူလိုက်လေ၏။

သူသည် ခေါင်တိုင်အား အနီးကပ်စူးစမ်းကြည့်ရင်း ခေါင်တိုင်တစ်လျှောက် လက်ချောင်းလေးများဖြင့် စမ်းသပ်ကြည့်လိုက်လေသည်။

ထို့နောက် သစ်သားအကွဲကြောင်းတစ်ခုကို တွေ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယင်းအကွဲကြောင်းလေးထဲသို့ ဓားမြှောင်ဦးကိုထိုးထည့်ပြီး ဟိုကလော် ဒီကလော် လုပ်လေတော့သည်။

ခဏအကြာတွင် ချောက်ဟူသောအသံနှင့်အတူ ခေါင်းတိုင်မှ အံဝှက်တံခါးလေးသည် ပွင့်သွားတော့၏။

ဤတွင် ထိုသူသည် အံဝှက်အပေါက်ထဲသို့ လက်နှိုက်လိုက်ရာ ခေါင်းတိုင်သစ်ခေါင်းထဲမှ မာကျောသောအရာဝတ္ထုတို့ကို လက်ချောင်းထိပ်ဖျားလေးများဖြင့် စမ်းသပ်မိတော့သည်။

သူက ထိုအရာတို့ကို အသာဆွဲထုတ်ယူလိုက်လေသည်။

"ဟာ ... ရွှေထည်တွေနဲ့ ရတနာပစ္စည်းတွေပါလား"

မီးလင်းဖို၏အလင်းအောက်တွင် ပြိုးပြက်လက်လျက်ရှိသော ရတနာထည်တို့ကို မင်သက်မိစွာကြည့်ရင်း သူ၏ရင် တဖျပ်ဖျပ် ခုန်လာတော့၏။

သူက ဤတောင်တန်းဒေသကြီးတွင် ပျူခေတ်ရှေးနှစ်ပေါင်းများစွာက လူမျိုးနွယ်တစ်စု နေထိုင်ခဲ့ဖူးကာ ထိုလူမျိုးနွယ်စုသည် ကျောက်မျက်ရတနာများစွာပိုင်ဆိုင်ကာ လွန်စွာချမ်းသာကြွယ်ဝကြောင်း ဒဏ္ဍာရီအဖြစ် ကြားဖူးထားလေသည်။

ယခု သူ့လက်ထဲသို့ ရောက်ရှိနေသည့်ရတနာထည်များမှာ ဟိုးရှေးဟောင်းပဒေသရာဇ်မျိုးနွယ်၏ ကြွင်းကျန်ရစ်သော ရတနာထည်များဖြစ်နေရော့သလားဟု သူတွေးမိလိုက်သည်။





"သဘာဝဘေးအန္တရာယ်ကြီးတစ်ခုကြောင့် အဲဒီမျိုးနွယ်ဟာ ပျက်သုဉ်းသွားတာ နှစ်ပေါင်းထောင်ချီကြာပြီလို့ ဒဏ္ဍာရီပုံပြင်လို ကြားခဲ့ဖူးတယ်၊ အခု ဒီရတနာတွေဟာ အဲဒီမျိုးနွယ်စုတွေ ကျန်ခဲ့တဲ့ရတနာတွေများလား၊ အို ... ဘာပဲဖြစ်ဖြစ် ငါ ဒီရတနာထည်တွေရရင် သူဌေးဖြစ်ပြီ၊ ရသလောက်ယူရမယ်"

သူက ဆုံးဖြတ်ချက်နှင့်အတူ ရတနာထည်တို့ကို သစ်ခေါင်းထဲမှ နှိုက်နှိုက်ယူပြီး သူဝတ်ထားသော အနွေးထည်အကျႌကြီး၏ အတွင်းအိတ်များထဲ ထိုးထိုးထည့်တော့သည်။

ယင်းသို့ လောဘတကြီးဖြင့်ထည့်နေစဉ် ရတနာစီခြယ်ထားသည့် ရွှေသားလက်ကောက်ကြီးတစ်ကွင်းကို အတွင်းအိတ်ထဲ အတင်းထိုးထည့်လိုက်စဉ် ချော်ထွက်သွားပြီး ထိုလက်ကောက်ကြီးမှာ ကညင်သစ်ခေါက်ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားတော့၏။

'ချွင် ချွင်'

တိတ်ဆိတ်သောညမို့ ရွှေလက်ကောက်ကြီး ကြမ်းပြင်ပေါ် ကျသွားသံက အတန်ငယ်ကျယ်လောင်သွားလေသည်။

ယင်းအသံကြောင့် ဖျတ်ခနဲ လန့်နိုးသွားသည်က နတ်ဆရာကြီးပဲ ဖြစ်ပါ၏။

"ဟင်"

နတ်ဆရာကြီးက လူးလဲထလိုက်ပြီးကြည့်လိုက်ရာ သူ



www.burmeseclassic.com

www.burmeseclassic.com



နှင့်နှစ်လံခန့်အကွာ အိမ်ခေါင်တိုင်အနီးတွင် မားမားကြီးရပ်နေသည့် လူတစ်ဦးကို တွေ့လိုက်သည်၌ ရုတ်တရက် အံ့အားသင့်သွားလေသည်။

ပြီးမှ ထိုလူ၏လက်တစ်ဖက်ထဲတွင် ဓားမြှောင်တစ်ချောင်းကိုင်ထားသည်ကိုလည်းကောင်း၊ ထိုသူသည် သူတို့လူမဟုတ်ကြောင်း မီးလင်းဖို၏ ဖျော့တော့တော့အလင်းရောင်ဖြင့် တွေ့မြင်လိုက်ရသဖြင့်လည်းကောင်း လွန်စွာချောက်ချားတုန်လှုပ်ဒေါသဖြစ်သွားပြီး ဂူးဂူးဝါးဝါးအော်ဟစ်လျက် ဝုန်းခနဲ ကုန်းထလိုက်လေသည်။

'ဝုန်း'

"ဟင် … မင်း မင်း ရာဇဝတ်ကောင်"

နတ်ဆရာကြီးသည် ကုကီးဘာသာစကားဖြင့် အော်ဟစ်လိုက်ကာ ကြမ်းပြင်၌ချထားသည့် လှံတံကြီးကို ရုတ်ခနဲကောက်ကိုင်လိုက်ပြီး ထိုလူကို ထိုးဟန်ပြင်လိုက်စဉ် ထိုလူက လွှားခနဲ ရှေ့သို့ခုန်ဝင်ကာ နတ်ဆရာကြီး၏ရင်ဝအား ဓားမြှောင်ဖြင့် ထိုးစိုက်ချလိုက်တော့သည်။

"ကဲဟာ"

'ခွပ်'

"အား"





နတ်ဆရာကြီး၏အသည်းပေါက်မတတ် အော်သံကြီးကြောင့် ငိုက်မျဉ်းအိပ်ပျော်နေသည့် အစောင့်ကင်းသမားနှစ်ယောက်စလုံး လန့်နိုးပြီး ကျီးကြည့်ကြောင်ကြည့် ဖြစ်နေကြတော့၏။

ပြီးမှ သူတို့က ရင်ဝဝယ် ဓားမြှောင်တန်းလန်း၊ သွေးသံရဲရဲဖြင့် ကြမ်းပြင်ပေါ် ဝုန်းခနဲပြိုလဲကျသွားသည့် နတ်ဆရာကြီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရရာ လွန်စွာတုန်လှုပ်ချောက်ချားသွားရတော့သည်။

"ဟင်"

"ဟာ"

"အလို … ဟို … ဟို အကျဉ်းသားပါလား"

ကင်းသမားတို့က ခွန်ရာဇာကို အံ့သြတကြီးကြည့်လိုက်ကြပြီးမှ ထိတ်တုံးတို့ကိုကြည့်လိုက်ပြီးနောက် အခြေအနေကိုသဘောပေါက်သွားကြတော့၏။

"ဟာ … အကျဉ်းသားတွေ လွတ်ကုန်ပြီပဲ"

ထိုနောက်မှာမူ အစောင့်နှစ်ယောက်က လှံရှည်ကိုယ်စီဖြင့် ခွန်ရာဇာကို ပြေးထိုးကြတော့၏။

'ဗိုး'

ယင်းလှံတံတို့ကို ခွန်ရာဇာက လျင်မြန်စွာရှောင်တိမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ဝဲဘက်မှ ကင်းသမား၏နံကြားသို့ ခြေစောင်းဖြင့် ဆတ်ကန်လိုက်၏။

'ဖြောင်း'

"အ"

ထိုသူလိမ့်ဆင်းသွားစဉ် နောက်ကင်းသမားက လှံတံဖြင့် ထပ်ထိုးပြန်၏။ ခွန်ရာဇာက နံဘေးသို့ ခြေတစ်လှမ်းလှမ်းကာ လှံချက်ကို ပွတ်ကာသီကာ ရှောင်လိုက်ပြီး လှံရိုးကို လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်လျက် မိမိဘက်သို့ ဆောင့်ဆွဲယူလိုက်လေသည်။

လှံသမား မိမိဘက်သို့ ငိုက်ခနဲပါလာသည်နှင့် ထိုလူ၏ဆီးခုံကို ဒူးဖြင့်ပင့်တိုက်ထည့်လိုက်လေသည်။

"အူး"

ထိုသူ့ထံမှ မချိမဆံ့ညည်းသံကြီး ထွက်ပေါ်လာပြီးနောက် လှံကိုလွှတ်လိုက်ကာ ဆီးခုံကို လက်နှစ်ဖက်ဖြင့် ဖိအုပ်ရင်း ကြမ်းပြင်ပေါ် ထိုင်ကျသွားတော့၏။

ထို့နောက် ခွန်ရာဇာက ဘာကိုမှ လှည့်မကြည့်တော့ဘဲ အိမ်နောက်ဖေးတံခါးဆီ လျင်မြန်စွာ လှမ်းသွားပြီးနောက် ကဲလားကိုမ,ကာ အိမ်ပြင်သို့ ထွက်လိုက်တော့၏။

ထို့နောက် ငှက်ပျောရိုင်းတောထဲ ဖြတ်ပြေးခဲ့ကာ လျှိုထဲ ပြေးဆင်းခဲ့စဉ်မှာပင် ဒုံမားရွာဘက်ဆီမှ အရေးပေါ်အချက်ပေး





မောင်းထုသံကို အဆက်မပြတ် ကြားလိုက်ရပါတော့သတည်း။

'ဒူ ဒူ ဒူ ဒူ'

❋

"အစ်မ အစ်မ . . . ခွန်ရာဇာဆိုတဲ့လူက နတ်ဆရာကြီးကို သတ်ပြီး ရှေးဟောင်းရတနာတွေအားလုံး ယူပြေးသွားတာတဲ့ဗျ"

မိုးက မလင်းသေး။ ရောင်နီတော့ အရှေ့အရပ်ဆီမှ ဖို့လာပြီဖြစ်၍ ဒုံမားတစ်ရွာလုံးမှာမူ ကမ္ဘာပျက်သလို ဆူသံအော်သံများဖြင့် ဆူညံပွက်လောရိုက်နေသည်။

ရွာလယ်လမ်းတွင် မီးလင်းဖိုမှာ တစ်ဖိုပြီးတစ်ဖို တောက်လောင်လာပြီး လှံတံလေးမြှား၊ တုတ်ဓားဆွဲကိုင်ထားသည့် လူငယ်လူရွယ်တို့မှာ ယောက်ယက်ခတ်လျက်ရှိကြ၏။

အရေးပေါ်အချက်ပေးမောင်းထုသံကြောင့် အိပ်မောကျနေကြသော တစ်ရွာလုံး လန့်နိုးကုန်ကြပြီး ရွာလယ်ရှိ စော်ဘွားကြီး ရမ်ခို၏စံအိမ်ကြီးရှေ့တွင် စုဝေးခဲ့ကြသည်။

နတ်ဆရာကြီးအိမ်မှ ကင်းစောင့်တံခါးနှင့်ဇာလျှန်းတို့



www.burmeseclassic.com

ပြောပြသဖြင့် အကျဉ်းသားများ ထွက်ပြေးပြီဖြစ်ကြောင်းနှင့် နတ်ဆရာကြီး အသတ်ခံရပြီဖြစ်ကြောင်း စော်ဘွားကြီးရမ်ခိုသိရှိသွားရာ အရေးပေါ်မောင်းကို သူကိုယ်တိုင်ထုကာ လူစုလိုက်ခြင်းဖြစ်၏။

စော်ဘွားကြီးရမ်ခိုက စုဝေးရောက်ရှိလာသည့် ရွာသားလုလင်ပျိုတို့ကို အကျိုးအကြောင်း မြန်ဆန်စွာပြောပြပြီးနောက်–

"ကဲ ... နတ်ဆရာကြီးရဲ့အိမ်ကို သွားစစ်ဆေးကြစို့"

ဟု ဆော်ဩလျက် ရှေ့မှဦးဆောင်ထွက်ခွာသွားရာ လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသည့် ရွာသားတို့မှာ နောက်မှ တောက်တခတ်ခတ်ဖြင့် လိုက်ပါသွားကြတော့၏။

နတ်ဆရာကြီး၏အိမ်ပေါ်မှ ကညင်ခေါက်ကြမ်းပြင်ပေါ် မှောက်ခုံကြီးလဲကျသေဆုံးနေသည့် နတ်ဆရာကြီး၏အဖြစ်ကို တွေ့ရတော့ စော်ဘွားကြီးရမ်ခိုမှာ ယူကြုံးမရဖြစ်ရလေသည်။

ထို့နောက် စော်ဘွားကြီးကိုယ်တိုင် နတ်ဆရာကြီး၏ အိမ်ခေါင်တိုင်မှ လျှို့ဝှက်သစ်ခေါင်းပေါက်ကို စစ်ဆေးကြည့်ရာ ယင်းသစ်ခေါင်းသေတ္တာမှာ အဖုံးပွင့်နေပြီး အထဲ၌လည်း ရွှေဟောင်းရတနာထည်မျိုးစုံကို လုံးဝမတွေ့ရတော့ချေ။

"ဟင်"

"တောက် ... ငါတို့မျိုးနွယ်ရဲ့ရှေးဟောင်းရတနာထည်





တွေပါ ပါသွားပြီ၊ တွေကြသေးတာပေါ့ကွာ"

"ဟော့ ... ငါတို့အားလုံး ခုချက်ချင်း တောနင်းပြီး အဲဒီကောင်တွေကို မတွေ့တွေ့အောင် ရှာမယ် ... လာကြ"

"ဟုတ်တယ်ဟော့ ... မိစ္ဆာကောင်တွေကို ချေမှုန်းကြရမယ်ကွ"

"ရှာမယ် ရှာမယ် ... တွေ့အောင်ရှာမယ်၊ ရတနာထည်တွေ ပျောက်သွားရင် တောင်ပိုင်နတ်ကြီးက ကျုပ်တို့ကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

သို့ဖြင့် မီးတုတ်များထွန်းညှိကာ ရွာကာလသားနှင့် လူရွယ်များက စော်ဘွားကြီးရမ်ခို၏ဦးဆောင်မှုဖြင့် တောနင်းရှာဖွေရန် ရွာ၏ဝန်းကျင်အသီးသီးသို့ ထွက်ခွာသွားကြလေသည်။

ရွာလူကြီးအချို့လည်း ရှာဖွေရေးအဖွဲ့ထဲပါသွားရာ ရွာသယ် မီးလင်းဖိုများအနီးတွင် မိန်းမများနှင့် ကလေးတို့ ဝိုင်းထိုင်နေကြလေသည်။ သူတို့ပြောသည့်စကားကိုကြားပြီး တူးဂျာက အိမ်သို့ရောက်ရောက်ချင်း အစ်မဖြစ်သူကို ပြောပြနေခြင်းဖြစ်သည်။

"ဟယ် ... ဒုက္ခပဲ၊ နတ်ဆရာကြီးလည်း သေ၊ ရှေးဟောင်းရတနာတွေလည်း ပျောက်ဆုံးနေရင် တောပိုင်တောင်ပိုင်

www.burmeseclassic.com



နတ်ကြီးတို့က ငါတို့တစ်မျိုးနွယ်လုံးကို ခွင့်လွှတ်မှာမဟုတ်ဘူး၊ ဒုက္ခပေးတော့မှာ သေချာတယ် …၊

အခု အဲဒီထွက်ပြေးသွားတဲ့ မြို့ပိုင်မင်းကြီးနဲ့အဖွဲ့ကို စော်ဘွားကြီးကိုယ်တိုင် ဦးဆောင်ပြီး တောနင်းရှာနေကြပြီဗျ၊ အဖေလည်း ပါသွားတယ်၊ တောက် … ကျုပ်တောင် ကလေးမို့ နို့မို့ဆို ကျုပ်လည်း လိုက်ရှာမယ်ဗျာ၊ မိလို့ကတော့လား၊ ဓားနဲ့ ဟော့ဒီလို ဖက်ပြတ်အောင်အခုတ်ပဲ''

တူးဂျာက ဟန်အပြည့် မာန်အပြည့်ဖြင့် အမူအရာလုပ်ပြီး ကြိမ်းဝါးနေကာ ဂျာဝမ်းမှာမူ လက်အုပ်လေးချီလျက် ပါးစပ်မှ ဆိုးတိုးဖွဖွ ရေရွတ်လျက်ရှိတော့၏။

''တောပိုင်တောင်ပိုင်နတ်မင်းကြီးများရှင့် … သမီးတို့ကို ကယ်တင်စောင့်ရှောက်တော်မူပါ၊ သမီးတို့မျိုးနွယ်ရဲ့ ရှေးဟောင်းရတနာခိုးသူတွေကို အမြန်ဆုံးပြန်လည်ဖမ်းမိစေရအောင် ဆောင်ကြဉ်းပေးတော်မူကြပါ''

လူရဲမှာ ကညင်ခေါက်အိပ်ရာထက်မှာ ကွေးနေရာမှ အသာနားစွင့်ထောင်နေရာ အခြေအနေမှာ သူထင်ထားတာထက် များစွာပိုဆိုးနေသဖြင့် လွန်စွာထိတ်လန့်ချောက်ချား စိတ်ပူသွားတော့၏။

''ဘုရား ဘုရား … တပည့်တော်ရဲ့အဖေကို မဖမ်းမိပါစေနဲ့ ဘုရား''





''ခွန်ရာဇာ ခွန်ရာဇာ … လက်စသတ်တော့ ငါလှိုဏ်ထဲမှာ ပြောင့်ရှူးနေတုန်း သင်းက နတ်ဆရာကြီးရဲ့အိမ်ဆီ ပြန်လှည့်သွားပြီး နတ်ဆရာကြီးကိုသတ်၊ ပြီးတော့ ရတနာပစ္စည်းတွေ ယူပြေးတာကိုး''

''တောက် … ဆန်ကောလောက်မှ ဖောက်မနက်တဲ့ကောင်၊ တွေ့ကြသေးတာပေါ့ကွာ''

မြို့ပိုင်မင်းဦးလူအေးတို့လူစုမှာ တစ်ညလုံး ပြေးလွှားခဲ့ရပြီး နောက်ဘက်အဝေးကြီးအရပ်မှ ကြားသံပေးလျက် တောနင်းရှာဖွေသံများကြောင့် နံနက်မိုးစင်စင်လင်းသည့်တိုင် မရပ်မနားတောတိုးခဲ့ရလေသည်။

ဦးအောင်မြတ်က ဤတော ဤတောင်အကြောင်း အတိုက်အလျောက် သိသဖြင့် ရှေ့မှဦးဆောင်သွားကာ မြို့ပိုင်မင်းဦးလူအေးနှင့် ဦးခက်ပန်တို့မှာ အထမ်းသမားနှင့်အတူ နောက်မှ ထက်ကြပ်လိုက်ကြရလေ၏။

တောတောင်လျှိုမြောင်အထပ်ထပ်ကို မနားတမ်း ကျော်ဖြတ်ခဲ့ကြရာ နေအတော်ထွက်ပြူလာပြီး ဆီးနှင်းလွှာတို့ ပြိုကျလာသည့်အချိန်တွင် ရှေ့ဆီမှ ဖုန်းဆိုးမြေအလွန်တွင် ရေပြင်တစ်ခုကိုတွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . အဲဒါ နမ့်ပု(ခ်)မြစ်လေ၊ အဲဒီမြစ်ဆီရောက်အောင်သွားပြီး ဝါးဖောင်နဲ့ကူးပြီးတာနဲ့ ကျွန်တော်တို့လွတ်မြောက်ပြီဗျ"

"အေးဗျာ . . . လွတ်တော့မယ်ဆိုတော့ ဝမ်းသာစရာပါပဲခင်ဗျာ၊ ခုတော့ ဗိုက်ကတအားဆာပြီး လူကနွမ်းလျလှပြီဗျ"

"ဟုတ်တယ် မြို့ပိုင်မင်းရေ . . . ကျွန်တော်လည်း ခြေလက်တွေတောင် မသယ်ချင်တော့ဘူးဗျာ"

မည်သို့ဖြစ်စေ သူတို့အတွက် စိတ်ချလက်ချဖြစ်ဖို့ နမ့်ပု(ခ်)မြစ်ဆီအရောက်သွားရမည်သာ ဖြစ်ပါ၏။

*

မြို့ပိုင်မင်းဦးလူအေးတို့အဖွဲ့ အငတ်ငတ်အပြတ်ပြတ်ဖြင့် ဟုမ္မလင်းကို ပြန်လည်ရောက်ရှိလာရာ ထိုသတင်းကို ကြားသိသွားသော ချင်းတွင်းခရိုင်မင်းကြီး မစ္စတာရှာဘရောင်းသည် အရေးပိုင် မစ္စတာပေါ်မား၊ နယ်ပိုင်ဝန်ထောက် မစ္စတာစပါးရှားတို့နှင့်အတူ မြို့ပိုင်မင်း၏အိမ်သို့ လိုက်လာလေသည်။

ထို့နောက် မြို့ပိုင်မင်းဦးလူအေးအား သေချာစွာ စစ်မေး





ကြရာ ကွယ်ဝှက်ရန်မဖြစ်နိုင်သဖြင့် ဦးလူအေးကလည်း သူ့အဖြစ်အားလုံး ပြောပြလိုက်လေသည်။

အားလုံးစစ်မေးပြီးနောက် ချင်းတွင်းခရိုင်မင်းကြီးက အမိန့်ချမှတ်လေသည်။

"ကူကီးချင်းနဲ့နာဂတွေကို အပြတ်ချေမှုန်းပစ်မှဖြစ်မယ်၊ ဒီတော့ စစ်ဆင်ရေးအတွက် စီစဉ်ပေတော့"

* * *

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာဖြူတပ်တွေက လက်နက်ကောင်းတယ်၊ စက်သေနတ်တွေပါလိမ့်မယ်၊ သူတို့ကို ငါတို့ရဲ့တစ်လုံးထိုးတူမီးသေနတ်က ယှဉ်နိုင်မှာမဟုတ်ဘူး၊ ဒီတော့ လက်နက်အားအများကြီး ပိုကောင်းတဲ့ နယ်ချဲ့မိစ္ဆာတပ်တွေကို သူတင်ကိုယ်တင်ရင်ဆိုင်တိုက်လို့တော့ ဖြစ်မှာမဟုတ်ဘူး"

"ဒီတော့ ငါတို့က ပြောက်ကျားစနစ်နဲ့ သင်းတို့ကို တိုက်ခိုက်ရမယ်၊ ချုံခိုပြီးတိုက်ရမယ်၊ ကျောက်မောင်းတွေကို သေချာပြန်စစ်ဆေးထားကြ ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... ကျုပ်တို့ရဲ့ခံတပ်တွေ မကျစေရဘူး စော်ဘွားကြီး၊ ကျုပ်တို့ရဲ့ နာဂတောင်တန်းဟာ သွေးနီတောင်တန်းဖြစ်ကြောင်း သင်းတို့သိသွားစေရမယ်"

"ဟုတ်တယ် ... သင်းတို့တက်လာရဲရင် လာကြစမ်းပါစေ ကျုပ်တို့ရဲ့သွေး နီကြောင်းပြလိုက်မယ်"

"အိမ်း ... အားရစရာပါပဲ၊ အချင်းချင်းစည်းရုံးကြ၊ ငါတို့ရဲ့သွေး နီကြောင်းပြကြ"

"ပြမယ် ... ပြမယ်"

ထို့နောက် ရက်ပိုင်းအတွင်းမှာပင် မေဂျာဒယ်နီဦးဆောင်သည့် နယ်ချဲ့အစိုးရတပ်တို့လည်း စစ်ကြောင်းကြီးသုံးကြောင်းခွဲ၍ နာဂတောင်တန်းပေါ်သို့ တက်ရောက်လာကြတော့၏။

ခု နစ် စဉ် ကြယ် တာ ပေ

## ရင်နင့်တောင်တန်း



ချင်းတွင်းခရိုင်မင်းကြီး၏အမိန့်အရ အရေးပိုင်မင်းသည် မောင်းခမ်းတွင် ရုံးထိုင်သော ဗြိတိသျှစစ်တပ်မှ မေဂျာဒယ်နီနှင့် ညှိနှိုင်းကာ စစ်ဆင်ရေးပြုလုပ်ရန် ပြင်ဆင်တော့၏။

ယင်းသတင်းကို အထောက်တော်များမှတစ်ဆင့် ကြားသိလေသည့် ဒုံးမားစော်ဘွားကြီးရမ်ခိုသည် ဆာကွန်ရာရွာသူကြီး ဘေ့ဖဲအပါအဝင် နာဂတောင်တန်းကြီးပေါ်ရှိ နာဂနှင့်ချင်းရွာအကြီးအကဲများ၊ လူမျိုးစုခေါင်းဆောင်များကို ဖိတ်ခေါ်စုစည်းလျက် အရေးပေါ်အစည်းအဝေးပြုလုပ်ကာ ခုခံစစ်ဆင်နွှဲရန် ပြင်ဆင်ခြင်းပြုလေ၏။

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း ဒိုင်း ဒိုင်း'

'ဒက် ဒက် ဒက်'

သေနတ်သံတို့ကား နာဂတောင်ရိုးတစ်လျှောက် မိုးလုံးညံခဲ့ပြီ။ နာဂနှင့်ကူကီးချင်းတိုင်းရင်းသားတော်လှန်ရေးသမားတို့သည် နယ်ချဲ့တပ်ကို ထိပ်တိုက်ရင်ဆိုင်မတိုက်ဘဲ စစ်ဦးကိုကျော်ဝင်လာစေပြီးမှ ခါးလယ်ကို ဖြတ်တိုက်ခြင်း၊ တောင်စောင်းများအပေါ်တွင်ဆင်ထားသည့် ကျောက်မောင်းတို့ကို ဖြတ်ချတိုက်ခိုက်ခြင်းတို့ပြုရာ နယ်ချဲ့တပ်တို့မှာ အထိနာလျက်ရှိတော့သည်။

ထို့ကြောင့် ပထမပိုင်းရက်များတွင် နယ်ချဲ့တပ်တို့မှာ စစ်ဦးရှေ့မတိုးနိုင်ဘဲဖြစ်နေရာ မေဂျာဒယ်နီက စက်သေနတ်တို့၏ ပစ်အားကိုမြှင့်ပြီး စစ်ဦးကိုထိုးဖောက်စေတော့၏။

တကယ်တော့ တိုင်းရင်းသားမျိုးချစ်များကိုင်စွဲထားသည့် တူမီးသေနတ်တို့မှာ တစ်ချက်ကောင်းသာပစ်နိုင်စွမ်းသော သေနတ်အမျိုးအစားဖြစ်၏။ ခလုတ်တစ်ချက်ဆွဲသည်နှင့် ကျည်ဆန်များစွာ အော်တိုမက်တစ်ထွက်သော စက်သေနတ်ကို မည်သို့မှ မယှဉ်နိုင်ချေ။

နောက်ထပ်တူမီးသေနတ်၏အားနည်းချက်မှာ မီးပွင့် လွှတ်လိုက်သည့် ခဲလုံးကျည် ရန်သူ့ထံရောက်ဖို့ရန်မှာ စပ်ထားသည့်ယမ်း ကောင်းဖို့လည်းလိုသေး၏။ ယမ်းအစပ်မကောင်းလျှင် ယမ်း၏ကန်အားမကောင်းသဖြင့် ခဲလုံးကျည်က လိုရာသို့ မရောက်တော့ချေ။ တစ်ဖန် ယမ်းစပ်ကောင်းသည့်တိုင် ခလုတ်ဆွဲလိုက်သည်နှင့် ယမ်းကို မီးကူးဖို့လိုသေးသည်။ ယမ်းကိုမီးမကူးပါက ကျည်ဆန်မထွက်တော့ချေ။

ထိုသို့ ကျည်မထွက်၍ဖြစ်စေ၊ ကျည်ဆန်လိုရာမရောက်၍ဖြစ်စေ နောက်တစ်ချက်ထပ်ပစ်ရန်မှာ အချိန်အတော်ယူရပြန်၏။

သည်တော့လည်း ပစ်မှတ်တစ်ချက်လွဲချော်သွားသည်နှင့် နောက်ထပ်ချက်ချင်းပစ်ခတ်နိုင်သည့် နယ်ချဲ့တပ်၏ ဗထက်မြိုက်သေနတ်၊ ရိုင်ဖယ်သေနတ်တို့ကို သူတင်ကိုယ်တင် ယှဉ်မပစ်နိုင်ချေ။

စက်သေနတ်နှင့်ဆိုမူ ဆိုဖွယ်ရာမရှိတော့ချေ။ ဝေါခနဲ ဝေါခနဲ အတွဲလိုက်ပြေးဝင်လာသည့် စက်သေနတ်ကျည်ဆန်များအောက်၌ တူမီးသေနတ်မျှသာ အစွမ်းကုန်ကိုင်နိုင်သည့် တိုင်းရင်းသားမျိုးချစ်တို့မှာ အားလုံး အတုံးအရုံး ကျဆုံးကုန်ကြရတော့၏။

သူ့ကျွန်မခံလိုသောစိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ရဲဝံ့စွန့်စားစွာ ခုခံတိုက်ခိုက်ကြသည့် တိုင်းရင်းသားစစ်သည်များမှာ ကျောက်မောင်းများ၊ ထောင်ချောက်များကို ပါးနပ်စွာ ကျော်ဖြတ်







www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ခဲ့ကြသည့် နယ်ချဲ့စစ်တပ်၏ ခေတ်မီလက်နက်ကောင်းများဒဏ်ကို ရေရှည်တွင် မခံနိုင်တော့ဘဲ အကျအရှုံးများစွာဖြင့် နောက်သို့ ဆုတ်ဆုတ်ပေးနေရတော့၏။

ထို့ကြောင့် တိုက်ပွဲဖြစ်ပွားသည့်နောက်ပိုင်းရက်များတွင် နယ်ချဲ့တပ်ဘက်မှ သိသိသာသာ အရေးသာလာပြီး တောင်တစ်လုံးပြီးတစ်လုံး တိုင်းရင်းသားတို့၏ ကျေးရွာတစ်ရွာပြီးတစ်ရွာကို သိမ်းပိုက်လာနိုင်ကြတော့သည်။

ယင်းအချိန်တွင် လူရဲမှာ ခြေထောက်မှဒဏ်ရာ လုံးဝပျောက်ကင်းပြီး အားအင်လည်း အတော်ပြည့်လာတော့၏။

နောက်ဖေးသွားရန်တောထိုင်ဖို့ လျှိုထဲဆင်းရင်း ခြေထောက် ခြောင့်ရှူးမိခြင်းဖြစ်သည်ဟု ဂျာဝမ်းတို့ကို ညာပြောထားရာ ခြေထောက်ဒဏ်ရာကို ဂျာဝမ်းက စိတ်ရှည်စွာဖြင့် ဆေးထည့်ပေး၊ ပတ်တီးစည်းပေးရှာလေသည်။

ခြေထောက်ဒဏ်ရာပျောက်ကင်းပြီး အားပြည့်လာပြီ ဖြစ်သည့် လူရဲမှာ ရွာထဲသို့ စောင်ပုခက်အထမ်းများဖြင့် သယ်ဆောင်လာကြရသည့် ဒဏ်ရာရစစ်သည်တို့ကိုရော၊ သွေးသံရဲရဲ အလောင်းများကိုပါ အိမ်ပေါ်မှ လှမ်းတွေ့နေရရာ ရင်ထဲတွင် စိတ်မကောင်းခြင်းကြီးစွာဖြစ်ရလေသည်။

"တိုက်ပွဲတွေဖြစ်နေတယ် အစ်ကိုလူရဲ၊ ဂျာဝမ်းတို့ရွာက





နေ ဘယ်မှမသွားနဲ့နော်"

"မသွားပါဘူးကွယ်၊ ဒါပေမဲ့ . . . ဂျာဝမ်းတို့ဘက်က တော်တော်သေကျေဒဏ်ရာရကုန်ကြပြီနော်"

မျက်ဝန်းတွင် မျက်ရည်များဝဲနေသည့် ဂျာဝမ်းက အံလေးတင်းတင်းကြိတ်လျက်မှ မချိတင်ကဲအသံလေးဖြင့် ပြန်ပြောရှာသည်။

"လက်နက်ချင်းက မျှမှမမျှဘဲအစ်ကိုလူရဲရယ်၊ ဂျာဝမ်းတို့ဘက်မှာ သတ္တိသွေးနဲ့ မျိုးချစ်စိတ်၊ သူ့ကျွန်မခံချင်တဲ့စိတ်ပဲ ရှိတာ၊ လက်နက်ချင်းက မိုးနဲ့မြေလောက်ကွာနေတာလေ၊ တိုက်ပွဲကြာလေ အထိနာလေပေါ့၊ ကြာရင် လုံးဝအရှုံးပေးရပြီး နယ်ချဲ့မိစ္ဆာတွေရဲ့ရှေ့မှာ ဂျာဝမ်းတို့တစ်မျိုးနွယ်လုံး ဒူးထောက်ရတော့မယ်ထင်ပါရဲ့ အစ်ကိုလူရဲရယ်"

ဂျာဝမ်းက ဆို့နင့်စွာပြောရင်း ပါးပြင်ထက်သို့ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျလာတော့၏။

လူရဲမှာ မိမိတို့၏ တိုင်းရင်းသားလူငယ်လူရွယ်များ သွေးသံရဲရဲဖြင့် ဒဏ်ရာတွေရ၊ ပိုးစိုးပက်စက်သေကျေကြရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်တွင် သူ၏ရင်ထဲ၌ မခံချင်စိတ်ဖြင့် မျိုးချစ်စိတ်တို့ ဟုန်းဟုန်းထတောက်လောင်လာရတော့သည်။

www.burmeseclassic.com



သူ၏စိတ်ထဲတွင် တိုင်းရင်းသားညီအစ်ကိုတို့ဘက်မှ ရပ်တည်ကူညီလိုစိတ်တို့ တဖွားဖွားဖြစ်ပေါ်လာတော့၏။

"ဂျာဝမ်း . . . ဒီလိုသာ တူမီးသေနတ်လောက်နဲ့ ခုခံနေရင် မကြာခင်မှာပဲ အင်္ဂလိပ်တပ်တွေကို အရှုံးပေးရလိမ့်မယ်၊ ခေတ်မီလက်နက်တွေနဲ့မှ သူတို့ကို ဟန့်တားနိုင်မယ်၊ အဲဒီလိုဟန့်တားပြီး မြောက်ဘက်ပိုကျတဲ့တောနက်ပိုင်းကို ရွှေ့မှ သူတို့ရဲ့ ထက်အောက်က လွတ်နိုင်မယ်၊ ဒီဆောင်းအကုန်နဲ့ တစ်နွေလုံး တောင့်ခံထားနိုင်ရင် မိုးကျလာတဲ့အခါ သူတို့ရဲ့ထိုးစစ် ရပ်တန့်သွားမှာပဲ"

"အင်း . . . အစ်ကိုလူရဲပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူတို့ကို လက်နက်ကောင်းတွေနဲ့ ဟန့်တားဖို့ လက်နက်က ဘယ်မှာရနိုင်မှာလဲ"

"အဲဒီလိုလက်နက်ကောင်းတွေ ရနိုင်ဖို့ တို့ကူညီနိုင်ပါလိမ့်မယ် ဂျာဝမ်း၊ ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလိပ်တပ်တွေရဲ့ လက်နက်တွေထားတဲ့နေရာ တို့သိတယ်"

"ဟင် . . . အစ်ကို အစ်ကိုလူရဲ တကယ်ပြောတာလား ဟင်"

"တကယ်ပေါ့ ဂျာဝမ်း"

ဂျာဝမ်း၏မျက်ဝန်းတို့က ရုတ်ခြည်းတောက်ပသွားသော်လည်း ခဏအကြာတွင် ပြန်လည်မှေးမှိန်သွားတော့သည်။

"ဖြစ်ပါ့မလား အစ်ကိုရယ်၊ အင်္ဂလိပ်စစ်တပ်ဆီက လက်နက်တွေ့ရဖို့ဆိုတာ ဘယ်လွယ်မှာလဲ"

"ဟုတ်တယ် မလွယ်ဘူး၊ ဒါပေမဲ့ တို့ကြိုးစားရင် ရနိုင်တယ်"

ဂျာဝမ်းက သက်ပြင်းလေးချပြီး လူရဲကို ရီဝေဝေ မျက်ဝန်းများဖြင့် ငေးကြည့်သည်။

"မဖြစ်ပါဘူး အစ်ကိုရယ်၊ အစ်ကို့အတွက် အန္တရာယ်များလှပါတယ်၊ ကိုယ့်ဘာသာ မိဘရဲ့အိမ်ကိုပဲ အေးအေးဆေးဆေး ပြန်ပါလား၊ ဘာဖြစ်လို့ အဲဒီလိုအန္တရာယ်များတဲ့အလုပ်ကို လုပ်ချင်ရတာလဲ"

"တို့ရဲ့မျက်စိရှေ့မှာ တို့ရဲ့ညီအစ်ကိုတိုင်းရင်းသားတွေ ခံမျှမတခံစားနေရတာကို မကြည့်ရက်လို့ပါ ဂျာဝမ်းရယ်၊ ပြီးတော့"

"ပြီးတော့ ဘာဖြစ်သလဲဟင်"

"ဂျာဝမ်း စိတ်မချမ်းမြေ့ဖြစ်နေရတာကို မကြည့်ရက်လို့ပါ"

"ဩော် အစ်ကိုရယ် . . . ဂျာဝမ်းအတွက်နဲ့တော့ မစွန့်စားချင်ပါနဲ့ရှင်"





ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

"ဂျာဝမ်းအတွက်ဆို ပိုတောင်စွန့်စားဦးမယ်"

"ဟင် ... ဘာဖြစ်လို့"

လူရဲက ဂျာဝမ်း၏မျက်နှာလှလှလေးကို မြတ်နိုးရင်ခုန်စွာ စိုက်ကြည့်ရင်း ခပ်တိုးတိုးပြောလိုက်သည်။

"ဂျာဝမ်းကို ချစ်မိသွားလို့ပေါ့ကွယ်"

ကောင်မလေး အံ့အားသင့်သလို မျက်ဝန်းလေးများ ဝိုင်းစက်သွားသည်။ ပြီးတော့ ပါးမို့မို့တို့ထက်သို့ ရှက်သွေးလေးများ ပြေးသွားတော့၏။

"အို ... အစ်ကိုကလည်း၊ အရေးထဲ ဘာမှန်းလဲမသိဘူး"

လူရဲက ဂျာဝမ်း၏လက်ဖဝါးလေးများကို အမြတ်တနိုးဖြင့် ဖွဖွလေး ဆုပ်ကိုင်လိုက်သည်။

"တကယ်ပြောတာပါ ဂျာဝမ်းရယ်၊ တို့လေ ဘယ်မိန်းကလေးကိုမှ မချစ်ဖူးပါဘူး။ ဂျာဝမ်းကိုပဲ ပထမဆုံး ချစ်မိတာပါကွယ်၊ တို့ရဲ့အချစ်ကို ယုံပါနော်"

ဂျာဝမ်းက သူမ၏လက်ကို မရုန်းဘဲ လူရဲ၏မျက်ဝန်းများထဲ စူးစူးလေးစိုက်ကြည့်လိုက်ပြီး ခပ်တိုးတိုးပြောသည်။

"ယုံချင်ပါတယ် အစ်ကိုလူရဲရယ်၊ ဒါပေမဲ့ ခုအချိန်မှာ ဂျာဝမ်းတို့ဟာ အချစ်ရေးထက် စစ်ရေးကို ကိုယ့်အမျိုးသားအရေး





ကို ဦးစားပေးရမယ့်အချိန် မဟုတ်လား၊ ခုဆို အဖေလည်း ရွာရဲ့ခံတပ်တွေကို သွားကြီးကြပ်နေရတယ်၊ ရွာမှာရှိတဲ့လူတိုင်းဟာ စစ်ပွဲအတွက် လုံးပန်းနေကြရတယ်၊ ဂျာဝမ်းလည်း တစ်တပ်တပ်အား ဝိုင်းကူရမှာပဲ၊ ဒါကြောင့် ခုလို ဂျာဝမ်းတို့တစ်မျိုးနွယ်လုံးအတွက် ဂျာဝမ်းတို့ရဲ့နာဂတောင်တန်းကြီးတစ်ခုလုံးအတွက် သေရေးရှင်ရေး အရေးကြီးနေတဲ့အချိန်မှာ ဂျာဝမ်းအချစ်စကားတွေ မပြောပါရစေနဲ့ဦးနော်"

"အင်းပါ ... အစ်ကိုနားလည်ပါတယ် ဂျာဝမ်းရယ်၊ ဒါပေမဲ့ အစ်ကို မြို့ဆီခဏပြန်ပြီး တောင်ပေါ်တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအတွက် ခေတ်မီလက်နက်တွေ ယူဆောင်လာနိုင်ပြီး ဂျာဝမ်းတို့နဲ့ တစ်သွေးတည်းတစ်သားတည်း ပူးပေါင်းတဲ့အချိန်ကျရင် ဂျာဝမ်းရဲ့အချစ်ကို ရပါရစေကွယ် ... နော်"

ဂျာဝမ်းက ယဲ့ယဲ့လေးပြုံးကာ ခေါင်းလေးညိတ်ပြသည်။ ပြီးတော့ တိုးတိုးဖွဖွလေးပြောသည်။

"စိတ်ချပါအစ်ကို၊ ဘေးရန်ကင်းကင်းနဲ့ အစ်ကိုပြန်လာမယ့်အချိန်ကို ဂျာဝမ်းမျှော်လင့်နေမယ်နော်"

* * *



www.burmeseclassic.com

www.burmeseclassic.com



## မရဏာရှင်းတမ်း

လူရဲသည် ဂျာဝမ်းထည့်ပေးလိုက်သည့် ကောက်ညှင်းထုပ်များနှင့် ရိက္ခာခြောက်တို့ကို လွယ်အိတ်တစ်လုံးဖြင့် စလွယ်သိုင်းလွယ်လျက် ခါး၌ဓားမြှောင်တစ်ချောင်းနှင့် ပဲခွပ်တစ်ခု ချိတ်ဆွဲကာ နံနက်ဝေလီဝေလင်းမှာပင် ဂျာဝမ်းတို့အိမ်နောက်ဘက်ရှိ ငှက်ပျောရိုင်းတောကိုဖြတ်ပြီး လျှိုထဲသို့ ဆင်းလာခဲ့သည်။

လျှိုထဲသို့ရောက်လျှင် ဂျာဝမ်းညွှန်ပြခဲ့သည့်လမ်းအတိုင်း တစ်မနက်လုံး ခပ်သွက်သွက်ခရီးနှင်ခဲ့ရာ သူသွားသည့်လမ်းခရီးမှာ တိုက်ပွဲများနှင့်ဝေးရာဖြစ်သဖြင့် ဘေးရန်ကင်းသည့်တိုင်





ခရီးလမ်းက လွန်စွာကြမ်းတမ်းလှ၏။ သူက နာဂတောင်တန်းနှင့် ထမသီအကြား တောင်ကြောမှ ကွေ့ပတ်ဆင်းခဲ့ခြင်းဖြစ်သည်။

လူရဲသည် တောတောင်လျှိုမြောင်တို့ကို ဖွဲ့နပဲကြီးစွာဖြင့် ဖြတ်သန်းရင်း ညဘက်ရောက်ပါက သစ်ပင်ကြီး တစ်ပင်ပင် အပေါ် တက်အိပ်ခဲ့ရလေသည်။

သွားရင်းလာရင်း တောဝက်အုပ်တစ်အုပ်နှင့်တွေ့သဖြင့် လေအောက်အရပ်မှကွေ့ပတ်ရှောင်ရှားခဲ့ရ၏။ ဆင်ရိုင်း တစ်ကောင်၏ အလိုက်လည်း ခံခဲ့ရသေး၏။

သို့ဖြင့် သုံးရက်မြောက်သောနေ့တွင်မူ မြစ်ကမ်းစပ် တစ်ခုသို့ ရောက်ရှိသွားတော့သည်။

"အင်း ... ဂျာဝမ်းညွှန်ပြခဲ့တဲ့အတိုင်းလာခဲ့တာ ချင်းတွင်းမြစ်ဆီ ရောက်ခဲ့ပြီပဲ"

နေအတော်မြင့်နေပြီမို့ ယင်းကမ်းစပ်မှာပင် နံနက်စာကို ဖြစ်သလိုစားလိုက်ပြီးနောက် ဝါးခုတ်ကာ ဖောင်ငယ်လေး ဖွဲ့လိုက်၏။

ယင်းနောက် ချောင်းရေစီးအတိုင်း ဖောင်မျှောလာခဲ့သည်။

လူရဲသည် ထိုးဝါးတစ်ချောင်းဖြင့် ထိန်းရင်း ရေစီးသန်လှသော ရေလျဉ်အတိုင်း စုန်ဆင်းလာခဲ့ရာ ညနေရီမှောင်စပျိုးချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဟမ္မလင်းမြို့စွန်ကမ်းခြေသို့ ရောက်ရှိလာတော့၏။

သူက ထိုကမ်းခြေမှာပင် ဖောင်ထိုးဆိုက်လိုက်ပြီး ကမ်းခြေ သဲသောင်ပေါ်တက်လာခဲ့ရာ အမှောင်ထုကလည်း သိပ်သည်းစပြုလာတော့သည်။

"အင်း . . . ဒီလိုအချိန်မှာမှ ပုန်းလျှိုးကွယ်လျှိုးနဲ့ မြို့ထဲဝင်လို့ကောင်းမှာ"

လူရဲက လမိုက်ည၏အမှောင်ထုကို အားပြုလျက် မြို့စွန်ရပ်ကွက်အတိုင်း လျှောက်လှမ်းလာခဲ့ပြီး အိမ်ခြံဝင်းတစ်ခုထဲသို့ ပုန်းလျှိုးကွယ်လျှိုး ဝင်လာခဲ့တော့သည်။

ထိုအိမ်သည် ခြေတံရှည်အိမ်တစ်လုံးဖြစ်ပြီး အိမ်ပေါ်မှ ပြတင်းတံခါးတစ်ချပ်ကိုဖွင့်ထားကာ မှန်အိမ်မီးရောင်က ထိုတံခါးပေါက်မှနေ၍ ခြံထဲသို့ ဖိတ်လျှံကျလျက်ရှိလေ၏။

လူရဲက ပိန္နဲပင်တစ်ပင်၏ မှောင်ရိပ်အောက်တွင် ရပ်လိုက်ပြီး ပြတင်းပေါက်ကို မော့ကြည့်လိုက်သည်။

အိမ်ပေါ်မှ စကားသံသဲ့သဲ့ကြားလိုက် ပျောက်သွားလိုက်ဖြစ်နေရာ အိမ်ရှင်တို့မအိပ်သေးသည်မှာ သေချာလှသည်။

လူရဲက လွယ်အိတ်ကို စလွယ်သိုင်း ပြင်လွယ်လိုက်ပြီး သစ်သားလှေကားအတိုင်း တက်လာခဲ့တော့၏။

သူက အိမ်ပေါ်ကပြင်သို့ရောက်လေလျှင် တံခါးဝဆီ





ချဉ်းကပ်သွားပြီး တံခါးရွက်ကို လက်ဖြင့်ပုတ်လိုက်လေသည်။

'ဘုံး ဘုံး'

"ဂျာဘောက် ဂျာဘောက်"

သူက ခပ်တိုးတိုးခေါ်လိုက်ရာ ခဏအကြာတွင် ခြေသံကြားရပြီး . . .

"ဘယ်သူလဲ"

ဟူသော မိန်းကလေးတစ်ဦး၏အသံကို ကြားလိုက်ရလေသည်။

"ဂျာဘောက် . . . ငါပါဟ၊ လူရဲပါ"

"ဟင် . . . လူရဲ ဟုတ်လား"

မင်းတုံးဖြုတ်သံကြားလိုက်ရပြီးနောက် တံခါးချပ်ကချက်ချင်းပွင့်သွားတော့သည်။

တံခါးဝဝယ် မီးရောင်ကို ကျောခိုင်းရပ်နေသည့် မိန်းကလေးတစ်ဦးအား တွေ့ရ၏။

ရုတ်တရက် သူမ၏မျက်နှာကို သဲကွဲစွာမမြင်ရသည့်တိုင် မီးရောင်လာဟပ်နေသည့် လူရဲ၏မျက်နှာကိုမူ သူမက ကောင်းစွာတွေ့ရှိသွားတော့၏။

"လူ လူရဲ ဟယ် . . . နင်ပြန်လာပြီနော်၊ ငါ ဝမ်းသာလိုက်တာဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ် ဂျာဘောက်၊ ဒီရောက်ရောက်ချင်း နင့်ဆီတန်းလာခဲ့တာဟ"

"နင် တစ်ယောက်တည်းလား၊ ကဲ ကဲ ... လာ အထဲဝင်"

မှန်အိမ်လေးတစ်လုံးထွန်းထားသည့်အိမ်ထဲ သူလှမ်းဝင်လိုက်သည့်တွင် အိမ်ရှေ့ခန်းအလယ်၌ ခင်းထားသည့်ဖျာတစ်ချပ်ပေါ်တွင် ထိုင်နေသည့် ဂျာဘောက်၏အဒေါ် ဒေါ်ဘူခွဲကို တွေ့ရသည်။

"ဒေါ်လေး ... နေကောင်းတယ်နော်"

"အေး အေး ... ကောင်းပါရဲ့ကွယ်၊ မင်းပြန်လာနိုင်ပြီပဲ တော်ပါသေးရဲ့ကွယ်"

"ဟုတ်တယ် ဒေါ်လေးရဲ့၊ သူ့ကို နာဂတောင်တန်းတွေဆီ လိုက်မသွားနဲ့လို့ တားတဲ့ကြားက လိုက်သွားတာလေ၊ သူ့မိဘတွေက သေပြီတောင်ထင်ထားတာ"

"သြော် ဂျာဘောက်ရယ် ... သတ္တဝါတစ်ခု ကံတစ်ခုပေါ့၊ ကဲ ကဲ ... လာထိုင် ငါ့တူ၊ ညကြီးမင်းကြီး ရောက်လာရတယ်လို့၊ ထမင်းရောစားပြီးရဲ့လားကွဲ့"

"မစားရသေးပါဘူး ဒေါ်လေးရယ်၊ ကျွန်တော် တောင်ပေါ်ကတစ်ဆင့် ချင်းတွင်းမြစ်အတိုင်း ဖောင်နဲ့ မျှောလာခဲ့တာ





ဒေါ်လေးရဲ့"

"ကဲ ကဲ တူမလေး ... နင့်သူငယ်ချင်းကို ထမင်းခူးကျွေးလိုက်"

ဒေါ်ဘူခွဲက သဒ္ဓါတရားပြည့်သလောက် ဂျာဘောက်ကမူ လူရဲကို မျက်စောင်းလေးခဲကာ ...

"ဟွန်း ... အစကတည်းက မလိုက်သွားပါနဲ့ပြောတာမရဘူး၊ ခုတော့ ဝတ်ပြတ်လာပြီပေါ့"

ဟု နှုတ်ခမ်းပါးပါးလေးချွန်နေအောင်စူပြီး ပြောလိုက်ရာ ဒေါ်ဘူခွဲက ဟန့်ရ၏။

"ဟယ် ... ကောင်မလေးက ကိုယ့်သူငယ်ချင်းကို ဒီလိုပဲပြောရသလား၊ ကဲ ကဲ ... ထမင်းသွားခူးချေ"

ထိုအခါမှ ဂျာဘောက်က ပြုံးလိုက်ကာ ထိုင်ရာမှထပြီး အိမ်နောက်ဘက်ပိုင်းသို့ အပြေးလေး ဝင်သွားလေသည်။

ဒေါ်ဘူခွဲက ပြတင်းတံခါးကို ထပိတ်စဉ် လူရဲက နောက်ဖေးခန်းသို့ ဝင်လိုက်သွားပြီး ဂျာဘောက် ထမင်းခူးနေစဉ် လူရဲက အနားမှာထိုင်လိုက်ကာ သူသိချင်လွန်းသည့် မေးခွန်းကို မေးလိုက်လေသည်။

"ဂျာဘောက် ... ငါ့ရဲ့အဖေ ဒီဟုမ္မလင်းကို ဘေးမသီရန်မခဘဲ ပြန်ရောက်လာတာ သေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်ဟ ... ကုန်သည်ကြီးဦးအောင်မြတ်ရော၊ ဆရာဦးခက်ပန်ပါ ပြန်ရောက်နေပြီ၊ နင့်အဖေကတော့ မြို့ပိုင်အလုပ်ကို စိတ်ကုန်သွားလို့ အရေးပိုင်ကြီးဆီ အလုပ်ထွက်စာ တင်ထားတယ်လို့ပြောတယ်၊ အလုပ်ကထွက်ပြီး အမျိုးတွေရှိရာ တောင်တွင်းကြီးကို ပြောင်းတော့မလိုလို ကြားရတယ်ဟ"

"ဒါထက် ... ခွန်ရာဇာရော ဒီမြို့ကို ပြန်ရောက်လာသလား"

"ဪ ... အေး၊ အဲဒီကောင်ပြန်ရောက်နေပြီဟ၊ သူ့ကို ဒီမနက်ပဲ နယ်ပိုင်ကြီးရဲ့အိမ်ခြံဝင်းထဲမှာ လှမ်းတွေ့လိုက်ရတယ်ဟ"

"အဲဒီကောင် သစ္စာသိပ်မဲ့တယ် ဂျာဘောက်"

"ဟင် ... ဘာဖြစ်လို့လဲ လူရဲ"

"အဲဒီကောင်ဟာ တိုင်းရင်းသားတွေပိုင်တဲ့ ရှေးဟောင်းရတနာထည်တွေကို လစ်ပြေးသွားတယ်ဟ၊ ကူကီးချင်းတွေရော နာဂတွေပါ လုံးဝမကျေနပ်ဘူး၊ အခု နာဂတောင်တန်းမှာ တိုက်ပွဲတွေ တရစပ်ဖြစ်နေလို့ သက်သာတယ်မှတ်၊ တိုက်ပွဲတွေငြိမ်းသွားရင်တော့ အဲဒီကိစ္စကို ပြန်ဖော်ထုတ်မှာစိုးရတယ်ဟ၊ ဒါကြောင့် တတ်နိုင်ရင် အဲဒီရတနာတွေကို နာဂတောင်ပေါ်က မျိုးနွယ်စုတွေရဲ့လက်ထဲ ပြန်ပေးလိုက်ချင်တယ်ဟာ၊ ဒါကြောင့်





အခု ထမင်းစားပြီးတာနဲ့ နယ်ပိုင်ကြီးရဲ့အိမ်ဆီသွားမယ်"

"ဟဲ့ ... ဘာလုပ်မလို့လဲ"

"ငါ ခွန်ရာဇာနဲ့ စာရင်းရှင်းစရာရှိတယ် ဂျာဘောက်"

ဂျာဘောက်က သက်ပြင်းချသည်။

"အင်း ... နင်ဟာ တားလည်းသွားမယ့်ကောင်၊ ဘာပဲဖြစ်ဖြစ် ထမင်းတော့ ဝအောင်စားသွား"

လူရဲက အိမ်ရှေ့ခန်းမှာပင် ဂျာဘောက်ထည့်ပေးသည့် ထမင်းနှင့် နွားနောက်သားဆီပြန်ဟင်းကို အားပါးတရ လွေးလေသည်။

ပြီးလျှင် ဂျာဘောက်တို့တူဝရီးကို ကျေးဇူးတင်စကား ပြောရင်း နှုတ်ဆက်ကာ အိမ်ပေါ်မှ ဆင်းသွားပါတော့သတည်း။

*

ဆောင်းနှောင်းညသည် အေးစက်တိတ်ဆိတ်လျက်ရှိချေ၏။ လမိုက်ညမို့လည်း ဝန်းကျင်အနှံ့အပြားတွင် အမှောင်ကထုနှင့်ထည်နှင့် လွှမ်းမိုးလျက်ရှိလေသည်။

မြို့လယ်ပိုင်းမကျတကျအရပ်တွင် အုတ်တံတိုင်းခတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ခြံဝင်းကျယ်ကြီးတစ်ခြံရှိပြီး ယင်းခြံကြီးထဲရှိ တိုက်ခံနှစ်ထပ်အိမ်ကြီး၏အောက်ထပ်တစ်ခုလုံးမှာ မီးရောင်ကင်းမဲ့လျက်ရှိသော်လည်း အပေါ်ထပ်ရှိ ပြတင်းပေါက်အချို့ကို ဖွင့်ထားကာ ယင်းပြတင်းတံခါးဝတို့မှ မီးရောင်အလင်းတို့ အိမ်ပြင်သို့ ဖြာထွက်လျက်ရှိလေသည်။

စတွန်းကင်းမီးအိမ်များ ထွန်းညှိထားသည့် အိမ်ပေါ်ထပ်ရှိ အထူးဧည့်ခန်းမကြီးထဲတွင် နယ်ပိုင်ဝန်ထောက်မင်း မစ္စတာစပါးရှားနှင့် သူ၏သားဖြစ်သူ ဂျက်ဖရီတင်အုန်းတို့က ခွန်ရာဇာနှင့် မျက်နှာချင်းဆိုင်ရှိ ကြိမ်ကုလားထိုင်တွင် ထိုင်နေကြ၏။

သူတို့သုံးဦးသည် တစ်စုံတစ်ရာကို အချေအတင်ဆွေးနွေးတိုင်ပင်လျက်ရှိလေသည်။

သူတို့သုံးဦးတွင် နယ်ပိုင်ဝန်ထောက်မင်းကြီး မစ္စတာစပါးရှား (ခေါ်) ဦးတင်အုန်း၏မျက်နှာကြီးမှာ ဒေါသသွေးဖြင့် စွေးစွေးနီလျက်ရှိလေသည်။

သူက အလယ်ရှိစားပွဲပုလေး၏မျက်နှာပြင်ကို လက်သီးဆုပ်ဖြင့် အားပါးတရ ထုလိုက်လေ၏။

"ဒုန်း"

"ဘာကွ ခွန်ရာဇာ၊ အဲဒီရတနာထည်တွေကို မင်းက ထက်ဝက်ရယူမယ် ဟုတ်လား"





"ဟုတ်တယ်လေဗျာ၊ အမှန်က ဒီရတနာထည်တွေကို ရယူဖို့ကိစ္စ ခင်ဗျားတို့ရဲ့အစီအစဉ်ထဲမှာမပါဘူး။ ဒါ ကျုပ်ဘာသာ စွန့်စားပြီးယူလာခဲ့တာဗျ"

"ဟေ့လူ ... ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်နေဆဲကာလမှာ ဖြစ်ပျက်သမျှ ကျုပ်တို့နဲ့ ဆိုင်တယ် သိရဲ့လား"

ဂျက်ဖရီတင်အုန်းက လေသံမာမာဖြင့် ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ပြီး သူက ဆက်ပြော၏။

"ပြီးတော့ ... ခင်ဗျားဟာ ကျုပ်ပေးတဲ့စရန်ငွေငါးထောင်ကိုယူပြီး ကျုပ်ခိုင်းတဲ့အလုပ်ကို အောင်မြင်အောင် မလုပ်နိုင်ခဲ့ဘူး မဟုတ်လား၊ လူရဲကို သေအောင်မသတ်နိုင်ခဲ့ဘူး"

"ငါလည်း အပိုင်လုပ်ကြတာပဲကွ၊ အဲဒီကောင်ကို ကြိုးကွင်းနဲ့ ပစ်စွပ်ပြီး ချောက်ထဲဆွဲချသတ်ခဲ့တာပဲ၊ အဲဒီကောင်ကိုက အသက်ပြင်းပြီး မသေခဲ့တာ"

"အေးလေ ... အဲဒါကိုက ခင်ဗျားတာဝန်မကျေတာဘဲ၊ ဒီတော့ ဟောဒီရတနာထည်တွေကို ခင်ဗျားမရထိုက်ဘူး၊ ကျုပ်တို့ပေးထားတဲ့ စရန်ငွေကို ခင်ဗျားပြန်မအမ်းနိုင်တဲ့အတွက် ဒီရတနာထည်တွေကို ကျုပ်တို့ သိမ်းရမယ်"

ခွန်ရာဇာသည် ဒေါသထောင်းခနဲထွက်ကာ ထိုင်ရာမှ



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲထလိုက်လေသည်။ ပြီးတော့ ဂျက်ဖရီအား လက်ညှိုး ငေါက်ငေါက်ထိုးကာ ခက်ထန်စွာပြောလိုက်၏။

"ဒီမှာ ဂျက်ဖရီ . . . မင်းတို့ အဲဒီလောက်တော့ မတရား မလုပ်နဲ့၊ ငါလည်း အသက်နဲ့ရင်းပြီး ဒီအလုပ်ကိုလုပ်ခဲ့ရတာ ကံကောင်းလို့အသတ်ခံရတော့မလို့၊ ပြီးတော့ . . . ငါဟာ ကြေး စားလူသတ်တဲ့အလုပ်ကိုလုပ်နေပေမယ့် သစ္စာဘယ်တော့မှ မဖဲ့ ဘူး။ သစ္စာမဖဲ့လို့လည်း ဒီရတနာတွေကို မင်းတို့ဆီယူလာပြီး အကျိုးအကြောင်း အမှန်အတိုင်းပြောပြရတာပဲ၊ ငါ့ကို ထက်ဝက် ခွဲပေးပါ၊ ထုခွဲရောင်းချပေးပါ၊ ပြီးရင် အောက်ပြည်အောက်ရွာ ဘက် သွားတော့မယ်"

ဤတွင် နယ်ပိုင်ဝန်ထောက်မင်းကြီး မစ္စတာစပါးရှားက ယတိပြတ်ပြောလိုက်တော့၏။

"ကဲ ဒီမှာခွန်ရာဇာ . . . မင်းဟာ စရန်ငွေယူပြီး တာဝန် ကို ကျေပွန်အောင် မထမ်းရွက်နိုင်ခဲ့ဘူး၊ ဒါကြောင့် မင်းမှာလည်း အပြစ်မကင်းဘူး၊ ဒီတော့ မင်းကို ငွေတစ်သောင်းထပ်ပေးလိုက် မယ်၊ ကျေနပ်တော့၊ ဒီရတနာတွေကိုတော့ ငါတို့သားအဖ သိမ်း လိုက်မယ်၊ ဒါကိုမှ မကျေနပ်ရင်တော့ မြစ်ကြီးနားမှာ ကျောက် ကုန်သည်ဦးခက်ထိန်ကို မင်းသတ်ခဲ့တဲ့အမှုကို ပြန်ဖော်ပြီး မင်းကို ဖမ်းခိုင်းလိုက်မယ်"





မစ္စတာစပါးရှားက စားပွဲပုလေးပေါ်တင်ထားသည့် ကတ္တီပါအညိုရောင်အထုပ်လေးအား ဆွဲယူကာ ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစဉ်မှာပင် မထင်မှတ်ထားသောအဖြစ်အပျက်က ရုတ် ခြည်း ဖြစ်ပေါ်လာ၏။

ယင်းဖြစ်ရပ်သည်ကား အောက်ထပ်သို့ဆင်းသည့် လှေ ကားမှ လူရိပ်တစ်ခု လွှားခနဲ ခုန်တက်လာခြင်းဖြစ်သည်။

"ဟင်"

"ဟာ"

ထိုလူရိပ်သည်ကား လူရဲပင်ဖြစ်ပါ၏။

"ဟင် . . . မင်း မင်း"

"လူရဲ . . . လူရဲပါလား"

"ဟား ဟား ဟား . . . သိပ်ဟုတ်တာပေါ့၊ လက်စသတ် တော့ ခင်များတို့သုံးယောက်ပေါင်းပြီး ကျုပ်ကို လုပ်ကြဖို့ ကြံစည်စား ခဲ့တာပေါ့ . . . ဟုတ်တယ်မဟုတ်လား နယ်ပိုင်ကြီးရဲ့"

ဤတွင် ဂျက်ဖရီတင်အုန်းသည် ထိုင်ရာမှ ဝုန်းခနဲထရပ် လိုက်ပြီး ကုတ်အင်္ကျီအိတ်ထဲမှ ပစ္စတိုကို လျှပ်တစ်ပြက်ထုတ်ကာ လူရဲအား ချိန်လိုက်တော့၏။

"အေး . . . ဟုတ်တယ် လူရဲ၊ မင်းကို ငါသတ်ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာပြီ . . . သိရဲ့လား၊ မင်းကြောင့် ငါဟာ ဂျာဘောက်ရဲ့ အချစ်ကို မရတာဘဲ၊ ဒါကြောင့် မင်းတို့ ခရီးထွက်မယ့်အထဲမှာ ခွန်ရာဇာကို ငါတို့သားအဖတိုင်ပင်ပြီး ထည့်ပေးလိုက်တာပဲ''

ယင်းအချိန်ဝယ် နယ်ပိုင်ကြီးမစ္စတာစပါးရှားက ထိုင်ရာမှထကာ နံရံ၌ ချိတ်ဆွဲထားသည့် လုံတံတစ်ချောင်းကို ဖြုတ်ယူလိုက်သလို ခွန်ရာဇာကလည်း နံရံတွင်ချိတ်ထားသော ဓားရှည်တစ်လက်ကို ဖြုတ်ယူကာ လူရဲကို ဝိုင်းထားလိုက်လေသည်။

လက်ထဲတွင် ရှမ်းဓားမြှောင်တစ်ချောင်းသာ ကိုင်ဆွဲထားသည့် လူရဲက သူတို့ကို မမှုသလိုကြည့်ရင်း ပမာမခန့် ပြုံးလိုက်လေသည်။

''တော်တော် အကြံပက်စက်တဲ့ဟာတွေ၊ အေး . . . ဘာပဲဖြစ်ဖြစ် သွေးထွက်သံယို မဖြစ်စေချင်ရင် တိုင်းရင်းသားတွေဆီက လုယူခဲ့တဲ့ရတနာထုပ် ပြန်ပေးပါ၊ သူတို့ရဲ့နတ်ဆရာကြီးကို သတ်ပြီး သူတို့မြတ်နိုးလှတဲ့ ရှေးဟောင်းရတနာတွေ ယူငင်သွားလို့ သူတို့ ဒေါသူပုန်ထနေပြီ၊ ဒါတွေကို ပြန်မပေးရင် ရန်စမီးဟာ ငြိမ်းမှာမဟုတ်ဘူး၊ နှစ်ပေါင်းများစွာ မီးခိုးကြွက်လျှောက် လိုက်လာလိမ့်မယ်၊ ဒါကြောင့် အဲဒီရတနာတွေကို ပြန်ပေးမှဖြစ်မယ်၊ အဲဒီရတနာထုပ် ကျုပ်ကိုပေးပါ''

''အေး . . . ရတနာထုပ်တော့ မရဘူး၊ ဒါပဲရမယ်''





မစ္စတာစပါးရှားက အော်ဟစ်ပြောလိုက်ရင်း လက်ထဲမှ လုံတံကြီးဖြင့် လူရဲကိုပစ်ထိုးချလိုက်တော့၏။

'ဝှီး'

'ချွင်'

လူရဲက ရှမ်းဓားမြှောင်ဖြင့် ပြေးဝင်လာသည့်လုံသွားကို ခပ်ထုတ်လိုက်စဉ် ဂျက်ဖရီက သေနတ်ဖြင့် ထိုးချိန်ကာ ပစ်ထည့်လိုက်တော့သည်။

'ဒိုင်း'

သို့သော် လူရဲက လျင်မြန်စွာ ငုံ့ရှောင်လိုက်စဉ် ခွန်ရာဇာက ဓားဖြင့် လူရဲကို ပိုင်းချလိုက်၏။

လူရဲက ထိုဓားချက်ကိုလည်း ဓားမြှောင်ဖြင့် ခတ်ထုတ်လိုက်စဉ် မစ္စတာစပါးရှားက လုံတံဖြင့် လူရဲ၏ကျောပြင်ကို အားကုန်ပစ်စိုက်ထည့်လိုက်တော့သည်။

ယင်းအချိန်မှာပင် ခွန်ရာဇာကလည်း လူရဲအား ဓားရှည်ဖြင့် စလွယ်သိုင်းပိုင်းချလိုက်ရာ မစ္စတာစပါးရှားနှင့် ခွန်ရာဇာတို့၏ လှုပ်ရှားမှုက တစ်ပြိုင်နက်လိုလို ဖြစ်သွားတော့၏။

လူရဲက လုစ်ခနဲ နံဘေးသို့ ခုန်ထွက်ရှောင်လိုက်ရင်း သူ့ကို ပစ္စတိုဖြင့်ထပ်ပစ်ရန် ချိန်ရွယ်လိုက်သည့် ဂျက်ဖရီဆီသို့ ဓားမြှောင်ကို ပစ်လွှတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝိုး'

'ရွပ်'

'ဝှစ်'

'ရွပ်'

"အား"

"အီး"

လှူရဲပစ်လွှတ်လိုက်သောဓားမြှောင်က ဂျက်ဖရီ၏ရင်ဝသို့ စိုက်ဝင်သွားသလို နယ်ပိုင်ကြီး မစ္စတာစပါးရှားထိုးလိုက်သည့် လှံချက်က ခွန်ရာဇာ၏ဝမ်းဗိုက်ထဲ စူးဝင်သွားတော့၏။ တစ်ချိန်တည်းမှာပင် ခွန်ရာဇာစလွယ်သိုင်းခုတ်ချလိုက်သည့် ဓားရှည်က ရှေ့သို့ကျုံ့ဝင်လာသော မစ္စတာစပါးရှား၏ဖက်ကို ပိုင်းဖြတ်ချလိုက်တော့သည်။

ထို့ကြောင့် အော်ဟစ်ညည်းညူသံများ ထွက်ပေါ်သွားပြီး သွေးသံရဲရဲဖြင့် ကြမ်းပြင်ပေါ်သို့ တဝုန်းဝုန်း ပစ်လဲကျသွားကြတော့၏။

သေနတ်သံ၊ အော်ဟစ်ညည်းညူသံများကြောင့် ဝန်းကျင်ရှိ အိမ်များမှ မီးရောင်များလင်းလက်လာကာ လူအချို့ထွက်လာကြ၏။

နယ်ပိုင်ကြီး၏စံအိမ်တော်မှ ဝန်ထမ်းတို့လည်း လန့်နိုး





ကာ အိမ်ပေါ်ထပ်သို့ ပြေးတက်လာကြပြီ။

လှူရဲသည် ရတနာထုပ်ကို ဖျတ်ခနဲကောက်ယူလိုက်ပြီး အိမ်နောက်ဘက်သို့ ပြေးသွားကာ နောက်ဖေးတံခါးဖွင့်လိုက်လျက် အရေးပေါ် သံကြောင်လိမ်လှေကားမှ ဆင်းသွားပါတော့သတည်း။

✻

ဆောင်းနှောင်းနှင်းတို့ ထူထပ်စွာကျနေသဖြင့် ဝေလီဝေလင်းအချိန်ဝယ် ရှေ့ကို တစ်လံနှစ်လံထက် ပိုမမြင်နိုင်ချေ။

ဂျာဘောက်တို့ခြံရှေ့၌ လှူရဲသည် ရိက္ခာခြောက်များထည့်ထားသည့် ရှမ်းလွယ်အိတ်ကြီးကို စလွယ်သိုင်းလွယ်ထားလျက်မှ သူငယ်ချင်းဖြစ်သူ ဂျာဘောက်ကို နှုတ်ဆက်စကားဆိုနေသည်။

"ဂျာဘောက် ... ငါ ရေးထားတဲ့စာကို ငါ့ရဲ့မိဘတွေဆီ သေချာသွားပို့ပေးနော်"

"အေးပါ ... စိတ်ချပါလှူရဲရယ်၊ နင်လည်း ဂရုစိုက်ဦး"

"ငါ့အတွက် စိတ်မပူပါနဲ့၊ နင့်ကိုငါကြုံခဲ့သမျှ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ပြောပြပြီးပြီပဲ၊ ရတနာထုပ်ကို ငါမဖြစ်မနေ သွားပြန်ပို့ပေးရမယ်၊ ပြီးတော့ အတိဒုက္ခရောက်နေတဲ့ တိုင်းရင်းသားညီအစ်ကိုတွေကို တတ်နိုင်သမျှ ကူညီရမယ်၊ အဲဒီအတွက် နာဂတောင်တန်းကြီးပေါ် ငါပြန်မှဖြစ်မယ်လေ ဂျာဘောက်ရယ်''

''အေးပါ ... ဟုတ်ပါတယ်၊ ကူကီးချင်းမလေးဆီလည်း မပြန်မဖြစ် ပြန်ရမှာမဟုတ်လား''


ပြုံးလျက် ခနဲ့တဲ့တဲ့ပြောလိုက်သည့် သူငယ်ချင်းမလေး၏ နဖူးဝင်းဝင်းလေးကို လူရဲက လက်သီးဆုပ်ဖြင့် ခပ်ဖွဖွလေး ထုလိုက်ရင်း ...

''ကဲ ... ငါသွားမယ်နော် ဂျာဘောက်၊ ငါတို့သူငယ်ချင်းတွေ ကံမကုန်ရင် တစ်နေ့ပြန်ဆုံတာပေါ့ဟာ''

ဟု နှုတ်ဆက်စကားဆိုလိုက်ပြီးနောက် ကျောခိုင်းထွက်ခွာသွားရာ နှင်းလွှာထုထဲတွင်ပျောက်ကွယ်သွားပါတော့သတည်း။

* * *





## ချစ်ဆည်းဆာ

''အင်း ... ဂျာဝမ်းတို့ တိုင်းရင်းသားမျိုးနွယ်တွေရဲ့ ရတနာ ငါပြန်ယူလာနိုင်ပြီ၊ တိုင်းရင်းသားစစ်သည်တွေအတွက် လက်နက်တွေ ရယူပေးဖို့ပဲ ကျန်တော့တယ်''

နာဂတောင်တန်းကြီးပေါ်သို့ ကောင်းဟိန်းဘက်မှ ပတ်တက်ခဲ့သည့်လူရဲမှာ တောတောင်လျှိုမြောင်တို့ကို သုံးရက်လုံးလုံး ဖြတ်ကျော်လာပြီးလျှင်မှ တိုက်ပွဲဖြစ်ပွားလျက်ရှိသည့် တောင်ကြောအနီးသို့ ရောက်ရှိသွားပါတော့၏။

သေနတ်သံများကြားရသည့် တောင်ခြေသို့အရောက်တွင် လူရဲသည် လွယ်လာသော လွယ်အိတ်ကို ချုံများကြားသို့



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ပစ်လိုက်ပြီး ရတနာထုပ်ကို ခါးတွင်ချိတ်ဆွဲကာ အပေါ်မှ အင်္ကျီဖြင့် ဖုံးထားလိုက်၏။

ထို့နောက် ရေစပ်စပ်သာရှိသော ချောင်းခြောက်လေး၏ ချောင်းရိုးအတိုင်း တစ်နေကုန်လျှောက်လှမ်းလာခဲ့ရာ သေနတ်သံများကို ပိုမိုကျယ်လောင်စွာကြားလာရပြီး ညနေစောင်းလုလုတွင် ချောင်းကွေ့တစ်ခုမှထွက်လာကြသည့် ဂေါ်ရခါးစစ်သည် တစ်စုနှင့် ပက်ပင်းဆုံတော့၏။

ယင်းဂေါ်ရခါးတပ်စုကိုဦးဆောင်လာသူမှာ မျက်နှာဖြူ စစ်ဗိုလ် လမ်းဘတ်ဖြစ်ပြီး ကပ္ပတိန်လမ်းဘတ်မှာ ဟူမွလင်းမြို့၏ မြို့ပိုင်ရုံးသို့ မကြာခဏ လာဖူးသဖြင့် လူရဲ၏ဖခင် မြို့ပိုင်မင်းဦးလူအေးနှင့်ရင်းနှီးသူဖြစ်၏။ သူက လူရဲကိုလည်း ကောင်းစွာ သိသူဖြစ်သည်။

"ဟာ . . . လူရဲ လူရဲပါလား"

"ဟင် . . . ကပ္ပတိန်ဝမ်း၊ ဝမ်းသာလိုက်တာဗျာ၊ ကျွန် ကျွန်တော် ဒီတောတောင်ထဲမှာမျက်စိလည်နေတာ ရက်အတော် ကြာပြီဗျ"

"ဟုတ်တယ်၊ မြို့ပိုင်ကြီးပြောလို့ သိပြီးပြီ။ ဒါကြောင့် စစ်ဆင်ရေးလုပ်ရင်း လူရဲကို လိုက်ရှာပေးနေတာ၊ ခုတော့ မမျှော်လင့်ဘဲ ပြန်တွေ့ရပြီပေါ့၊ ကဲ . . . လာ လာ . . . ကျုပ်တို့ စစ်





စခန်းချထားရာဆီ လိုက်ခဲ့ပေတော့"

ကပ္ပတိန်လမ်းဘတ်က လူရဲကို ဝမ်းသာအားရ နှုတ်ဆက်စကားဆိုပြီး သူတို့တပ်ဖွဲ့စခန်းချထားရာဆီသို့ ခေါ်သွားတော့၏။

စမ်းချောင်းလေးတစ်ခု စီးဆင်းနေသည့် တောင်ခြေမှ ယာယီတပ်စခန်းသို့အရောက်တွင် ကပ္ပတိန်လမ်းဘတ်က လူရဲကို သူ၏ ရွက်ဖျင်တဲမှာပင် နားနေစေ၏။

"ဒီညနေတော့ အချိန်မရှိတော့ဘူး၊ မနက်ကျမှ နောက်တန်းစခန်းဆီ တပ်စိတ်တစ်စိတ်နဲ့အတူ ပို့ပေးမယ်၊ ဒီမှာ လွတ်လွတ်လပ်လပ်သာနေ လူရဲ"

"ကျေးဇူးပါပဲ ကပ္ပတိန်"

ကပ္ပတိန်လမ်းဘတ်က မျက်နှာဖြူလက်ဖနင်တင် ဗိုလ်လေးတစ်ဦးကို လူရဲအားစောင့်ရှောက်ကူညီမှုပြုရန် မှာကြားပြီးနောက် တိုက်ပွဲများဖြစ်ပွားရာဆီသို့ သူ့တပ်ဖွဲ့နှင့်အတူ ထွက်ခွာသွားပါတော့၏။

ယာယီတပ်စခန်းမှာ ကျယ်ပြန့်လှသဖြင့် ညစာစားသောက်ပြီးနောက် လူရဲက တပ်စခန်းသို့ ပတ်လျက် လျှောက်ကြည့်ရာ မျက်နှာဖြူလက်ဖနင်တင်ဗိုလ်လေး ဖရက်ဒီလည်း အတူလိုက်ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းလက်ဖနင်တင်ဗိုလ်လေး ဖရက်ဒီက လူရဲကို မြို့ပိုင်မင်း၏သားမှန်း သိထားသဖြင့် အတော်လေးဂရုစိုက်ကာ လူရဲသိလိုရာကို မဆိုင်းမတွ ဖြေကြားပေးလေသည်။

ထို့ကြောင့်လည်း စခန်း၏တောင်ဘက်စွန်းနားရှိ ရွက်ဖျင်တဲကြီးမှာ လက်နက်ခဲယမ်းမီးကျောက်များထားရှိသည့်နေရာမှန်း လူရဲသိသွားတော့၏။

ညက မှောင်လာသည့်တိုင် ကပ္ပတိန်လမ်းဘတ်မှာ စခန်းသို့ ပြန်မလာချေ။ လူရဲတစ်ဦးတည်း ကပ္ပတိန်၏ ရွက်ဖျင်တဲထဲတွင် လွတ်လပ်စွာ အိပ်စက်ရလေသည်။

သူက ဘာဘူစောင်တစ်ထည်ကိုခင်းကာ စစ်စောင်တစ်ထည်ခြုံပြီး ညဦးပိုင်းတွင် တစ်ရေးအိပ်စက်လိုက်လေသည်။

ညဉ့်သန်းခေါင်ကျော်ခန့်တွင် လူရဲနိုးလာတော့၏။ ညသည် တိတ်ဆိတ်လျက်ရှိပြီး ဆီးနှင်းပေါက်တို့က ရွက်ဖျင်တဲ၏အမိုးပေါ် တဖြောက်ဖြောက်ကျနေသည်။

လူရဲက လက်နှိပ်ဓာတ်မီးတစ်လက်ကိုယူကာ ရွက်ဖျင်တဲထဲမှ ထွက်လိုက်ပြီးနောက် တိတ်ဆိတ်ငြိမ်သက်နေသော အခြားရွက်ဖျင်တဲတို့အကြားရှိ မှောင်ရိပ်များကိုခိုလျက် ခြေဖော့နင်းလာခဲ့တော့သည်။

ရွက်ဖျင်တဲတို့ကြားမှ အချို့သောလမ်းကြားတို့တွင် ကင်း





သမားတို့ရှိနေသဖြင့် လေးဖက်ထောက်ကာ မှောင်ရိပ်တို့ခိုပြီး တပ်စခန်း၏တောင်ဘက်သို့ သတိကြီးစွာထားလျက် လာခဲ့ရလေသည်။

တပ်စခန်း၏တောင်ဘက်စွန်းအနီးရှိ ခဲယမ်းမီးကျောက်များ သိမ်းဆည်းထားရှိရာ ရွက်ဖျင်တဲကြီးအနီးသို့အရောက်တွင် ကင်းသမားတို့ကို တွေ့ရသဖြင့် မှောင်ရိပ်ထဲမှ အသာစောင့်ကြည့်ရသေး၏။

အရက်မူးနေဟန်ရှိသည့် ကင်းသမားသုံးယောက်က မီးဖိုတစ်ခုကို ဝိုင်းပတ်လျက် ငိုက်မျဉ်းနေရာ လူရဲက သူတို့နှင့် ခပ်လှမ်းလှမ်းမှ လေးဖက်တွားကာ တိတ်တဆိတ်ဖြတ်သန်းသွားပြီး ရွက်ဖျင်တဲကြီးအနီးသို့ ချဉ်းကပ်လိုက်တော့၏။

ထို့နောက် သူသည် ရွက်ဖျင်တဲအတွင်းသို့ မိကျောင်းတွား တွားကာ ဝင်ရောက်လိုက်ပြီး အတွင်းရှိကျည်ဆန်သေတ္တာကြီးများ၊ စက်သေနတ်များ၊ ရိုင်ဖယ်များ၊ ကျည်ဘူးများကို လက်နှိပ်ဓာတ်မီးခပ်အုပ်အုပ်ထွန်းလျက် လေ့လာကြည့်ရှုလိုက်လေသည်။

သူသည် စက်သေနတ်သုံးလက်ကို စလွယ်သိုင်းလွယ်လိုက်ပြီး ကျည်ဆန်အတွဲများကိုပါ လွယ်လိုက်ကာ ရွက်ဖျင်တဲထဲမှ လေးဖက်ထောက်ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မှ သူသည် သံဆူးကြိုးများကာရံထားသည့် စခန်းဝင်းထဲမှ လေးဖက်ထောက်ကာ မှောင်ရိပ်ခိုလျက် ထွက်ခဲ့ပါတော့သတည်း။

❋

စက်သေနတ်တို့ကို ရရှိလာခဲ့သည့် လူရဲသည် အင်္ဂလိပ်စစ်တပ်စခန်းမှ ဝေးသည်ထက်ဝေးရာသို့ လက်နှိပ်ဓာတ်မီး၏ အခင်းရောင်ကို အားပြုလျက် မရပ်မနားခရီးနှင်ခဲ့ရာ မိုးလင်းလုလုတွင် တောင်ကြောတစ်ခု၏ထိပ်ပေါ်သို့ ရောက်ရှိသွားတော့၏။

သူသည် အောက်ခြေရှင်းသည့် သစ်အယ်ပင်ကြီး တစ်ပင်၏ခြေရင်း၌ ခေတ္တထိုင်နားလိုက်ရာ မေးခနဲ အိပ်ပျော်သွားလေသည်။

မိုးလင်းပြီးနေထွက်လာမှ ဖျတ်ခနဲနိုးပြီးနောက်တွင် ကပ္ပတိန်လမ်းဘတ်၏ ရွက်ဖျင်တဲထဲမှ ယူလာသည့် ကိတ်ခြောက်များကို စားကာ ရေဘူးထဲမှရေကို မော့သောက်လိုက်၏။

ထို့နောက် မရပ်မနားခရီးဆက်ပြန်ရာ မကြာမီပင် ထင်





ဖက်တောင်ကြောမှ သေနတ်ပစ်ခတ်သံများ ကြားလာရတော့သည်။

သူသည် သေနတ်သံတို့နှင့်ဝေးရာ တောင်ကြောအတိုင်း ကွေ့ပတ်လာခဲ့ရာ ညနေစောင်းလုလုတွင် ဒုံမားရွာတည်ရှိရာ တောင်ကြောအနီးသို့ ရောက်ရှိလာတော့၏။

ခရီးပန်းလှသဖြင့် တောင်ခြေစမ်းချောင်းအနီးရှိ ကျောက်တုံးကြီးတစ်တုံးကို ကျောမှီလျက် ထိုင်နားလိုက်သည့်အခိုက် ငိုက်မျဉ်းကာ အိပ်ပျော်သွားပါတော့သည်။

လူသံသူသံလိုလို နားထဲကြားလာရသဖြင့် လူရဲ ဖျတ်ခနဲ လန့်နိုးလာသည်တွင် တိုင်းရင်းသားစစ်သည်လေးငါးယောက်က သူ့ကို လှံတံများဖြင့်ချိန်လျက် ဝိုင်းထားသည်ကို တွေ့ရတော့၏။

သူက ထိုင်ရာမှမထသေးဘဲ လက်ကာလျက် တစ်စုံတစ်ရာပြောမည်ပြုစဉ် တောင်ကြားလမ်းထဲမှ လူအုပ်စုတစ်စု ကသုတ်ကယက် လှမ်းထွက်လာသည်ကို တွေ့ရလေသည်။

ထိုလူစုကို ဦးဆောင်လာသည်က ဒုံမားစော်ဘွားကြီး ရမ်ခို၊ ဂျာဝမ်း၏ဖခင် ရွာသူကြီးဦးရော်ဂျာနှင့် ဂျာဝမ်းကိုယ်တိုင်ပင်ဖြစ်ပါ၏။

"ဟင် . . . အစ်ကိုလူရဲ"

ဂျာဝမ်းက လူရဲကိုလှမ်းတွေ့တော့ အသောအင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာတော့သည်။ ထိုအခါမှ လူရဲက အသာထရပ်လိုက်၏။

"အစ်ကိုလူရဲ ... အစ်ကိုလူရဲ ပြန်လာတယ်နော်"

"ဟုတ်တယ် ဂျာဝမ်း၊ တို့ရဲ့ကတိအတိုင်း ပြန်လာခဲ့တာပါ၊ ဟောဒီမှာ စက်သေနတ်တွေရော၊ ကျည်ဆန်အတွဲတွေရော ပါလာတယ်"

လူရဲက စစ်သေနတ်ကြီးများကို ဦးရော်ဂျာတို့ထံ ကမ်းပေးလိုက်၏။

ဂျာဝမ်းက စော်ဘွားကြီးရမ်ခိုနှင့် တိုင်းရင်းသားစစ်သည်များကို ကူကီးချင်းဘာသာစကားဖြင့် အကျိုးအကြောင်းရှင်းပြလိုက်ရာ စော်ဘွားကြီးရမ်ခိုက စက်သေနတ်ကြီးတစ်လက်ကို ကိုင်မြှောက်လိုက်ရင်း ဝမ်းသာအားရ ကြွေးကြော်လိုက်တော့၏။

"ခေတ်မီလက်နက်ရပြီကွ၊ မျက်နှာဖြူနယ်ချဲ့တွေကို ကောင်းကောင်းပြီး ပြန်ပြီးခုခံနိုင်ပြီ၊ ခုခံနိုင်ပြီ"

ဦးရော်ဂျာအပါအဝင် လူမျိုးစုအကြီးအကဲများ၊ တိုင်းရင်းသားစစ်သည်များသည် စက်သေနတ်ကြီးများနှင့် ကျည်ဆန်အတွဲတို့ကို ကိုင်တွယ်ကြည့်ရှုကြရင်း ဝမ်းသာပီတိဖြစ်နေကြတော့၏။

လူရဲက ရတနာထုပ်ကိုပါ ဂျာဝမ်း၏လက်ထဲအပ်ရင်း-

"ဂျာဝမ်း ... ဒါဟာ ဂျာဝမ်းတို့ဆီက နယ်ချဲ့အစိုးရ





ဘက်တော်သားတစ်ဦး လုယူသွားတဲ့ ရွှေဟောင်းရတနာတွေပါ။ တို့ သူတို့ဆီက သက်စွန့်ကြိုးပမ်းပြန်ယူခဲ့ရတာပါ၊ ဂျာဝမ်းတို့ လက်ထဲ ပြန်အပ်ပါတယ်"

ဟုပြောလိုက်ရာ ဂျာဝမ်း၏မျက်နှာလေးမှာ ဝမ်းသာလွန်းသဖြင့် ဝင်းပသွားပြီး ကတ္တီပါအထုပ်ကို ဖြည်ကြည့်လိုက်သည်၌ နေရောင်အောက်တွင် ပြိုးပြက်လက်လျက်ရှိသော ရွှေဟောင်း ရတနာထည်တို့ကို တွေ့ရတော့၏။

ဂျာဝမ်းက စော်ဘွားကြီးရမ်ခိုအား ရှင်းပြပြီး ရတနာထုပ်ကိုအပ်လိုက်ရာ စော်ဘွားကြီးရော လူမျိုးစုခေါင်းဆောင်များပါ လွန်စွာဝမ်းသာသွားကြတော့သည်။

ပြီးလျှင် သူတို့သည် လူရဲကို ကျေးဇူးတင်စကား ဝမ်းသာအားရ ဝိုင်းပြောကြရာ သူတို့ပြောသမျှကို ဂျာဝမ်းက လူရဲအား ဘာသာပြန်လျက် ပြန်ရှင်းပြလေသည်။

"အစ်ကိုလူရဲကို ဝိုင်းချီးကျူးပြီး ကျေးဇူးတင်နေကြတာလေ"

"တို့ရဲ့ဆောင်ရွက်ချက်ကို အသိအမှတ်ပြုတာ ဝမ်းသာပါတယ် ဂျာဝမ်းရယ်၊ ဒီစက်သေနတ်တွေ ပစ်နည်းလည်း တို့ သင်ပြပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



✻

လူရဲ၏သင်ပြမှုကြောင့် တိုင်းရင်းသားစစ်သည်တို့သည် စက်သေနတ်တို့ကို ကောင်းစွာပစ်ခတ်တတ်သွားကြရာ တောင်ပေါ် ခံတပ်များမှနေ၍ စက်သေနတ်တို့ဖြင့် ဆီးပစ်ပြီး နယ်ချဲ့ထိုးစစ်ကို ဟန့်တားတားနိုင်တော့၏။

တိုင်းရင်းသားစစ်သည်တို့ဘက်မှ ခေတ်မီစက်သေနတ်ကြီးများဖြင့် ခုခံပစ်ခတ်မှုကို မမျှော်လင့်ဘဲကြုံရရာ မျက်နှာဖြူနယ်ချဲ့တပ်တို့မှာ မျက်လုံးမျက်ဆံပြူးသွားကြပြီး အတင့်ရဲစွာ ထိုးစစ်မဆင်ဝံ့ကြတော့ချေ။

ထို့ကြောင့်လည်း တိုင်းရင်းသားမျိုးချစ်တို့သည် စနစ်တကျ ခုခံနိုင်ပြီး အကျအဆုံးနည်းပါးစွာဖြင့် ဆုတ်ခွာလာနိုင်ကြတော့သည်။

ယင်းသို့ဖြင့် နွေကာလကိုကျော်ဖြတ်လာနိုင်ခဲ့ပြီး မိုးကျလာသည်၌ နယ်ချဲ့တပ်တို့သည် လက်လျှော့ကာ ထိုးစစ်အားလုံး ရပ်တန့်လိုက်ရတော့၏။

နာဂတောင်တန်းကြီးပေါ်တွင် သေနတ်သံတို့လည်း စဲသွားတော့သည်။

ခုနစ်စဉ်ကြယ်စာပေ



ယင်းကာလဝယ် ဒုံမားရွာအပါအဝင် တောင်ပေါ်ရွာတို့သည် နယ်ချဲ့အစိုးရ လက်လှမ်းမမီနိုင်မည့် မြောက်ပိုင်းဒေသတောနက်ရာသို့ ရွှေ့ပြောင်းကာ အခြေစိုက်ကြတော့သည်။

လူရဲလည်း ဂျာဝမ်းတို့မိသားစုနှင့်အတူ လိုက်ပါခဲ့ပါတော့၏။

✻

စိမ်းမြလန်းဆန်းလျက်ရှိသည့် နာဂတောင်တန်းကြီး၏ ညနေရီသည် လှပသာယာငြိမ်းချမ်းလျက်ရှိတော့သည်။

မိုးရန့်ကို သယ်ဆောင်လာသည့် လေပြည်လေညင်းက ဂျာဝမ်း၏ဆံနွယ်မျှင်တို့ကို ဆည်းဆာနေခြည်အောက်တွင် လှပစွာ လွင့်မျောစေလျက် ရှိတော့၏။

ကူကီးချင်းအမျိုးသားဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသော လူရဲအား ဂျာဝမ်းက ရွှန်းရွှန်းစားစား ကြည့်ကာ ပြုံးလိုက်လေသည်။

"ဒီလိုကျတော့လည်း အစ်ကိုလူရဲက ချင်းအမျိုးသားလေးနဲ့ သိပ်တူတာပဲ"

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ချင်းမလေးနဲ့ညားရင် ချင်းအမျိုးသားနဲ့ ပိုတူသွားမှာပဲ နော် ဂျာဝမ်း"

လူရဲက ပြုံးစနဲ့နဲ့ဖြင့် စလိုက်လျှင် ဂျာဝမ်းက မျက်လုံးလေးပြူးပြကာ မျက်စောင်းလေးခဲလိုက်လေသည်။

"ဟွန်း ... စကားကြမ်းတွေမပြောနဲ့နော်၊ တောင်ပိုင်နတ်ကြီးက မကြိုက်ဘူး"

"တောင်ပိုင်နတ်ကြီးက မကြိုက်ပေမယ့် တို့က ဟောဒီ ချင်းမလေးကို ကြိုက်တယ်လေ"

"ကြည့်စမ်း ... ပြောလေပိုဆိုးလေပါလား၊ ကဲ ကဲ"

ရှက်သွေးဖြန်းသွားသည့်ကောင်မလေးက လူရဲ၏ ရင်ဘတ်ကို လက်သီးဆုပ်ဖြူဖြူလေးများဖြင့် တဘုံးဘုံးထုတော့ရာ လူရဲက သူမ၏လက်တို့ကို ဖမ်းဆုပ်ကိုင်ပြီး သူမကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်တော့၏။

"အို"

'ဖြောင်း ဖြောင်း ဖြောင်း'

"အစ်ကိုနဲ့အစ်မက သိပ်လိုက်တာပဲ"

လက်ခုပ်လက်ဝါးတီးလျက် အော်ပြောလိုက်သံလေးကြောင့် ဂျာဝမ်းက နောက်သို့ အလန့်တကြား လှည့်ကြည့်လိုက်ရာ သူ့မောင်တူးဂျာကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် မျက်လုံးလေး





များ ဝိုင်းသွားလျက် ရှက်သွေးပိုသွားရတော့၏။

"ဟဲ့ ကောင်လေးနော် ... ဘာစကားပြောတာလဲ"

"ချစ်စကားလေ၊ အစ်ကိုလူရဲက အစ်မကို ချစ်စကား ပြောနေတာလေ၊ သိပ်လိုက်တာပဲ ... ဟဲ ဟဲ ဟဲ"

ကောင်လေးက အော်ဟစ်ရယ်မောကာ တောင်ကြော ထိပ်မှ ဆင်းပြေးသွားတော့၏။

"သူလုပ်တာနဲ့ မောင်လေးတောင် တွေ့သွားပြီ ... ကဲ ကဲ"

ဂျာဝမ်းမှာ ရှက်ရမ်းရမ်းလျက် လူရဲ၏ရင်ဘတ်ကြီးကို ထုနှက်မဆုံးတော့။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြအင်္ဂ

www.burmeseclassic.com